ကြေးမုံ The Mirror

၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ရက်၊ အင်္ဂါနေ့၊ (19-8-2003) (၃၉၆၇)

ဗာဟုသစ္စဥ္စ တော် မင်္ဂလ မုတ္တမံ။

အကြားအမြင် များခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ

ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများ အတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

ယနေ့ထုတ် စောင်ရေ ၂၁၀၇၁၆

ဆည်မြောင်းတာတမံများ တစ်လတစ်ခုနှုန်း ဖွင့်လှစ်နိုင်ရန် ငွေကုန်ကြေးကျခံ အလုံးအရင်းဖြင့် တည်ဆောက်ပေးနေ နိုင်ငံတစ်ဝန်း တည်ဆောက်ပြီးသည့် ဖွံ့ဖြိုးရေးအခြေခံ အဆောက်အအုံအားလုံး တိုင်းတစ်ပါးအကူအညီ မပါဝင် နိုင်ငံတော်အစိုးရ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်လျက် ဖွံ့ဖြိုးမှုရလဒ်ကောင်းများကို အသုံးပြုပြီး တက်ညီလက်ညီကြိုးပမ်းလျှင် မည်သည့်ဟန့်တားပိတ်ဆို့မှုကိုမျှ မှုစရာမလို



ပဲခူးတိုင်း ရေတာရှည်မြို့နယ် မြို့လှနှင့် လေးမိုင်အကွာ၌ တည်ဆောက်ပြီးစီး၍ ဖွင့်လှစ်လိုက်သော ချောင်းမကြီး (မြို့လှ) ရေလှောင်တမံမှ သတ်မှတ်ရေအမြင့်ထက်ကျော်လွန်လျှင် ရေပိုများလွှဲပေးမည့် ရေပိုလွှဲကို တွေ့ရစဉ်။ ဓာတ်ပုံမှတ်တမ်း–အောင်မိုး(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၇ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာကြရာ ပဲခူးတိုင်း တောင်ငူလေဆိပ်သို့ နံနက် ၉နာရီ ၁၅မိနစ်တွင် ရောက်ရှိကြသည်။

ကြိုဆို

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို၊ တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်သူရမြင့်သိန်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သူရမောင်နီနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံသို့ ရောက်ရှိကြသည်။

အမှာစကားပြောကြား

ထို့နောက် ပဲခူးတိုင်း ရေတာရှည်မြို့နယ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူ တည်ဆောက်ပြီးစီးသွားသည့် ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို နံနက် ၁၀နာရီတွင် အဆိုပါ ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✻

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၉-၈-၂၀၀၃ (အင်္ဂါနေ့)

လူငယ်များ အသိအမြင် ကျယ်ပြန့်အောင် စနစ်တကျ လေ့ကျင့်သင်ကြား ပျိုးထောင်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အနာဂတ်ကို အမျိုးသားရေးအကျိုးစီးပွား ဖြစ်ထွန်းလာစေရန် ဦးတည်ကြိုးပမ်းလျက်ရှိသည်။ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းစေရေး၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ပေါ်ထွန်းလာရေး အလေးထားစီမံဆောင်ရွက်လျက်ရှိသည်။

တစ်ချိန်တည်းတွင် နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူများအကြား မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ခိုင်မာစွာဖြစ်ထွန်းနေစေရန် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိနေပေသည်။

ယင်းသို့သော အခြေအနေ၊ အချိန်အခါမျိုးတွင် အမျိုးသားရေးစွမ်းအားစုအားလုံး၏ အရင်းအမြစ်ဖြစ်သော ကျောင်းသူ၊ ကျောင်းသားလူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးနေသည့် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် အရေးပါလှပေသည်။

အခြေခံပညာ ဆရာ၊ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၉) သင်တန်းဖွင့်အခမ်းအနားကို ဩဂုတ်လ ၁၅ ရက်က ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ သင်ကြားရေးဆိုင်ရာများ မှာကြားခဲ့သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌက ဆရာ၊ဆရာမများအား မှာကြားရာတွင် **ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏တပည့်ကျောင်းသူ၊ကျောင်းသားလူငယ်များကို စာပေပညာသက်သက်သင်ကြားပေးရုံဖြင့် မလုံလောက်ဘဲ အသိအမြင်ကျယ်ပြန့်အောင်၊ အတွေးအမြင် ဗဟုသုတကြွယ်ဝအောင်၊ နိုင်ငံတကာအခြေအနေကိုသိမြင်နားလည်ပြီး မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်တတ်အောင် လေ့ကျင့်ပျိုးထောင် သင်ကြားပေးကြရမည်ဖြစ်ကြောင်း** ပြောကြားခဲ့သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရက ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများကို မယိုယွင်းမပျက်စီးစေရအောင် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုစွမ်းအားဖြင့် ရယူတည်ဆောက်လျက်ရှိသည်။

သို့သော်လည်း ပြည်တွင်း၊ပြည်ပ အဖျက်အမှောင့်သမားများက အနောက်နိုင်ငံကြီးအချို့၏ ပံ့ပိုးထောက်ပံ့မှုဖြင့် ပြည်တွင်း၊ပြည်ပချိတ်ဆက်ပြီး နိုင်ငံတော်အစိုးရ၏ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုများကို ဟန့်တားနှောင့်ယှက် ဖျက်လိုဖျက်ဆီးပြုလုပ်လျက်ရှိကြောင်း တွေ့မြင်ရသည်။

အနောက်နိုင်ငံကြီးအချို့ကလည်း ယနေ့နိုင်ငံတကာမြင်ကွင်း၌ကြုံတွေ့နေကြရသည့် ဒုက္ခဆင်းရဲရောက်မှုဖြစ်စဉ်များကို သင်ခန်းစာယူရမည့်အစား မိမိတို့ဩဇာအာဏာလွှမ်းမိုး၍ရသည့် အမျိုးသားသစ္စာဖောက်များ၏ လုပ်ကြံဖန်တီးထားသည့် သတင်းအချက်အလက်များကို လက်ခံကာ မြန်မာနိုင်ငံအပေါ် ဖိအားပေးအကျပ်ကိုင်မှုများ၊ ပိတ်ဆို့ဟန့်တားမှုများကို လုပ်ဆောင်လျက်ရှိကြသည်။

အမှန်စင်စစ် စီးပွားရေးပိတ်ဆို့မှု ဆိုသည်မှာ နိုင်ငံတကာကလက်ခံထားသည့် နိုင်ငံအချင်းချင်း တန်းတူရည်တူမှုကို လျစ်လျူရှုပြီး နိုင်ငံကြီးများကသာ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် တစ်ဖက်သတ် ပြုကျင့်နိုင်သည့် ကြီးနိုင်ငယ်ညှဉ်း လုပ်ရပ်တစ်ခုသာ ဖြစ်သည်။ မိမိခြေထောက်အပေါ် မိမိရပ်တည်ရန် ကြိုးစားအားထုတ်နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံကို နိုင်ငံကြီးတစ်ခုက စီးပွားရေး၊ ကုန်သွယ်ရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ တုံ့နှေး ရပ်ဆိုင်းသွားစေလိုသည့် ဆိုးညစ်သော ရည်ရွယ်ချက်ဖြင့် ပိတ်ဆို့ဟန့်တား လုပ်ဆောင်ခြင်းသည် လူသားချင်း စာနာစိတ် ကင်းမဲ့စွာဖြင့် အနိုင်ကျင့်ခြင်းသာ ဖြစ်ပေသည်။

ထိုသို့သော အချိန်အခါမျိုးတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အနာဂတ်ကို မိမိတို့လိုလားသည့် အမျိုးသားရေးပုံစံဖြင့် ဖြစ်ထွန်းလာစေရန် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားကို အခိုင်အမာ တည်ဆောက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဆရာ၊ ဆရာမများအားလုံးက အမျိုးသားရေးစွမ်းအားစုအားလုံး၏ အရင်းအမြစ်ဖြစ်သည့် ကျောင်းသူ၊ ကျောင်းသားလူငယ်များကို အသိအမြင်ကျယ်ပြန့်၍ အတွေးအမြင် ကြွယ်ဝစေရန် အမျိုးသားရေး မျှော်မှန်းချက်နှင့်အညီ စနစ်တကျ လေ့ကျင့်သင်ကြားပျိုးထောင်ပေးကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၃ ခုနှစ် ကောဒသမအကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မယ်ဒလင်ပြိုင်ပွဲအတွက် ရွေးချယ်ထားသော သီချင်းများ

(ယမန်နေ့မှအဆက်)

၁။ ပညာရှင်အဆင့်
(က) စိန်ကြောင်နီလာ (ပတ်ပျိုး)
(ခ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
(ဂ) မန်းတောင်လကျာ (ယိုးဒယား)
(ဃ) တောဟေဝန်လယ် (ယိုးဒယား)
(င) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(စ) ထောင်ရောင်နေကသာ (သီချင်းခံ)
(ဆ) မန္တလာဘုံ (ဘွဲ့)
(ဇ) ပုံပမာ (ကြိုး)

၂။ ဝါသနာရှင်အဆင့်
(က) ညဉ့်သုံးယံခါ (ပတ်ပျိုး)
(ခ) မင်္ဂလာသီရိ (ဘွဲ့)
(ဂ) မင်းကုသ (ခေတ်ဟောင်းကာလပေါ်) (ဦးဩဘသောင်)

၃။ အဆင့်မြင့်ပညာအဆင့်
(က) တောနဲ့တောင်စွယ် (ယိုးဒယား)
(ခ) ဇေယျာအောင်ချာ (ကြိုး)
(ဂ) တေမိယ (ခေတ်ဟောင်းကာလပေါ်) (မေရှင်)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်
(က) တောင်တောသာယာ (ယိုးဒယား)
(ခ) ဂန္ဓမာတောင် (ဘွဲ့)
(ဂ) ပါရမီတော် (ခေတ်ဟောင်းကာလပေါ်) (မေရှင်)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်
(က) ဆန်းရွှေဦး (ယိုးဒယား)
(ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ဂ) သာသနာ့ဒါယကာ (ခေတ်ဟောင်းကာလပေါ်) (မကြည်အောင်)

၆။ အခြေခံပညာ(၅-၁၀)အဆင့်
(က) ဘုံဆောင်မြင့် (ကြိုး)
(ခ) ဝေဘာဂီရိ (ကြိုး)
(ဂ) လုလင်ငယ်သွေး (ကာလပေါ်) (ကိုမင်းနောင်)

(ဆက်လက်ဖော်ပြပါမည်။)

စာပေဗိမာန်ဘာသာပြန်စာမူဆု ပြိုင်ပွဲဝင်ရန်ဖိတ်ခေါ်

ရန်ကုန် ဩဂုတ် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ၂၀၀၂ ခုနှစ်အတွက် ဘာသာရပ်(၁၂)မျိုးတွင် ပါဝင်ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်၍စာမူများကိုလက်ခံပြီးဖြစ်ရာ၂၀၀၂ခုနှစ်အတွက် ဘာသာပြန်စာပေအကြောင်းရပ်တွင်ပါဝင်ယှဉ်ပြိုင်နိုင်ရန် Nicholas Negroponte ရေးသားထားသော BEING DIGITALစာအုပ်မှ ထုတ်နုတ်ရွေးချယ်ပြဋ္ဌာန်းကာ စာအုပ်ငယ်တစ်အုပ်ထုတ်ဝေလိုက်သည်။စာအုပ်အမည်ကို BEING DIGITAL ဟုပေးထားပြီး စာအုပ်အဖိုးနှုန်း ငွေကျပ် ၁၂၀ဖြင့် ကုန်သည်လမ်း စာပေဗိမာန်အရောင်းဆိုင်နှင့် အနော်ရထာလမ်းနှင့် သိမ်ဖြူလမ်းထောင့် စာပေဗိမာန်အရောင်းဆိုင်ခွဲတို့၌ ရောင်းချလျက်ရှိသည်။

ဘာသာပြန်စာမူပြိုင်ပွဲဝင်လိုသူများသည် ထိုစာအုပ်ကို မြန်မာဘာသာဖြင့် ဆီလျော်ပြေပြစ်စွာပြန်ဆို၍ ပြိုင်ပွဲဝင်စာမူများကို ၂၀၀၃ ခုနှစ် စက်တင်ဘာ ၂၀ရက် (စနေနေ့) နောက်ဆုံးထား၍ စာပေဗိမာန်သို့ ပေးပို့ရမည်ဖြစ်သည်။

ဘာသာပြန်စာမူဆုအတွက် စည်းကမ်းချက်များနှင့် ပြိုင်ပွဲဝင်ပုံစံများကို အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့ရုံး စာတည်းဌာန၌ ငွေကျပ် ၃၀နှုန်းဖြင့် ဝယ်ယူ၍ နယ်မှမှာယူလိုသူများသည် ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များအတွက် တံဆိပ်ခေါင်း ငွေကျပ် ၄၀နှင့် ပြဋ္ဌာန်းစာအုပ်အတွက် တံဆိပ်ခေါင်းငွေကျပ် ၁၂၀ ထည့်သွင်းလျက် အထက်ပါလိပ်စာအတိုင်း မှာကြားနိုင်ပြီး ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ စာမူမိတ္တူ နှစ်စောင်နှင့်အတူ အထက်ပါပိတ်ရက်ထက် နောက်မကျစေဘဲ တင်သွင်းရမည်ဖြစ်သည်။ (သတင်းစဉ်)

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၈

၂၀၀၃-၂၀၀၄ ဘောလုံးရာသီ အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အဆင့်မြင့်တန်း ကွင်းဖွင့်ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၁ရက်မှစ၍အောင်ဆန်း အားကစားပြိုင်ကွင်းတွင် ကျင်းပမည် ဖြစ်သည်။

အုပ်စုလေးစု

ပြိုင်ပွဲကို အုပ်စုလေးစုခွဲ၍ ကျင်းပမည်ဖြစ်ရာ (က) အုပ်စုတွင် တပ်မတော်ကြည်း(က)၊ ကာကွယ်ရေး၊ ပတ္တမြားနဂါး၊ သစ်တောရေးရာ၊ (ခ) အုပ်စုတွင် ဆောက်လုပ်ရေး၊ စွမ်းအင်၊ တံခွန်၊ ပို့ဆောင်ရေး(က)၊ (ဂ)အုပ်စုတွင် ပြည်ထဲရေး၊ လယ်/ဆည်၊ လျှပ်စစ်စွမ်းအား၊ မလိခ၊ (ဃ)အုပ်စုတွင် မြို့တော်စည်ပင်၊ သတ္တုတွင်း၊ ဘဏ္ဍာ/အခွန်၊ စီးပွား/ကူးသန်းတို့ ပါဝင်ကြမည်ဖြစ်သည်။

ပွဲဦးထွက်ပွဲအဖြစ် ဩဂုတ် ၂၁ရက်တွင်(က)အုပ်စုမှတပ်မတော် ကြည်း(က)နှင့် သစ်တောရေးရာတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲကို ညနေ ၃နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲများ

ရန်ကုန် ဩဂုတ် ၁၈

ကရင်ပြည်နယ် ကော့ကရိတ်မြို့ လှိုင်ဝ မိုးကုတ်ဓမ္မရိပ်သာ၌ နာယက ဆရာတော် ဦးသုခအား အမှူးထား၍ ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၂ရက်အထိ လည်းကောင်း၊ မွန်ပြည်နယ် တောင်စွန်းမြို့ မိုးကုတ် ဓမ္မရိပ်သာ အဖွဲ့ခွဲ(၃၀)တွင် နာယက ဆရာတော် ဦးကုသလအားအမှူးထား၍ စက်တင်ဘာ၈ရက်မှ၁၂ရက်အထိ လည်းကောင်း မိုးကုတ်ဝိပဿနာ တရားစခန်းပွဲများကို ကမ္မဋ္ဌာနာစရိယ ရွှေနံ့သာ အရှင်ပညာဝံသနှင့် ဆရာ ဦးသန့်ဇင် (အဖွဲ့ချုပ်)တို့က ဟောကြားမည်ဖြစ်သည်။ (က-ပ)

ချန်ပီယံမြန်မာ အနိုင်ရွှေဂိုးများ တိပ်ခွေနှင့် ဗီစီဒီ ဖြန့်ချိလိုက်ပြီ

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ရန်ပုံငွေအတွက် မြက်ခင်းသစ်သုခမ လွင်ပြင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် အားကစား ဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ် ဂုဏ်ပြုတင်ဆက်သည့် ချန်ပီယံ မြန်မာအနိုင်ရွှေဂိုးများ ဗီဒီယိုတိပ်ခွေနှင့် ဗီစီဒီများကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ချိုကြည်သာ ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး တို့မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။**(အပေါ်ပုံ)**

အဆိုပါ ချန်ပီယံမြန်မာ အနိုင်ရွှေဂိုးများတွင် မကြာမီက ကျင်းပပြီးစီးခဲ့သော ပထမအကြိမ် အာဆီယံ အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်များတစ်လျှောက် မြန်မာလူငယ် ဘောလုံးအသင်းက လှလှပပ ခြေစွမ်းပြ သွင်းယူခဲ့သည့် အနိုင်ဂိုးများအတွက် ထုတ်နုတ်ပြကွက်များ၊ ပွဲစဉ်များတစ်လျှောက် ခြေစွမ်းပြ ကစားခဲ့ကြသည့် အားကစားသမားတစ်ဦးချင်း၏ လက်ရွေးစင်အဆင့်သို့လှမ်းတက်ခဲ့ရပုံအကြောင်း ရှင်းလင်းတင်ပြချက်များနှင့် တကွ မြန်မာတို့၏ အမျိုးသားရေး အားမာန်များကို ကွင်းလုံးပြည့်လျှံ အောင်ပွဲခံဖော်ကြူးခဲ့သည့် သုဝဏ္ဏအားကစားကွင်းအတွင်းမှ ဘောလုံးပွဲဝါသနာရှင် ပရိသတ်များ၏ မိုးသည်းသည်းကြားက ဖွဲ့နပဲကြီးမားစွာ အားပေးခဲ့သော ပုံရိပ်များကို ထည့်သွင်းဖော်ပြထားသည်။

(သတင်းစဉ်)

ဒါတွေကို သိဖို့လိုတယ်

✳ မြှောက်တိုင်းလည်း မမြောက်နဲ့
✳ ခြောက်တိုင်းလည်း မကြောက်နဲ့
✳ ချော့တိုင်းလည်း မပျော့နဲ့

လျှပ်စစ်မီး ပြတ်တောက်သည့်ညက နယူးယောက်မြို့တော်၏ ရှုခင်းကို ဤသို့ တွေ့ရသည်။ (အဆောက်အအုံများ၏ ပြတင်းပေါက်များမှ အလင်းရောင် အနည်းငယ်ကိုသာ မြင်တွေ့ရပြီး ယာဉ်များမှာလည်း မှောင်ပိတ်နေသည့် လမ်းများပေါ်တွင် ကားမီးကို အားကိုး၍ မောင်းနှင်သွားလာရသည်။) (ဓာတ်ပုံ-အင်တာနက်)

နယူးယောက် ရှုခင်း

မြောက်အမေရိကတွင် အကြီးမားဆုံး မီးပြတ်တောက်မှု အမေရိကန်နှင့် ကနေဒါ ရေနံချက်စက်ရုံ ခုနစ်ရုံ ပိတ်ထားရ

နယူးယောက် ဩဂုတ် ၁၇

မြောက်အမေရိကဒေသသမိုင်းတွင် အကြီးကျယ်ဆုံးဖြစ်ခဲ့ရသည့် မီးပြတ်တောက်မှုကြောင့် အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့ရှိ ရေနံချက်စက်ရုံ ခုနစ်ရုံကို ကြာသပတေးနေ့ညတွင် ပိတ်ထားလိုက်ရပြီး အနည်းငယ်သာ ကျန်တော့သည့် လောင်စာစုဆောင်းထားမှုအား ပြတ်လပ်မည့် အန္တရာယ်အဖြစ် ခြိမ်းခြောက်လျက်ရှိသည်။

အမေရိကန်ပြည်ထောင်စုရှိ နေ့စဉ် လောင်စာ ထုတ်လုပ်မှုပမာဏ စွမ်းအင်၏ ပီပါ ၇၅၀၀၀၀ ကျော် ဆုံးရှုံးနေချိန် ဝယ် ကမ္ဘာတွင် အများဆုံး လောင်စာ အသုံးပြုသည့် အမေရိကန်ပြည်ထောင်စုသည် ရှစ်လနီးပါးအတွင်း အနည်းဆုံးသော ဓာတ်ဆီဖြည့်တင်းမှုပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေသည်။

စက်ရုံလည်ပတ်ပေး

လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိပြီးသည့်နောက် ကနေဒါနိုင်ငံရှိ ရေနံချက်စက်ရုံများအနက် စက်ရုံတစ်ခုဖြစ်သည့် အွန်တာရီယိုဒေသမှ ရေနံချက်စက်ရုံအား ကျားကန်ထားသည့် အနေဖြင့် စက်ရုံလည်ပတ်ပေးထားရသည်။

အမေရိကန်ပြည်ထောင်စု ဒေသအနှံ့အပြားရှိ ဓာတ်ဆီဆိုင်များသည် မီးပျက်မှုဒဏ် အကြီးအကျယ် ထိခိုက်ခံခဲ့ရ၍ သောကြာနေ့ နံနက်ပိုင်းတွင် ဖွင့်နိုင်ခြင်း မရှိသောကြောင့် ဓာတ်ဆီမထည့်ခဲ့နိုင်သည့် မော်တော်ယာဉ်များ သန်းချီရှိခဲ့ကြောင်း အမေရိကန် မော်တော်ယာဉ်အဖွဲ့က ပြောကြားသည်။

လိုအပ်ချက်ဆုံးရှုံး

ဓာတ်ဆီစုပ်စက်များမှာ လျှပ်စစ်အားကို အခြေခံ လည်ပတ်ရသောကြောင့် မီးမလာ၍ ပြည်သူများ အနေဖြင့် ဓာတ်ဆီကန်ကို ဓာတ်ဆီမဖြည့်ဆည်းနိုင်ခဲ့ကြောင်း၊ ကောင်းသော အချက်တစ်ချက်မှာ တစ်နေ့တာ ဓာတ်ဆီထုတ်ယူမှု ထိခိုက်ဆုံးရှုံးခဲ့လင့်ကစား တစ်နေ့တာလိုအပ်ချက် ဆုံးရှုံးခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြပါ အသင်းမှ ပြောရေးဆိုခွင့်ရှိသူ ဂျော့ဖ်ဆန်းစတောင်းက ပြောကြားသည်။

ပိတ်ထား

အမေရိကန် ပြည်ထောင်စုတွင် မာရသွန်ရေနံကုမ္ပဏီက ဒက်ထရွိုက်နှင့် မစ်ချီဂန်ရှိ ရေနံချက်စက်ရုံကိုလည်းကောင်း၊ ဘီပီကုမ္ပဏီက တိုလီဒိုနှင့် အိုဟိုင်းယိုးရှိ ရေနံချက်စက်ရုံကိုလည်းကောင်း၊ ဆန်နိုကိုကုမ္ပဏီက တိုလီဒိုရှိ ရေနံချက် စက်ရုံများကိုလည်းကောင်း ပိတ်ထားသည်။

ကနေဒါနိုင်ငံတွင် ရှဲလ်ကုမ္ပဏီ၏ အွန်တိုရီယိုရေနံချက်စက်ရုံကို ပြန်လည် လည်ပတ်နေပြီး အင်ပီရီယယ်ကုမ္ပဏီက အွန်တိုရီယိုရှိ ရေနံချက်စက်ရုံ နှစ်ရုံအား ပြန်လည် လည်ပတ်ရန် စိုင်းပြင်းနေသည်။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ငံခြား သတင်းများ

အမေရိကန်၌ ဓာတ်အားပြတ်တောက်၍ ဒေါ်လာသန်းများစွာဆုံးရှုံး

နယူးယောက် ဩဂုတ် ၁၈

အမေရိကန်နိုင်ငံ မြို့ကြီးများတွင် ကြာသပတေးနေ့က လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပွားခဲ့ရာ နယူးယောက်မြို့ တစ်မြို့တည်းမှာပင် ဝင်ငွေဒေါ်လာ သန်း ၅၀၀ မှ ၇၅၀ အထိ ဆုံးရှုံးခဲ့ကြောင်း ကြိုတင်ခန့်မှန်းချက်များအရ သိရသည်။ အမြတ်ငွေဒေါ်လာ ၃၅သန်းမှ သန်း၄၀ အထိ ဆုံးရှုံးခဲ့ပြီး အရေးပေါ်အဖွဲ့များနှင့် အခြားလုပ်သားများအတွက် အချိန်ပို ကုန်ကျစရိတ် ဒေါ်လာ ၆ ဒသမ ၅ သန်း သုံးစွဲခဲ့ရကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။ *စီအင်န်အင်န်။*

နယူးယောက်မြို့၌ မီးပြတ်စဉ် မီးအကြိမ် ၆၀ လောင်ကျွမ်း အရေးပေါ်ဌာနသို့ ဖုန်းအကြိမ်ပေါင်း ၈၀၀၀၀ ဆက်သွယ်

နယူးယောက် ဩဂုတ် ၁၇

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် အကြီးအကျယ် မီးပြတ်တောက်မှုဖြစ်ပွားစဉ် ဆိုးရွားသည့် မီးလောင်မှု အကြိမ် ၆၀ လောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်မှုများအနက် တစ်ခုတွင် အသက်(၄၀)နှစ်အရွယ် ဒေသခံတစ်ဦးမှာ နှလုံးရောဂါဖြင့် သေဆုံးခဲ့ရပြီး မီးသတ်သမားတစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း နယူးယောက်မြို့တော်ဝန် မိုက်ကယ်ဘလွန်းဘတ်ချ်က သောကြာနေ့နံနက်တွင် ပြောကြားသည်။

စံချိန်တင်ခဲ့

ကြာသပတေးနေ့ညက မီးပြတ်တောက်မှုကြောင့် ဓာတ်လှေကားများတွင် ပိတ်မိနေသော လူများကို အကူအညီပေးရန် နယူးယောက်မြို့ အရေးပေါ်ဌာနသို့ တယ်လီဖုန်းအကြိမ် ၈၀၀ ခေါ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ တယ်လီဖုန်းနံပါတ် ၉၁၁ သို့ အကူအညီတောင်းခံရန် တယ်လီဖုန်း အကြိမ်ပေါင်း ၈၀၀၀၀ အထိ ရှိခဲ့ကြောင်းနှင့် ဆေးဝါးကုသမှုခံယူရေးအတွက် အရေးပေါ်ဌာနသို့ တယ်လီဖုန်းဆက်သည့် အကြိမ်ပေါင်းသည်လည်း ၅၀၀၀ အထိ စံချိန်တင်ခဲ့ကြောင်း နယူးယောက်မြို့တော်ဝန်က ပြောကြားသည်။

သောကြာနေ့သည် နယူးယောက်မြို့အား စိန်ခေါ်သည့် နေ့တစ်နေ့အဖြစ် ဘလွန်းဘတ်ချ်က ပြောကြားသည်။ အရေးပါသည့် အစိုးရဌာနများမှ အလုပ်သမားများ ပုံမှန်အတိုင်း အလုပ်ပြန်ဆင်းရန်နှင့် မဆောင်ရွက်၍မဖြစ်သည့်လုပ်ငန်း မဟုတ်သော ဌာနများမှ အလုပ်သမားများအား နေအိမ်တွင် နေထိုင်ကြရန် ၎င်းက သောကြာနေ့တွင် တိုက်တွန်းခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြုံးပြုံးရွှင်ရွှင်

ဩဂုတ် ၁၇ ရက်က တရုတ်ပြည် အရှေ့မြောက်ပိုင်း ဂျီလင်ပြည်နယ် မြို့တော်ချန်ချူး၌ ကျင်းပသည့် နိုင်ငံတကာ စိုက်ပျိုးရေးနှင့် အစားအစာပြပွဲတွင် ဖရုံသီးကြီးနှင့် ဖရဲသီးကြီးကြား၌ ပြုံးပြုံးရွှင်ရွှင် တွေ့ရသည့် တရုတ် ကလေးငယ်တစ်ဦးအား တွေ့ရစဉ်။ *(ဓာတ်ပုံ-ဆင်ဟွာ)*

ဒေါက်တာကယ်လီ သေဆုံးမှု အပြစ်ရှိလျှင်ခံမည်ဟု ဗြိတိန် ကာကွယ်ရေးဝန်ကြီးဂျက်ဟွန်း ပြောကြား

လန်ဒန် ဩဂုတ် ၁၇

အီရတ်ကို ကျူးကျော်တိုက်ခိုက်ရန် အီရတ်၏ လက်နက်အစီအစဉ်ကို ဗြိတိန်အစိုးရက ပုံကြီးချဲ့သည် ဆိုသည့်အမှုတွင် သတင်းပေါက်ကြားရာ၌ အဓိကနေရာက ပါဝင်သည့် ဗြိတိန်အစိုးရ၏ သိပ္ပံပညာရှင်ဒေါက်တာကယ်လီ သေဆုံးရခြင်းအတွက် ၎င်းက တာဝန်ယူရမည်ဖြစ်သည်ကို လက်ခံကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂျက်ဟွန်းက လုပ်ဖော်ကိုင်ဖက်များအား ပြောကြားလိုက်သည်ဟု သိရသည်။

မျှော်လင့်

ဆန်းဒေးတယ်လီဂရပ်ဖ်သတင်းစာ၏ ဖော်ပြချက်အရ ဝန်ကြီးချုပ်တိုနီဘလဲ၏ ကြီးမားသော နိုင်ငံရေးအကျပ်အတည်းကို အစပျိုးပေးလိုက်သည့် ဤအမှုကိစ္စတွင် ကိုယ့်အတတ်နှင့် ကိုယ်ပြန်စူးမည်ဟု သူမျှော်လင့်ကြောင်း ကာကွယ်ရေးဝန်ကြီး ဂျက်ဟွန်းက သူ၏လုပ်ဖော်ကိုင်ဖက်များထံ တယ်လီဖုန်းဆက်သွယ် ပြောဆိုသည်ဟု သိရသည်။

ပါလီမန် ကော်မတီရှေ့မှောက်တွင် ဒေါက်တာကယ်လီအား လူသိရှင်ကြား စစ်ဆေးခြင်းမပြုရန် သူ၏ ဝါအရင့်ဆုံး အစိုးရဝန်ထမ်း၏ မေတ္တာရပ်ခံချက်ကို ကာကွယ်ရေးဝန်ကြီးဂျက်ဟွန်းက ပယ်ချလိုက်ကြောင်း လွန်ခဲ့သည့် ရက်သတ္တပတ်က ဒေါက်တာကယ်လီ သေဆုံးမှုကို စစ်ဆေးသည့် တရားရေးအဖွဲ့က ကြားနာလိုက်ရသည် ဆို၏။

ဤကိစ္စအပြစ်ရှိလျှင် ထိုအပြစ်ကို သူခံယူမည်ဖြစ်ကြောင်း ဂျက်ဟွန်းက သူတို့ကို ပြောကြားထားသည်ဟု ဂျက်ဟွန်း၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးက သတင်းစာကို ပြောကြားလိုက်သည်။

အသင့်ပြင်ဆင်ထား

ဗြိတိန်ဝန်ကြီးချုပ်၏ ပြန်ကြားရေးအရာရှိ ကမ်ဘဲ၊ ဝန်ကြီးချုပ်ရုံး ဝန်ထမ်းအကြီးအကဲ ဂျိုနသန်ပါဝဲ အပါအဝင် ဗြိတိန်ဝန်ကြီးချုပ်ရုံးမှ ထိပ်တန်းတာဝန်ရှိသူ အချို့သည် ယခုရက်သတ္တပတ်တွင် လန်ဒန်မြို့ရှိ တရားရေးအဖွဲ့က စုံစမ်းစစ်ဆေးသောအခါ သက်သေခံ အထောက်အထားများ ပေးရန် အသင့်ပြင်ဆင်ထားကြသည်။

ထိုတရားရေးအဖွဲ့က စစ်ဆေးရန် ဝန်ကြီးချုပ် တိုနီဘလဲအား ကာကွယ်ရေးဝန်ကြီးဂျက်ဟွန်းနှင့် အတူ ရုံးသို့ ဆင့်ခေါ်ရန်ရှိသည်ဆို၏။

အီရတ်အစိုးရ၏ လက်နက်အစီအစဉ် သတင်းအချက်အလက်များကို ဗြိတိန်အစိုးရက ကလိမ်ကျ ပြင်ဆင်ထားသည်ဆိုသော အမှုကို ကော်မတီများက စုံစမ်းစစ်ဆေးလျက်ရှိသည်။ ***အင်တာနက်။***

အီရတ်ဘောလုံးအသင်း မော်ရိုကိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်

အက်ဘဟာ (ဆော်ဒီအာရေဗျ) ဩဂုတ် ၁၇

အီရတ် အိုလံပစ်ဘောလုံးအသင်းက ဆော်ဒီအာရေဗျနိုင်ငံ၌ သောကြာနေ့က ချစ်ကြည်ရေးပွဲကစားရာတွင် မော်ရိုကိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အီရတ်၏ အနိုင်ဂိုးကို ပွဲမပြီးဆုံးမီ ခုနစ်မိနစ်အလိုတွင် အီရတ်အသင်းမှ ယူနက်မာမွတ်က သွင်းလိုက်ခြင်းဖြစ်သည်။

အီရတ်ဘောလုံးအသင်းက ယင်းသို့ အနိုင်ကစားနိုင်ခြင်းမှာ ဆက်ဒမ်ဟူစိန်ရာထူးမှ ဖယ်ရှားခံရပြီးနောက်ပိုင်းတွင် အီရတ်နိုင်ငံအနေဖြင့် အားကစားတွင် ပထမဆုံး အနိုင်ရခြင်းဖြစ်သည်။

ဘဂ္ဂဒက်မြို့တော်၌ အီရတ်ဘောလုံးအသင်း အနိုင်ရသည့် အထိမ်းအမှတ်အဖြစ် လမ်းမကြီးများပေါ်သို့ ဘောလုံးဝါသနာအိုးများ ရောက်ရှိစုရုံးကာ သေနတ်များ မိုးပေါ်ထောင်ပစ်လျက် အောင်ပွဲကျင်းပကြသည်။ ***အင်တာနက်။***



အဖျက်လုပ်ရပ်များကြောင့် အီရတ်ရေနံတင်ပို့မှု ထိခိုက်ရ ပေါက်ကွဲမှုပေါ်ပေါက်ပြီး ရေနံလုပ်ငန်းများ ရပ်ဆိုင်းသွား

ကယ်ကွတ် ဩဂုတ် ၁၆

အီရတ်ရေနံမြေမှ တူရကီနိုင်ငံ စီဟန်ဆိပ်ကမ်းမြို့သို့ ရေနံပေးပို့ပြီး ပြည်ပသို့ရောင်းချနိုင်သော ပိုက်လိုင်းသည် အဖျက်လုပ်ရပ်များကြောင့် ပြန်လည်လုပ်ငန်းရပ်ဆိုင်းသွားရပြီဖြစ်ကြောင်း အီရတ်ထိပ်တန်း ရေနံလုပ်ငန်းအရာရှိက ပြောကြားသည်။ စီဟန် ရေနံဆိပ်ကမ်းသည် မြေထဲပင်လယ်ပေါ်တွင်တည်ရှိသည်။ အထက်ပါသတင်းများကို အီရတ်၏ ရေနံဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသူ သာမာဂါဘန်က ပြောကြားခြင်းဖြစ်သည်။

ရပ်ဆိုင်းသွား

ဂါဘန်က သောကြာနေ့တွင် အဖျက်လုပ်ငန်းများကြောင့် ပေါက်ကွဲမှုဖြစ်ပေါ်ပြီးနောက်ပိုင်း ရေနံလုပ်ငန်းများ ရပ်ဆိုင်းသွားသည်ဟု ဆိုသည်။

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်ရေနံမြေမှ ရေနံများကို ပြည်ပသို့တင်ပို့ရောင်းချရန် စီဟန်ဆိပ်ကမ်းမြို့သို့ ပို့လွှတ်ပေးသောလုပ်ငန်းကို ပြီးခဲ့သည့်နှစ်ရက်က ပြန်လည်စတင်နိုင်ခဲ့သည်။ သို့ရာတွင် သောကြာနေ့က ပေါက်ကွဲမှုကြောင့် ရေနံတင်ပို့မှု ရပ်ဆိုင်းသွားခဲ့ရသည်။ ယခုအခါ လောင်နေသောမီးကို ထိန်းချုပ်နိုင်ပြီဖြစ်ပြီး မကြာမီငြိမ်းသတ်နိုင်မည့် အခြေအနေရှိသည်။ ထိုရေနံပိုက်လိုင်းကို ပြင်ဆင်ရန် အနည်းဆုံး သီတင်းတစ်ပတ် အချိန်ယူရန်လိုအပ်သည်ဟု ဂါဘန်က ပြောကြားသည်။

အချက်အချာ

ရေနံပိုက်လိုင်း ပေါက်ကွဲမှုမှာ သောကြာနေ့ နံနက် ၃ နာရီက ဖြစ်ပွားခြင်းဖြစ်သည်။ ပေါက်ကွဲသွားသောနေရာသည် ရေနံတွင်းပို့သော စခန်း ဘာဂျီ၏ မြောက်ဘက် ၁၃ မိုင်ခန့်ကွာဝေးသောနေရာဖြစ်သည်။ ဘာဂျီစခန်းသည် ဘဂ္ဂဒက်မြို့၏ မြောက်ဘက် ၁၂၅ မိုင်အကွာ အရေးပါသော ရေနံပိုက်လိုင်းများ စုဆုံရာ အချက်အချာနေရာတွင် တည်ရှိသည်။

ဆွန်နီတြိဂံဒေသ

ထို့ပြင် ပေါက်ကွဲရာနေရာသည် အမေရိကန်များအား မကြာခဏ တိုက်ခိုက်သော ဆွန်နီတြိဂံဒေသ အတွင်း၌ ကျရောက်သည်။

ကြိုးစားနေ

စနေနေ့အထိ မီးသတ်သမားများသည် ရေနံပိုက်လိုင်းမီးကို ငြိမ်းသတ်ရန် ကြိုးစားနေကြဆဲဖြစ်သည်ဟု အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဘီလ်မက်ဒေါ်နယ်က ပြောကြားသည်။

အီရတ်တွင် အမေရိကန်တပ်များက ဆက်ဒမ်ဟူစိန်ကို ဧပြီလအတွင်း ဖြုတ်ချခဲ့ပြီးချိန်မှစ၍ ရေနံလုပ်ငန်းများတွင် အဖျက်လုပ်ငန်းများနှင့် လုယက်မှုများထူပြောလျက်ရှိသည်။ ယခုအခါ ပိုက်လိုင်းများမှာ အခြေအနေမကောင်းလှသည့်နည်းတူ ရေနံတွင်းများမှာလည်း တွင်းပေါင်း ၇၀၀ ရှိသည့်အနက် တွင်း ၁၅၀ မျှသာ ထုတ်ယူနိုင်သည့် အခြေအနေရှိသည်။

တစ်ရက်ပီပါတစ်သန်း

စီဟန်ရေနံပိုက်လိုင်းသည် တစ်ရက်လျှင် ရေနံပီပါတစ်သန်းပေးပို့နိုင်သော စွမ်းအားရှိသည်။

သို့ရာတွင် ကနဦးအစတွင် ထိုပိုက်လိုင်းမှာ တစ်ရက်လျှင် ရေနံပီပါ ၂၀၀၀၀၀ မှ ၃၀၀၀၀၀ ခန့်သာ ပေးပို့နိုင်ဖွယ်ရာရှိသည်ဟု အမေရိကန် စစ်ဘက်အရာရှိများက ဆိုသည်။

အီရတ်အရာရှိများက အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့မှ ပြည်ပသို့ နေ့စဉ် ရေနံပီပါ ၇၀၀၀၀၀ တင်ပို့လျက်ရှိကြောင်း ပြောကြားသည်။

သို့ရာတွင် ရေနံလုပ်ငန်းများမှာ ပုံမှန်အခြေအနေသို့ မရောက်သေးဘဲရှိသည်။

မကြာခဏ ဖျက်ဆီးခံရမှုကြောင့် ရပ်ဆိုင်းပြတ်တောက်ခဲ့သည်။ ထိုသို့ဖြစ်ရခြင်းမှာ ဆက်ဒမ်အား သစ္စာခံသူများနှင့် အမေရိကန်ဆန့်ကျင်ရေး အစ္စလာမ်ဝါဒီများ၏ လက်ချက်ကြောင့်ဖြစ်သည်ဟု ဆိုသည်။

အင်တာနက်။

ရေနံပိုက်လိုင်းပျက်စီး

ဩဂုတ် ၁၆ ရက်က အီရတ်နိုင်ငံ မြောက်ပိုင်း ဘိုင်ဂျီမြို့အနီးတွင် ထိခိုက်ပျက်စီးနေသည့် ရေနံပိုက်လိုင်းမှရေနံများ ယိုစီးနေသည်ကို တွေ့ရစဉ်။

(ရေနံပိုက်လိုင်း မီးလောင်မှုကြောင့် အီရတ်နိုင်ငံ မြောက်ပိုင်းမှနေ၍ တူရကီနိုင်ငံသို့ ရေနံတင်ပို့မှုကို ရပ်ဆိုင်းသွားစေသည်။)

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာသတင်းများ

အီရတ်အား ကျူးကျော်သိမ်းပိုက်ထားမှု အမြန်ဆုံးအဆုံးသတ်ရေး ကိုဖီအာနန် ဆော်ဩ

ဟယ်ဆင်ကီ ဩဂုတ် ၁၈

ဖင်လန်နိုင်ငံမြို့တော် ဟယ်ဆင်ကီတွင် ရောက်ရှိနေသည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အီရတ်နိုင်ငံအား ကျူးကျော်သိမ်းပိုက်မှု အမြန်ဆုံး အဆုံးသတ်သွားနိုင်ရေး ဆော်ဩလိုက်ပြီး နိုင်ငံ၏ အနာဂတ်နှင့်ပတ်သက်သည့် အစီအစဉ်တစ်ရပ်ရှိသင့်ကြောင်းလည်း ပြောကြားလိုက်သည်။

ဆွေးနွေးနေဆဲ

အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ ပိုမိုကျယ်ပြန့်လာစေသင့်ကြောင်း၊ အီရတ်နိုင်ငံ တည်ငြိမ်ရေးအတွက် နိုင်ငံပေါင်းစုံပါဝင်သော တပ်ဖွဲ့ထားရှိရေးကိစ္စအား ဆွေးနွေးနေဆဲအဆင့်မှာပင်ရှိနေသင့်ကြောင်းလည်း ကိုဖီအာနန်က ပြောကြားသည်။

အချိန်ဇယားတစ်ရပ်

အီရတ်နိုင်ငံအား အမေရိကန်တို့က ကျူးကျော်သိမ်းပိုက်မှုအား အစောဆုံး အဆုံးသတ်နိုင်ရေးအတွက် အချိန် သတ်မှတ်ထားသင့်ကြောင်းနှင့် နိုင်ငံတကာအဆင့် အသိအမှတ်ပြု အီရတ်အစိုးရတစ်ရပ် ဖွဲ့စည်းရေးနှင့်ပတ်သက်ပြီး အချိန်ဇယားတစ်ရပ် ရေးဆွဲထားသင့်ကြောင်းဖြင့် ကိုဖီအာနန်က ပြောကြားသွားသည်။

အီရတ်အရေး

၎င်းသည် ဖင်လန်တွင်ရှိနေစဉ်အတွင်း ဖင်လန်သမ္မတနှင့်တွေ့ဆုံကာ အီရတ်အရေး ဆွေးနွေးမည်ဖြစ်ကြောင်း စီစီတီဗွီသတင်းဌာနက ဖော်ပြသွားသည်။

စီစီတီဗွီ။

စွမ်းအင်ချွေတာရန် ကနေဒါ၌ နှိုးဆော်

တိုရွန်တို ဩဂုတ် ၁၈

ကနေဒါနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိနေပြီဖြစ်သော်လည်း တနင်္လာနေ့တွင် ကြုံတွေ့လာနိုင်မည့် အခြေအနေအတွက် စွမ်းအင်ချွေတာကြရန် တာဝန်ရှိသူများက နှိုးဆော်ထားသည်။

၉၅ ရာခိုင်နှုန်း

လျှပ်စစ်ဓာတ်အား ဖြန့်ဝေမှု၏ ၉၅ ရာခိုင်နှုန်းကို ပြန်လည်ဖြန့်ဝေနေပြီဖြစ်သော်လည်း တနင်္လာနေ့တွင် စက်မှုလုပ်ငန်းများ ပြန်လည်စတင်သည့်အခါ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု ရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသွားသည်။ ***စီအင်န်အင်န်။***

တရုတ်နိုင်ငံတွင် မျက်မမြင်သုံး ကွန်ပျူတာစနစ် တီထွင်

ဘေဂျင်း ဩဂုတ် ၁၈

တရုတ်နိုင်ငံတွင် မျက်မမြင်များအနေဖြင့် မျက်စိနှစ်ကွင်း အလင်းရသူများကဲ့သို့ အသုံးပြုနိုင်မည့် ကွန်ပျူတာစနစ်တစ်မျိုးကို တရုတ်သိပ္ပံအကယ်ဒမီက တီထွင်လိုက်နိုင်ပြီဖြစ်သည်။

အဆိုပါ ကွန်ပျူတာစနစ်တွင် မျက်မမြင်များ အသံဖြင့်နားထောင်ကာ အင်တာနက် ဝင်ရောက် အသုံးပြုနိုင်မည့် reader ပါရှိသကဲ့သို့ မျက်မမြင်များအသုံးပြုသည့် ဖောင်းကြွစာလုံး Braille လည်း ပါရှိသည်။

အဆိုပါကွန်ပျူတာစနစ်ကို တရုတ်နိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်များ၊ စာကြည့်တိုက်များ၊ ကွန်ပျူတာခန်းများတွင် တပ်ဆင်ထားပြီး အလွယ်တကူ အသုံးပြုနိုင်ပြီဖြစ်ကြောင်း စီစီတီဗွီသတင်းဌာနက ဖော်ပြသွားသည်။

စီစီတီဗွီ။



ရေပိုက်လိုင်းပေါက်

ဩဂုတ် ၁၇ ရက်က ဘဂ္ဂဒက်မြို့တွင် ပေါက်နေသည့် ရေပိုက်လိုင်း၏ အောက်တွင် ဘဂ္ဂဒက်မြို့သားများ စုရုံးရောက်ရှိနေစဉ်။

(အဖျက်သမားတို့၏ လုပ်ရပ်ကြောင့် ရေပိုက်ပေါက်ခဲ့ရာ အနီးတစ်ဝိုက်ရှိဒေသများကို ရေဖုံးလွှမ်းခဲ့ရသည်။)

(ဓာတ်ပုံ–ဆင်ဟွာ)

တရုတ်ပြည်၌ ဆားစ်ရောဂါ လုံးဝပပျောက်

ဘေဂျင်း ဩဂုတ် ၁၈

တရုတ်ပြည်မကြီးအတွက် ဆားစ်ရောဂါနှင့် ပတ်သက်သော နေ့စဉ်အစီရင်ခံစာတစ်ရပ်ကို တရုတ် ကျန်းမာရေးဝန်ကြီးဌာနက နောက်ဆုံးအနေဖြင့် ထုတ်ပြန်ပေးလိုက်သည်။

တရုတ်ပြည်မကြီးတွင် ဆားစ်ရောဂါ ဖြစ်ပွားမှုသတင်း မရရှိတော့သည်မှာ ရက်ပေါင်း ၅၂ ရက်တိုင်တိုင် ဆက်တိုက်ရှိသွားပြီဖြစ်ပြီး ဆားစ်ရောဂါဖြစ်ပွားမှုလည်း လုံးဝမရှိတော့သည့်အတွက် အဆိုပါ နေ့စဉ် အစီရင်ခံစာထုတ်ပြန်မှုကို သက်ဆိုင်ရာက ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်ဟု စီစီတီဗွီသတင်းဌာနက ဖော်ပြသွားသည်။ ***စီစီတီဗွီ။***

ပြည်နယ် အုပ်ချုပ်ရေးမှူး အာနိုး ဖြစ်လာခဲ့လျှင် မင်းသားဘဝ စွန့်ခွာမည်

ဘူဒါပက် ဩဂုတ် ၁၇

ရုပ်ရှင်မင်းသား အာနိုးရှဝါဇင်နနက်ဂါက ကာလီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးဖြစ်လာပါက တာမင်နေတာ အပိုင်း(၄)ဓာတ်ကားတွင် ပါဝင်သရုပ်ဆောင်ဆဲမင်းသားအဖြစ်မှ ကျောခိုင်းစွန့်ခွာတော့မည်ဖြစ်ကြောင်း၊ သို့ရာတွင် တာမင်နေတာ အပိုင်း(၃) ဓာတ်ကားထုတ်လုပ်သူက အာနိုးမပါဝင်ဘဲနှင့် အခြားလူကြိုက်များသည့် ဓာတ်ကားမျိုး ဆက်လက်ရိုက်ကူးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အာနိုးသည် ကာလီဖိုးနီးယားပြည်နယ်တွင်ကျင်းပမည့် အုပ်ချုပ်ရေးမှူးရွေးချယ်ပွဲတွင် အရွေးခံနိုင်သည့် အခွင့်အလမ်းများရှိနေကြောင်း လူထုထံမှကောက်ယူသော စစ်တမ်းအရသိရှိရသည်။ တာမင်နေတာ ဓာတ်လမ်းတွဲများ ဆက်လက်ရိုက်ကူး၊ မကူးနှင့်ပတ်သက်၍ ဆုံးဖြတ်ချက် မချမှတ်ရသေးကြောင်း ယင်းဓာတ်ကားထုတ်လုပ်သူ ဗက်ဂျ်နာက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။



အီရတ်လက်နက်ကိစ္စ ဝန်ကြီးချုပ်တိုနီဘလဲ၏ စွပ်စွဲချက် တစ်ဆင့်စကား တစ်ဆင့်နားကြားသည့် သတင်းအပေါ်အခြေခံ

လန်ဒန် ဩဂုတ် ၁၇

အီရတ်နိုင်ငံသည် လူအစုအပြုံလိုက် သေစေနိုင်သည့် အဖျက်လက်နက်များကို ၄၅မိနစ်အတွင်း ဖြန့်ကြက်ထားနိုင်သည်ဟု ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲ၏ စွပ်စွဲချက်သည် တစ်ဆင့်စကားတစ်ဆင့်နား ပြောကြားသည့်သတင်းကို အခြေခံကာ စွပ်စွဲပြောကြားလိုက်ခြင်းဖြစ်ကြောင်း ဂါဒီယန်သတင်းစာက စနေနေ့တွင် ရေးသားဖော်ပြသည်။

တစ်ဆင့်ကြား

ဖော်ပြပါစွပ်စွဲချက်သည် တစ်ဆင့်ကြားသတင်းဖြစ်ပြီး လက်နက်ကျွမ်းကျင်သူ ဒေးဗစ်ကယ်လီ သေဆုံးမှုအပေါ် တရားရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုအဖွဲ့က ထုတ်ပြန်ထားသည့် နိုင်ငံခြားရေးရုံးဌာနတွင်း မှတ်တမ်းတွင် ပါဝင်နေကြောင်း ဖော်ပြပါသတင်းစာက ဆက်လက်ရေးသားသည်။

ဆင်းသက်လာ

ဖော်ပြပါ စွပ်စွဲချက်၏ အခြေခံအကြောင်းတရားသည် ဆက်ဒမ်ဟူစိန်၏ တပ်မှူးအသိုက်အဝန်းမှ အဆင့်မြင့် အရာရှိတစ်ဦးထံမှ ဆင်းသက်လာခြင်းဖြစ်ကြောင်း အများက ရှုမြင်ထားကြသည်။ သို့ရာတွင် ဧကန်အားဖြင့် သတင်းပေး တစ်ဦးက ၎င်းသတင်း အချက်အလက်များကို စစ်ထောက်လှမ်းရေး ဌာနကို ပေးခဲ့ခြင်းသာဖြစ်ကြောင်း ဂါဒီယန်သတင်းစာက ဖော်ပြထားသည်။

မရေမရာ

ဗြိတိသျှအစိုးရ စွပ်စွဲချက်၏ အခြေခံအကြောင်းတရားများသည် မရေမရာ၊ ခြေခြေမြစ်မြစ် မရှိလှကြောင်း၊ ဗြိတိန်နိုင်ငံခြားရေးရုံး၏ မှတ်တမ်းအရဆိုပါက အမည်မဖော်လိုသည့် မခိုင်မာသော သတင်းရပ်ကွက်က အခြားသော အမည်မဖော်လိုသည့် မခိုင်မာသော သတင်းရပ်ကွက်ကို ကိုးကားဖော်ပြထားခြင်းသာဖြစ်ကြောင်း ဖော်ပြပါသတင်းစာတွင်ပါရှိသည်။

မည်သို့ပင်ဖြစ်စေကာမူ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက ၎င်း၏အဓိကစွပ်စွဲမှုသည် တစ်ဆင့်ကြားစကားကို အခြေခံပြောကြားကြောင်း မည်သည့်အခါမျှ ဝန်ခံခြင်းမရှိခဲ့ပေ။

အထက်ပါ ၄၅မိနစ်အတွင်း အဖျက်လက်နက်များ ဖြန့်ကြက်နိုင်သည့် စွပ်စွဲချက်မှာ စိတ်ချယုံကြည်မှုမရှိရသည့် ပြည်ပြေးတစ်ဦး၏ သတင်းအရင်းအမြစ်ဖြစ်ကြောင်း တိုနီဘလဲကို စွပ်စွဲထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံဘာဆရာမြို့တွင် ညပိုင်း၌ ဗြိတိသျှတပ်သားများ၏ စီးနင်းဝင်ရောက်ရှာဖွေမှုကြောင့် ပျက်စီးခဲ့သည့် အိမ်တွင်း အပျက်အစီးများကိုကြည့်ပြီးစိတ်ညစ်နေသည့် အီရတ်အမျိုးသမီးကြီးအား ဩဂုတ် ၁၆ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်၏ အီရတ်မှတစ်ဆင့် ရေနံထိန်းချုပ်ရေးအစီအစဉ် ကိုယ့်ရှူးကိုယ်ပတ်ဖြစ်နေ

(ဩဂုတ် ၅ ရက်နေ့ထုတ် The Guardian ခေါင်းကြီးမှ ကောက်နုတ်ပြန်ဆိုသည်။)

ယခုအခါ အီရတ်နိုင်ငံတွင် သမိုင်းစာမျက်နှာသစ်ကို မော်ကွန်းထိုးမှတ်တမ်းတင်လျက်ရှိသည်။ အမေရိကန် ခေတ်သစ်ရှေးရိုးစွဲဝါဒီများသည် အီရတ်စစ်ပွဲမဆင်နွှဲမီက စစ်ပွဲပြီးသွားသောအခါ၌ အီရတ်နိုင်ငံတွင် ရေနံလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ပိုင်ခွင့်ပေးလိုက်ပြီး အမေရိကန်လိုလားသော အီရတ်ရေနံလုပ်ငန်းအသစ်တစ်ရပ် ထွက်ပေါ်လာလိမ့်မည်ဟု အိပ်မက်မက်ခဲ့ကြသည်။

အီရတ်ကို လွှမ်းမိုးထားခြင်းအားဖြင့် အမေရိကန်တို့သည် ကမ္ဘာ့ဒုတိယအကြီးဆုံး ရေနံသိုက်ကြီးကို ထိန်းချုပ်ထားနိုင်မည်ဖြစ်သည်။ ဤနည်းအားဖြင့် ဆော်ဒီအာရေဗျနိုင်ငံက ကမ္ဘာ့ရေနံဈေးနှုန်းကို ထိန်းချုပ်ထားသော အခြေအနေကို အားနည်းသွားအောင် တန်ပြန်ထိန်းညှိပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားခဲ့ကြသည်။ ဆော်ဒီအာရေဗျနိုင်ငံသည် ရေနံတင်ပို့ရောင်းချသော အိုပက်နိုင်ငံများအဖွဲ့ကို ဦးဆောင်ပဲ့ကိုင်လျက်ရှိသည်။

ထိုမျှော်မှန်းချက်အတိုင်း ဖြစ်လာလျှင် ကမ္ဘာကြီးသည် ရေနံကို ဈေးပေါပေါဖြင့် ရနိုင်တော့မည်။ ကမ္ဘာ့ရေနံဈေးနှုန်းမှာလည်း အမေရိကန်မလိုလားသော ရီယတ် ဦးဆောင်သော အိုပက်အဖွဲ့၏ ဈေးနှုန်းချုပ်ကိုင်မှုမှ လွတ်မြောက်သွားမည်ဖြစ်သည်။

ရေနံဈေးနှုန်းမှာ ဈေးကွက်၏ဖန်တီးမှု အခြေအနေအတိုင်းသာ တည်ရှိလိမ့်မည်ဟု ယူဆထားသည်။ ရေနံဈေးနှုန်းကျသွားလျှင် အကျိုးဆက်အနေဖြင့် ရေနံထုတ်လုပ်သော နိုင်ငံများ၏ ရေနံမှရရှိသော အခွန်အကောက်မှရသော ဝင်ငွေများမှာလည်း ကျဆင်းသွားမည်ဖြစ်သည်။ ထိုအခါ အရှေ့အလယ်ပိုင်းရှိ အမေရိကန်အပေါ်မလိုလားသော သဘောထားရှိသည့် ရေနံတင်ပို့ရောင်းချသော နိုင်ငံများ၏ စီးပွားရေးကို ထိခိုက်လာရာမှ ၎င်းအစိုးရများပါ ပြုတ်ကျသွားကြလိမ့်မည်ဟု တွက်ဆထားကြသည်။

လက်တွေ့အခြေအနေမှာမူ ထိုစိတ်ကူးအိပ်မက်နှင့်တခြားစီဖြစ်သည်။ ထိုစိတ်ကူးမှာ ကန္တာရမုန်တိုင်းနှင့်တွေ့ရသော သဲပွင့်များကဲ့သို့ လွင့်စဉ်ပျောက်ပြယ်သွားခဲ့ရသည်။

ဗုံးများထိမှန်ဖျက်ဆီးခံထားရသော အီရတ်ရေနံလုပ်ငန်းများမှ ရေနံများယိုဖိတ်မှုကြောင့် အများအပြား မသုံးစွဲလိုက်ရဘဲ ဆုံးရှုံးကုန်သည်။ အဖျက်အမှောင့်လုပ်ငန်းများနှင့် ခိုးယူခံရမှုများကြောင့် လက်ရှိရေနံအထွက်နှုန်းမှာ ဆက်ဒမ်လက်ထက်က ထုတ်လုပ်မှုကိုပင်မီအောင် မထုတ်လုပ်နိုင်ဘဲ ဖြစ်နေသည်။ အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးလုပ်ငန်းများမှာ ဟုတ်တိပတ်တိ အကောင်အထည်ပေါ်မလာဘဲဖြစ်နေသည်။ အီရတ်ရေနံများ ပေါပေါများများ ထွက်လာအောင် အမေရိကန်တို့က မဆောင်ရွက်နိုင်ခဲ့သောကြောင့် ရေနံလုပ်ငန်းနှင့် ဈေးနှုန်းအပေါ်အိုပက်၏ ဩဇာသက်ရောက်မှုအနေအထားကိုလည်း အားနည်းသွားအောင် မလုပ်နိုင်တော့ပေ။ ထို့အပြင် အိုပက်အဖွဲ့၏ ပဲ့ကိုင် ဆော်ဒီအာရေဗျ နိုင်ငံအနေအထားမှာ ပို၍ပင် အားကောင်းလာသည်ကို မြင်တွေ့ရသည်။

ပြီးခဲ့သော သီတင်းပတ်က အိုပက်နိုင်ငံများသည် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြသည်။ ရေနံတင်ပို့ရောင်းချသော နိုင်ငံများအနက် ဗင်နီဇွဲလားနှင့် နိုင်ဂျီးရီးယားနိုင်ငံများတွင် နိုင်ငံရေးအခြေအနေများကြောင့် ရေနံထုတ်လုပ်မှုကို ထိခိုက်ခဲ့ရသည်။ သို့ဖြစ်၍ ကမ္ဘာ့ဈေးကွက်ရှိ ရေနံဈေးနှုန်းအပေါ်ကိုပါ ဩဇာသက်ရောက်ခဲ့သည်။ ထိုအခြေအနေမှာ ဆော်ဒီနိုင်ငံ၏ အကြိုက်ပင်ဖြစ်သည်။ ဈေးကွက်တွင် ရေနံဈေးနှုန်းမှာ မြင့်မြဲ မြင့်လျက်ပင်ရှိသည်။ ရေနံဈေးနှုန်းမြင့်တက်နေသည့်အတွက် ကမ္ဘာ့စီးပွားရေး နာလန်ထူလာမည့် အခြေအနေနှင့် အမေရိကန်စီးပွားရေး ပြန်လည်ကောင်းမွန်လာမည့် လက္ခဏာများမှာလည်း ဝေးလျက်ရှိတော့သည်။

အာရပ်နိုင်ငံများသည် အမေရိကန်နိုင်ငံအပေါ် ၁၉၇၃ခုနှစ်က ရေနံတင်ပို့ခြင်းမပြုဘဲ သပိတ်မှောက်ခဲ့ကြသည်။ ထိုအချိန်မှစ၍ အမေရိကန်သည် ပြည်ပမှတင်သွင်းရသော ရေနံအပေါ်မှီခိုနေရသည့် အဖြစ်မှ လွတ်ကင်းအောင် ကြိုးပမ်းခဲ့သည်ဟုဆိုသည်။ သမ္မတ ဂျော့ဘုရှ်က အမေရိကန်နိုင်ငံ ရေနံအပေါ် အမှီခိုကင်းရေးကိစ္စမှာ ဦးစားပေးလုပ်ငန်းဖြစ်သည်ဟု ကြေညာထားခဲ့သည်။

နိုင်ငံရေးဆိုသည်မှာ စီးပွားရေးလိုအင်ကို အခြားနည်းအားဖြင့် ဖြည့်ဆည်းခြင်းပင်ဖြစ်သည်ဟုဆိုလျှင် ဘုရှ်သည် ယခုအခါ သူ၏ ရည်မှန်းချက်ကို ပြည့်မီစေရန် ယခင်ကမရှိဖူးသေးသော ကျွမ်းကျင်မှုအရည်အချင်းမျိုးကို ထုတ်ဖော်ပြသရပေတော့မည်။ ရေနံဝန်ကြီးများသည် ရေနံထုတ်လုပ်မှုကို လျှော့ချကြပြီး ဈေးကွက်တွင် ဈေးနှုန်းမြင့်တက်အောင် ဖန်တီးကြရန် ဆွေးနွေးမှုများ ရှိနေကြပြီဖြစ်သည်။ လွန်ခဲ့သော အနှစ် ၄၀ အတွင်းက ကမ္ဘာပေါ်တွင်ကြုံတွေ့ခဲ့ရသော အဓိကစီးပွားရေးအကျပ်အတည်းတိုင်းတွင် ရေနံဈေးနှုန်းမြင့်တက်သွားသည့် အခြေအနေများကို ကြုံတွေ့ခဲ့ကြရသည်။ လွန်ခဲ့သော သီတင်းပတ်အတွင်းက အမေရိကန်ကွန်ဂရက်သို့ တင်သွင်းသော အစီရင်ခံစာတွင် ဆော်ဒီနိုင်ငံကို အကြမ်းဖက်အဖွဲ့နှင့် ဆက်စပ်မှုရှိသည့်သဘော ဖော်ပြခဲ့သည့်ကိစ္စကို ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးက မကျေမနပ်နှင့် ဒေါသဖြစ်ခဲ့သည်။ အမေရိကန်နိုင်ငံရေးလောကမှ ခေတ်သစ်ရှေးရိုးဝါဒီများက ရေနံတင်ပို့ရောင်းချသောနိုင်ငံများအဖွဲ့ အထိနာစေရန် ရည်ရွယ်လုပ်ဆောင်သော အစီအစဉ်သည် အိုပက်အဖွဲ့ကိုမထိဘဲ ကိုယ့်ကိုယ်ကို ပြန်ထိသော အခြေအနေများနှင့်ကြုံတွေ့နေရသည်။ သို့ဖြစ်၍ ဝါရှင်တန်သည် ဆော်ဒီကို မိမိဘက်သို့ပါလာစေရန် သံတမန်နည်းလမ်းဖြင့်ပြန်လည် ချဉ်းကပ်ရပေလိမ့်မည်ဟု ဂါဒီယန်သတင်းစာက သုံးသပ်ထားသည်။ ။

အီရတ်ရေနံမှောင်ခိုရောင်းဝယ်မှု နှိမ်နင်းရန်အမိန့်ထုတ်ပြန်

လန်ဒန် ဩဂုတ် ၁၇

အမေရိကန်ရေတပ်က ပင်လယ်ကွေ့ဒေသ ရေပိုင်နက်အတွင်း အီရတ်နိုင်ငံထွက် ရေနံများ မှောင်ခိုရောင်းဝယ်မှုအပေါ် နှိပ်ကွပ်ရန် ကြာသပတေးနေ့က အမိန့်ထုတ်ပြန်လိုက်သည်။

– သတိပေးထား –

ဘဂ္ဂဒက်မြို့တော်ရှိအမေရိကန်တပ်မှူးများကအီရတ်နိုင်ငံနေရာ အနှံ့အပြားတွင် ရေနံမှောင်ခိုရောင်းဝယ်မှုများရှိနေကြောင်း သတိပေးထားကာ ၎င်းကိစ္စအပြတ်နှိမ်နင်းရန် သန္နိဋ္ဌာန်ချထားကြောင်း ဘာရိန်းအခြေစိုက် အမှတ်(၅) အမေရိကန်ရေတပ်မတော် ဆက်သွယ်ရေးရုံးက ပြောကြားသည်။

– အပြင်းအထန် –

အမေရိကန် ဦးဆောင်သည့်တပ်ဖွဲ့များမှ ရေတပ်သားများက အီရတ်တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အီရတ်ရှိ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များ၏ အားဖြည့်ဆောင်ရွက်ချက်များနှင့် ပေါင်းစပ်လျက် တရားမဝင် ရေနံမှောင်ခိုရောင်းဝယ်နေသည့်သင်္ဘောများအား ကြားဖြတ်ဟန့်တားမှုများ အပြင်းအထန်ပြုလုပ်မည်ဖြစ်ကြောင်း ဖော်ပြပါဆက်သွယ်ရေးရုံးက ထုတ်ပြန်သည့် ကြေညာချက်တွင်ပါရှိသည်။

အမ်အင်အေ၊ရိုက်တာ။

လက်တင်အမေရိက၌ ဘရာဇီးဦးဆောင်သင့်

ဗျူနိုအေရီ ဩဂုတ် ၁၇

ဘရာဇီးနိုင်ငံသည် ၎င်း၏စီးပွားရေးစွမ်းအင်နှင့် ပထဝီသဘာဝအရွယ်အစားကြောင့် လက်တင်အမေရိကဒေသ စုစည်းရာတွင် ရှေ့ဆောင်ကဏ္ဍမှ ပါဝင်ရန်လိုအပ်ကြောင်း ကျူးဘားနိုင်ငံခေါင်းဆောင် ဖီဒယ်ကက်စထရိုက ပါရာဂွေးနိုင်ငံမြို့တော် အဆွန်ဆိုင်ယွန်တွင် သောကြာနေ့က ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်္ဂလိပ်စာသင်ယူမှုမြှင့်တင်

တရုတ်ပြည်မြို့တော် ဘေဂျင်းရှိ ဒွန်ချန်ခရိုင်တွင် အင်္ဂလိပ်စာသင်ယူမှုအရှိန်အဟုန်မြှင့်တင်ရေး ဆိုင်းဘုတ်တင်ရန် ဩဂုတ် ၁၆ရက်က ပြင်ဆင်နေကြစဉ်။
(ဓာတ်ပုံ–ဆင်ဟွာ)

ချင်းတွင်း အရှင်ကလျာဏ ဒဂုံမြို့သစ်အရှေ့ပိုင်းတရားပွဲ

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၂)ရပ်ကွက် အောင်တော်မူကျောင်းတွင် ၁၃၆၅ ခု ဝါခေါင်လပြည့်ကျော် ၈ ရက် မွန်းလွဲ ၁ နာရီတွင် နယ်လှည့်သာသနာပြု မိုးကုတ်ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ချင်းတွင်း အရှင်ကလျာဏသည် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားတော်များ ဟောကြားမည်ဖြစ်၍ တရားနာလိုသူ ပါရမီရှင်များ အထက်ပါကျောင်းတိုက်သို့ ကြွရောက်နိုင်ကြောင်းသိရသည်။ (က-ပ)

ပြိုးပြက်ချွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

တိုးရစ်ဇင် စာတမ်း

သုတဦး

ကျွန်တော်ရဲ့ရည်မှန်းချက်တစ်ခုက မိမိလေ့လာတဲ့ နယ်ပယ်အသီးသီးမှာ ဆောင်းပါးလေးတွေ ရေးပြီး အတန်အသင့်ရတဲ့အခါ ဆောင်းပါးပေါင်းချုပ် တစ်အုပ်ကို မှတ်တိုင်ကလေး တစ်ခုအဖြစ်ထုတ်ဖို့ပါ။ စာရေးတာကိုဝါသနာ ပါပေမယ့် ပညာရှင်မဟုတ်တော့ စာဖတ်သူအတွက် ကောင်းမွန်သင့်တော်တဲ့ အသိပညာ၊ အတတ်ပညာပေးဖို့ ကံမပါလာဘူးဆိုရမယ်။ ဟုတ်တိပတ်တိ ဘာမှဖြစ်မလာဘူး။ ဒါပေမယ့် စာရေးသူတစ်ယောက်ရဲ့စေတနာအပြည့်ရှိ ပါတယ်။

အခု ကျွန်တော်တင်ပြမယ့် အကြောင်းအရာက ကျွန်တော့်မိတ်ဆွေအများ အခြေချလုပ်ရှားနေရတဲ့ ခရီးသွားလုပ်ငန်းအကြောင်းပါပဲ၊ လေ့လာပြီး သိတန် သလောက်သိခြားတဲ့လုပ်ငန်းကလေးကို ကိုယ်သိစေချင်တဲ့ စာဖတ်သူ ပြည်သူတွေဆီ ရောက်စေချင်တယ်။ ကိုယ့်ဆီက အသိပညာ တစ်ခုကို သူတို့ရပြီး သူတို့ရတဲ့အသိပညာ၊ အတွေ့အကြုံ၊ ထိုးထွင်းကြံဆမှုနဲ့ ပေါင်းတဲ့အခါ ပိုမိုကျယ်ပြန့်လာပါစေတော့၊ အဲဒီကမှတစ်ဆင့် ခရီးသွားလုပ်ငန်းကို မြှင့်တင် နိုင်ပါစေတော့၊ အဲဒီကမှတစ်ဆင့် ပြည်သူစီးပွားတိုးတက်ပါစေတော့၊ အဲဒီကမှ တစ်ဆင့် လုပ်ငန်းလည်းဖွံ့ဖြိုး အောင်မြင်ပါစေတော့ရယ်လို့ စက်ဝိုင်းပတ်ပုံစံ ရည်ရွယ်ချက်ပါ။ ဘာနိုင်ငံရေးမှမပါဘူး၊ ခရီးသွားလုပ်ငန်းပဲ။ စီးပွားရေး ဆွေးနွေးမှုသက်သက်ပဲ။ ဒါပေမယ့် သူတို့က ဒီလုပ်ငန်းကို နိုင်ငံရေး အခြေခံ လက်နက်အသွင်သဏ္ဍာန်ဖန်တီးအဓိပ္ပာယ်ဖော်နေသလိုပဲ။

ခုတလော၊ ခုတလောတောင်မကတော့ပါဘူးလေ။ သတင်းတွေကလုပ်လာ ပြန်ပြီ။ မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသည်(Tourists)တွေသွားမလည်ကြဖို့၊ မြန်မာနိုင်ငံကို တိုးရစ်စ်တွေ(ဒီကစပြီး အားလုံးသိတဲ့တိုးရစ်စ်လို့ပဲသုံးပါရစေ) ပို့တဲ့အနောက်နိုင်ငံများနဲ့ ဥရောပကုမ္ပဏီကြီးများ၊ ရင်းနှီး မြှုပ်နှံသူများအနေနဲ့ တိုးရစ်စ်တွေမစေလွှတ်ကြဖို့ လုပ်လာကြပြန်တယ်။ မြန်မာနိုင်ငံ စီးပွားရေး ပိတ်ဆို့တယ်ပေါ့လေ။ အဲဒီကအစိုးရတွေက တားဆီးပိတ်ပင်တာတွေ၊ သူတို့ NGO ဆိုတာတွေက တားမြစ်ကြတာတွေ လုပ်လာကြပြန်ပါတယ်။ နောက်တစ်ခုက သူတို့သတင်းဌာနတွေ စူးစမ်းကြတာကလည်း အဲဒီလို အနောက်အစိုးရတွေက မြန်မာနိုင်ငံတိုးရစ်ဇင်ကိုတားမြစ်လာကြတဲ့အခါ လာမည့် အချိန်ကာလများမှာ မြန်မာနိုင်ငံရဲ့ ခရီးသွားလာရေးလုပ်ငန်းကျဆင်းသွားမလား ပေါ့။

ကျွန်တော်တို့ဆီက ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနရဲ့ အဖြေကတော့ တစ်မျိုးတည်းပဲ။ "ဘာလဲဆိုတော့ မြန်မာနိုင်ငံကို တိုးရစ်စ် တွေလည်ပတ်ရေး၊ မလည်ပတ်ရေးဆိုတာ တိုးရစ်စ်တွေရဲ့ ဆုံးဖြတ်ချက်ပဲ။ တိုးရစ်စ်တွေနဲ့ပဲဆိုင်တယ်" ဆိုတာပါပဲ။

တစ်နှစ်တစ်နှစ်မှာ နယ်စပ်ဈေး၊ ရန်ကုန်-မန္တလေးလေဆိပ်အဝင် တွေမှာ ရော ပေါင်းရင်ရောက်ရှိလည်ပတ်ကြတဲ့ ခရီးသည်အရေအတွက်ဟာ လျာထားတဲ့ Targetကို မရောက်ခဲ့သေးပါဘူး။ တိုးရစ်အဝင်ငါးသိန်းမှန်းတုန်းက ငါးသိန်း မပြည့်ခဲ့ဘူး။ တစ်သန်းမှန်း တဲ့အခါကျတော့ ငါးသိန်းပဲလာတယ်။ ဝန်ကြီးဌာနရဲ့ အနှစ် ၃၀စီမံကိန်းမျှော်မှန်းချက်မှာ ၁၅သန်းလာရမယ်လို့ မျှော်မှန်းထားတယ် ဆိုတာလည်းသိရပါတယ်။ အဲဒီအချိန်ကျရင် ၁၅သန်းတော့ ပြည့်ချင်ပြည့်မယ်ပေါ့ လေ။ တကယ်လို့သာ မျှော်မှန်းသလောက် မရဘူးဆိုပါတော့၊ ဒီမအောင်မြင် တဲ့အကြောင်းအချက်ဟာ သူတို့ကြောင့်မဟုတ်ဘူး။ သူတို့က "ဟေ့ Burma ကို သွားမလည်ကြနဲ့ကွာတို့..." ဆိုလို့လည်းမဟုတ်ဘူး။ တချို့သောသူတွေ မိန်းမစိတ်နဲ့ တိုးရစ်စ်တွေ ဒီနိုင်ငံမလာကြပါနဲ့ အစိုးရသက်တမ်းရှည်အောင် လုပ်သလိုဖြစ်နေမယ်လို့ အော်နေတာကြောင့်လည်းမဟုတ်ဘူး။ မျှော်မှန်း သလောက် မအောင်မြင်တာဟာ တိုးရစ်စ်အစစ်တွေက လာမလည်နိုင်ကြသေး လို့ပဲဖြစ်တယ်။ တခြားဘာအကြောင်းမှမဟုတ်ဘူး။ ဟိုတစ်စဒီတစ်စ လျှောက်ဆွဲ ရင်တော့ အများကြီးအများကြီး အကြောင်းပြနေကြတာတွေရှိပါတယ်။

လေဆိပ်မှာ ဆိုက်ရောက်ဗီဇာ (Visa on arrival) မရလို့ ဗီဇာကြိုတင် တင်ထားပြီး ရ၊ မရအဖြေစောင့်ရတာကြာလို့၊ လေဆိပ်အဝင်မှာ FECယူနစ် ၂၀၀ဒေါ်လာဖိုးလဲရလို့၊ Visa Card, Master Card၊ ဘာ Card၊ ညာ Card သုံးမရလို့၊ Travellers Cheque လက်မခံလို့၊ EURO ငွေကြေး သုံးမရသေးလို့၊ပြည်တွင်းလေယာဉ် စရိတ်သွားလာစရိတ်ကြီးလို့၊ တိုးရစ်စ်တွေက သွားချင်တဲ့နေရာ မသွားရလို့၊ တယ်လီဖုန်းယူလာတာ မရလို့၊ အထွေထွေ ဝန်ဆောင်ခဈေးကြီးလို့၊ အင်တာနက်မရလို့၊ အစိုးရပိုင်ဟိုတယ်နှင့် ခရီးသွား ကုမ္ပဏီတွေများလို့--ဟာ စုံနေတာပဲ။ ဒါဟာဆန်းကြယ်နေပါသလား၊ ကျွန်တော်တို့နိုင်ငံရဲ့ လိုအပ်ချက်တစ်ခုကို ကျွန်တော်တို့ဖြေရှင်းတာပဲ။ ဒီလိုမျိုး အကြောင်းအရာတွေ ဘယ်လိုပဲဆွဲထုတ်ပါစေ၊ ငြင်းမရနိုင်တာရှိနေတယ်။

အဲဒီအကြောင်းမျိုးတွေကို တိုးရစ်စ်တွေကပြပြီး မလာချင်ဘူးဆိုပါတော့၊ တကယ့်အမှန်တရားကရှိနေတယ်။

တကယ့်အမှန်တရားအစစ်က-

ကျွန်တော်တို့မြန်မာနိုင်ငံမှာ လှပတဲ့မြင်ကွင်းရယ်၊ ထိန်းသိမ်းထားတဲ့ ယဉ်ကျေးမှုရယ်ရှိတယ်။ ကျွန်တော်တို့နိုင်ငံကို လာလည်တဲ့ တိုးရစ်စ်တွေအဖို့ လုံခြုံတယ်၊ အန္တရာယ်ကင်းတယ်၊ Tourists Safety Unit ကို နိုင်ငံတကာ စံနှုန်းများနဲ့ညီအောင် အခုမှစတင်ဖွဲ့စည်းပေမယ့် ယနေ့အထိ ဘယ်တိုးရစ်စ် တစ်ယောက်မှ အကြမ်းဖက်တိုက်ခိုက်ခံရတာ၊ ပြန်ပေးဆွဲခံရတာ၊ လုယက်ခံရတာ မရှိသေးဘူး။

မြန်မာနိုင်ငံမှာ လည်ပတ်ရတာ အကူအညီအခက်အခဲရှိရင် လူထုကမကူညီ ဘူးလို့၊ အစိုးရအဖွဲ့တွေက မကူညီဘူးလို့ ဘယ်တိုးရစ်စ်ကမှ မပြောဖူးဘူး။ ပြောသံလည်းမကြားဘူး။ မကူညီဘဲနေတာလည်းမရှိဘူး။ မြန်မာလူမျိုးတွေဟာ ကိုယ့်ထက်အားကြီးသူကိုဖြစ်စေ၊ အားနည်းသူကိုဖြစ်စေ ကူညီရိုင်းပင်းတတ်ကြ သူတွေ ဖြစ်တယ်။ မတောင်းဘဲပေးတတ်လွန်းလို့တောင် သူတို့လူမျိုးတွေရဲ့ Do's & Don'ts တွေနဲ့ ငြိနေတာကြောင့် ရယ်စရာဖြစ်နေချည့်သေးတော့တယ်။ ဒီအင်မတန်ကောင်းတဲ့ စရိုက်ကိုရောက်ဖူးသူတိုင်း သိကြတယ်။ မရောက်ဖူး ပေမယ့်လည်း သူတို့လူမျိုးရေးတဲ့ စာအုပ်တွေကို ဖတ်ဖူးသူတိုင်းသိကြပါတယ်။ ဒါကြောင့် တိုးရစ်စ်တွေမျှော်မှန်းသလောက် မရသေးတာဟာ သူတို့မလာသေးလို့ ဆိုတဲ့ အဖြေရမှာဖြစ်ပါတယ်။ ဒါကို ကိုယ်ပြောလို့ပဲရသလိုမျိုး ကိုယ့်ကိုယ်ကို အထင်ကြီးနေလို့ မရပါဘူး။

ကျွန်တော်တို့နိုင်ငံဟာ သူတို့တိုးရစ်စ်တွေလာပြီးပေးမှ၊ ကမ်းမှ၊ သုံးမှ ဆန် ဝယ်စားရမယ့်သူတွေ မဟုတ်ပါဘူး။ အဲဒီကရတဲ့သူတို့ရဲ့ ဒေါ်လာဆိုတဲ့ငွေ ကိုလည်းမက်ပြီး တိုင်းပြည်မတည်ဆောက်ပါဘူး။ ငါးကြင်းဆီနဲ့ ငါးကြင်းကြော် တယ်ဆိုတာလိုပဲ၊ သူတို့တိုးရစ်စ်ဒေါ်လာနဲ့ လက်နက်မဝယ်ဘူး။ ကြွားလုံး မထုတ်ဘူး။ မြန်မာနိုင်ငံမှာ အပြည်ပြည်ဆိုင်ရာ တိုးရစ်စ်မပေါ်ခင်ကတည်းက ပုဂံရှေးဟောင်းဘုရားတွေ ရှိခဲ့တာပါ။ အဲဒီကတည်းက မြန်မာတွေ ထမင်းအဝ စားနိုင်ခဲ့တာပါ။ ယနေ့ထိပါပဲ။ ဒီနေ့ငွေလဲလှယ်နှုန်းတွေနဲ့ကြည့်မယ်ဆိုရင် ဈေးနှုန်းမြင့်တက် နေတယ်ဆိုပေမယ့် အလုပ်လုပ်နေသူတိုင်းအတွက် ဝယ်အားက ရှိနေဆဲပါပဲ။ ဘာမှမလုပ်ရင်တော့ ဝယ်အားမရှိမှာ သေချာတာပေါ့။ ပထမမြန်မာ နိုင်ငံတော်တည်တဲ့ အနော်ရထာမင်းကြီးကလည်း နှောင်နှစ်ပေါင်း ၉၀၀ခန့်မှာ ပုဂံကိုအခြေတည်ပြီး ဤနိုင်ငံတစ်ဝန်း၌ ကမ္ဘာလှည့်ခရီးသည်တွေ တိုးတက် ရောက်ရှိစေသတည်းဆိုပြီး ဘုရားဂူကျောင်းတွေတည်ရင်းနဲ့ သာသနာပြုခဲ့တာ မဟုတ်ပါဘူး။ ပုဂံသားတို့ရဲ့ ဗိသုကာ၊ အနုပညာလက်ရာတွေနဲ့ ယဉ်ကျေးမှု အစဉ်အလာတွေ၊ သမိုင်းအစဉ်အလာတွေကြောင့် ယနေ့ခေတ်မှာ ခရီးသွား လုပ်ငန်း ထွန်းကားရေးအကျိုးဖြစ်လာတာပါ။ အနော်ရထာထူထောင်ခဲ့စဉ်ကလည်း စိုက်ပျိုးရေးနိုင်ငံပဲ၊ ယနေ့ကျွန်တော်တို့ ထူထောင်နေတာလည်း စိုက်ပျိုးရေး နိုင်ငံပါပဲ။ ဒါဖြင့်ဘာကြောင့် တိုးရစ်ဇင်လုပ်နေပါသလဲ။ ဟိုတယ်နှင့် ခရီးသွားလာ ရေးလုပ်ငန်းဝန်ကြီးဌာနရဲ့ မြန်မာ့ခရီးသွားလုပ်ငန်း ရည်ရွယ်ချက်မှာ အချက် တစ်ချက်အဖြစ် အတိအလင်းဖော်ပြထားတာက "ခရီးသွားလုပ်ငန်းကို အကြောင်း ပြု၍ နိုင်ငံတကာချစ်ကြည်ရင်းနှီးမှုနှင့် သိရှိနားလည်မှုတို့ကို အထောက်အကူပြု စေရန်"လို့ပါရှိပါ တယ်။

ဒါကြောင့် ကျွန်တော်တို့ရဲ့ တိုးရစ်ဇင်ဟာ ချစ်ကြည်ရင်းနှီးမှုအတွက်ဆိုတာ ရှင်းနေပါတယ်။ နိုင်ငံတကာစံနှုန်းတစ်ခုကို ကျွန်တော်တို့လုပ်နေတာပါ။ ကျွန်တော်တို့ Mass Tourism ဆိုတာ မျှော်မှန်းမထားပါဘူး။ တိုးရစ်စ်တွေ အုံနဲ့ကျင်းနဲ့ အတိုင်းအဆမရှိ ရောက်လာပြီးမှ တစ်ဖက်ကလည်း ကျွန်တော်တို့ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတည်ဆောက်ရာမှာ လူမှုရေးအနုတ်လက္ခဏာတွေ၊ သဘာဝဝန်းကျင်ဆိုင်ရာ အနုတ်လက္ခဏာတွေဖြစ်လာမယ်ဆိုရင် ကျွန်တော်တို့ မလိုလားဘူး။ သူတို့အလည်လာရင်း သုံးမယ့်ပိုက်ဆံကိုမက်ပြီး နောင်ရေရှည်မှာ ကျွန်တော်တို့ သားစဉ်မြေးဆက် ပြည်သူလူထုအတွက် အမှိုက်သရိုက်တွေ အညစ်အကြေးတွေကိုလည်း မထားခဲ့ချင်ဘူး။

ခုလိုပြောလို့ တိုးရစ်စ်တွေမလာစေချင်တာမဟုတ်ဘူး၊ တိုးရစ်ဇင်ကို လက်မခံတာမဟုတ်ဘူး၊ လာစေချင်သလို ခရီးသွားလုပ်ငန်းကြောင့်လည်း လူငယ်တွေ အလုပ်အကိုင်၊ အခွင့်အလမ်းရစေချင်တယ်။ ကျွန်တော်တို့ ဆင့်ကဲ လက်ဆင့်ကမ်းခဲ့ချင်တာက အိမ်နီးချင်းနဲ့ရော၊ ရပ်ကွက်ထဲက မိတ်ဆွေနဲ့ရော၊ အဝေးကမိတ်ဆွေနဲ့ပါ ထာဝစဉ်ချစ်ကြည်ရင်းနှီးရေးအမွေပဲ။ ဒါကြောင့် တိုးရစ်ဇင် ကိုလုပ်နေတာပါ။ တိုးရစ်ဇင်ဆိုတဲ့သဘောတရားတွေ၊ နိုင်ငံတကာသုံး တိုးရစ်ဇင် ဆိုင်ရာ ပညာရပ်တွေ၊ ဒါတွေကို ကျွန်တော်တို့ ပြည်သူတွေ သိစေချင်တယ်။ နားလည်စေချင်တယ်။ နိုင်ငံမှာရှိတဲ့ စိတ်ဝင်စားသူတွေ တတ်ကျွမ်းစေချင်တယ်။ လေ့လာခွင့်၊ ဆည်းပူးခွင့်၊ သွေးတိုးစမ်းခွင့်၊ အသုံးချခွင့် ရစေချင်တယ်။ ထိထိ ရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့်ကိုတော့ လိုတဲ့အချိန်မှာ ထုတ်သုံးပေါ့။ ဒါဟာ ကျွန်တော်တို့ နိုင်ငံသားတွေအတွက် တရားသဖြင့် လူ့အခွင့်အရေးပဲ။ ဒီလိုမှမဟုတ်ဘဲလာလည်တာကများပါရဲ့။ သုံးတာက မပြောစလောက်၊ ထားခဲ့တာ က သေရာရှင်ရာပါ ဒဏ်ရာဆိုရင်တော့ ဘယ်ဖြစ်ပါ့မလဲ။ ဒါကြောင့် မမက်ပါ ဘူး။ Mass Tourism ကို မမက်ပါဘူး။ အလှမ်းမမီတဲ့ သပျစ်သီးချဉ်တာ မဟုတ်ပါဘူး။

ကျွန်တော် သတိထားမိတာလေးတင်ပြပါရစေ။ ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့ နိုင်ငံကို ရန်ကုန်-မန္တလေးနဲ့ နယ်စပ်အပါအဝင် နိုင်ငံတကာခရီးသည် ဝင်ရောက်မှု ဟာ ဟိုဘက်နှစ်မှာထက် ၆ ရာခိုင်နှုန်းကျော် တိုးတက်မှုရှိခဲ့တယ်။ အထူးသဖြင့် ရန်ကုန်အဝင်တွေ တိုးလာတာပါ။ တိုက်ဆိုင်တာလား၊ တမင်ပဲ စောင့်ကြည့်တာ လား မသိပါဘူး။ မြန်မာနိုင်ငံမှာ တိုးရစ်စ်အဝင် ပိုမိုရောက်ရှိ မြင့်တက်လာတယ်။ ပြည်ပက နိုင်ငံတကာလေကြောင်းလိုင်းတချို့ ခရီးစဉ်သစ် ဖော်ဆောင်လာတယ် ဆိုရင်ပဲ ဒီနှစ်မှာ ဖန်တီးထားတဲ့ အကြောင်းတစ်ခုဖြစ်လာပြီး စီးပွားရေးပိတ်ဆို့ တာတွေ၊ တိုးရစ်ဇင်တားဆီးတာတွေ ရှိလာတာလို့ တွေ့ရပါတယ်။ သူတို့ နိုင်ငံတွေမှာ နိုင်ငံတကာတိုးရစ်စ်တွေ၊ ပြည်တွင်း Domestic Travellers တွေ ခရီးသွားတာများလာရင် အစိုးရရဲ့ ဘဏ္ဍာထဲကို အဲဒီတိုးရစ်ဇင်ကငွေတွေ လွှတ်ဝင်လာသလား မသိဘူး။ ကျွန်တော်တို့အစိုးရရဲ့ ဘဏ္ဍာငွေထဲကို တိုးရစ်ဇင်ကနေ ငွေတွေဝင်တယ်လို့ချည်းပဲ စွပ်စွဲနေတော့တာပဲ။

ပြည်သူအများကို တင်ပြလိုတာက နိုင်ငံတကာခရီးသည် ကျွန်တော် တို့ဆီ တစ်ယောက်လာတိုင်းလာတိုင်း အစိုးရရရှိတာဟာ ဗီဇာကြေး ဒေါ်လာ ၂၀ပဲ ဖြစ်ပါတယ်။ ဒါဟာ ပတ်ဝန်းကျင်နိုင်ငံတွေနဲ့စာရင် နည်းနေပါသေးတယ်။ ပြန်အထွက်မှာ လေဆိပ်အခွန်က ၁၀ ဒေါ်လာပဲဖြစ်ပါတယ်။ အဲဒီနိုင်ငံတကာ တိုးရစ်စ်တွေက ပြည်တွင်းမှာ FECလဲသည်ဖြစ်စေ၊ မလဲသည်ဖြစ်စေ သုံးစွဲ သွားတဲ့ တန်ဖိုးမှန်သမျှ ပြည်သူ့အကျိုးစီးပွားချည်းပါပဲ။ ဒါလည်း စိတ်ဝင်စားသူ များကို ကျွန်တော်တို့ မကြာခဏဆွေးနွေးပြီးသားပါ။ အခုသုံးလာတဲ့ နည်းတွေက တိုးရစ်ဇင်ကနေ ကျွန်တော်တို့ဆီကို လွှဲပို့တဲ့ ဘဏ်ငွေလွှဲတာတင်မကဘူး၊ အစမှာရေးခဲ့တဲ့ Visa Card တို့၊ Master Card တို့၊ American Express တို့စတဲ့ Credit တွေနဲ့ မြန်မာနိုင်ငံမှာ သုံးစွဲမယ်ဆိုရင်တောင် သုံးစွဲခွင့်လက်ခံတဲ့ ဟိုတယ်နှင့် ငွေစာရင်းကို သူတို့ဒေါ်လာ ပြန်ထုတ်မပေးဘူးလို့ ဆိုလာပါတယ်။ သူတို့လိုမျိုးညစ်တဲ့ စိတ်ထားတွေနဲ့ ကောက်ချက်ဆွဲရမယ် ဆိုင်ရင် ဒါဟာ သက်ဆိုင်ရာဟိုတယ်ရဲ့ အကျိုးစီးပွား၊ ခရီးသွားလုပ်ငန်းရဲ့ အကျိုးစီးပွား၊ ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်နေတဲ့ မြန်မာနိုင်ငံ ပြည်သူတွေရဲ့ အကျိုးစီးပွားကို တမင်သက်သက်ဖျက်ဆီးတာပါပဲ။ ကျွန်တော်တို့ နိုင်ငံသားတွေ ရဲ့ ဒီမိုကရေစီပိုင်ဆိုင်ခွင့် လူ့အခွင့်အရေးတွေကို ကျူးလွန်ဖောက်ဖျက်တာဖြစ်လို့ တရားစွဲဖို့တောင်ကောင်းပါသေးတယ်။

ဒါဆိုရင် ရှင်းနေပါပြီ။ အစိုးရရဲ့ တည်ငြိမ်တဲ့ဦးဆောင်မှု၊ တိုင်းပြည်ရဲ့စီးပွား ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူလူထုက လိုလိုလားလား ထောက်ခံမှုတွေ ဖြစ်လာမှာကို မလိုလားတဲ့ အခြားဘက်က၊ ဆန့်ကျင်လိုတဲ့ဘက်ကလူတွေ လုပ်နေတာပါ။ ဒီပိတ်ဆို့မှုသဘောတရားကြောင့် အနည်းဆုံးတော့ နိုင်ငံတစ်ဝန်းလုံးရှိတဲ့ တိုးရစ်ဇင်ကဏ္ဍမှာ မှီတင်းပြီး ဝမ်းစာရှာဖွေအလုပ်လုပ်နေတဲ့ ကာယဉာဏ ဝန်ထမ်းထောင်ပေါင်းများစွာနဲ့ သူတို့ကိုမှီခိုနေရတဲ့ မိသားစုတွေရဲ့ စီးပွားလုံခြုံမှုကို ထိခိုက်စေတာအမှန်ပဲ။ အလားတူပဲ စက်ရုံထွက်ကုန်ပစ္စည်းများကို တားမြစ် ပိတ်ဆို့တာဟာ ပထမဆုံးဝန်ထမ်းလုပ်သားများကို စတင်ထိခိုက်စေတာပါပဲ။ ကျွန်တော့်အနေနဲ့ကတော့ တိုးရစ်ဇင်ကဏ္ဍမှာ ကွက်ကွက်ကွင်းကွင်း မြင်နေရပါ တယ်။ ပြည်သူ့အကျိုးစီးပွားကို ထိခိုက် နစ်နာအောင်လုပ်တာ တာဝန်ရှိတဲ့ ဌာနမဟုတ်ဘူး၊ တာဝန်ရှိတဲ့ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန အနေနဲ့ "နိုင်ငံစီးပွား ခရီးသွားဖြင့် ကြိုးစားတိုးမြှင့် ကမ္ဘာ့အဆင့်" ဆိုတဲ့ ဆောင်ပုဒ်ကို ရည်မှန်းချက် ထားပြီး လုပ်နေတယ်။ ကောင်းမွန်မှန်ကန်တဲ့ ပြည်သူ့အကျိုး ဦးတည်တဲ့ ရည်ရွယ်ချက်တွေ ရှိတယ်။ အကောင်အထည်ဖော် ရာမှာလည်း တိုးရစ်ဇင်ကြောင့် မြန်မာ့ယဉ်ကျေးမှုနဲ့ ရှေးဟောင်းအမွေအနှစ်တွေ၊ အမျိုးသားရေး စရိုက်လက္ခဏာတွေ မပျောက်ပျက်အောင် ထိန်းသိမ်းတယ်။ နိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင် မပျက်ယွင်းအောင် ကာကွယ်တယ်။ စနစ်ရှိရှိ၊ မှုမှန်မှန်နဲ့ ဆောင်ရွက်နေတယ်ဆိုတာ အခြေခံမှန်တဲ့ အတွေးနဲ့ ကြည့်သူတိုင်း မြင်နိုင်ပါတယ်။

ခုတော့ ဖြစ်နေတာက သူ့ဟာသူ ငြိမ်သက်နေတဲ့ ကန်ရေပြင်ထဲကို ခဲပစ်ချပြီး လှိုင်းဂယက်ထတော့မှ ရေကြောင့်၊ ရေကြောင့်လို့ စွပ်စွဲနေသလို ဖြစ်နေတယ်။ ပစ်ချသူကလည်းအပြစ်မရှိ၊ ခဲမှာလည်း အပြစ်မရှိ။ တည်ငြိမ် အေးချမ်းနေတဲ့ ရေပြင်ကအပြစ်ရှိနေတော့တယ်။ ပြည်သူလူထု ဆင်းရဲကျပ်တည်း အောင် အရင်လုပ်ပြီးမှ မတည်ငြိမ်မှုဖြစ်အောင်လုပ်တဲ့ အကောက်ကြံမှုတစ်မျိုးပဲလို့ ပြောရမှာ ဖြစ်ပါတယ်။

ဒီထွင်လုံးတွေ ပြည်သူအများကလည်း သဘောပေါက်ပါတယ်။ ဒီအတိုင်း ဆိုရင် ကိုယ်နဲ့အဆင်မပြေသူမှန်သမျှအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး နည်းတွေနဲ့ ဖိအားပေးတာကို ဂလိုဘယ်လိုက်ဖေးရှင်းဟု အဓိပ္ပာယ် ဖွင့်ဆိုဖို့တောင် ကောင်းနေပါပြီ။

ဘယ်လိုပဲဖြစ်ဖြစ် တိုရစ်ဇင်ကဏ္ဍအနေနဲ့ လုပ်စရာရှိတာ လုပ်နေဖို့ပဲ လိုပါတယ်။ မလာကြသူတွေ အတွက်လည်း အထူးတလည် မျှော်နေဖို့မလိုသလို လာကြသူတွေအတွက်တော့ ဖော်ရွေတဲ့အပြုံးတွေ၊ နွေးထွေး တဲ့ညှော့ဝတ်ပြုမှုတွေနဲ့ ဆီးကြိုလိုက်ကြပါစို့လားခင်ဗျာ...။ ။

အထက(၅)ဗိုလ်တထောင် ၂၀၀၂-၂၀၀၃ခု ပညာသင်နှစ် မိဘဆရာအသင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၂-၂၀၀၃ခု ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်နှင့် သင်းလုံးကျွတ် အစည်းအဝေးကို ဩဂုတ် ၁၇ရက် နံနက် ၉နာရီခွဲတွင် အဆိုပါ ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့်၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့် မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးဌေးအောင်တို့က အမှာစကား အသီးသီးပြောကြားကြပြီး ၂၀၀၂-၂၀၀၃ခု ပညာသင်နှစ် မိဘဆရာ အသင်းရန်ပုံငွေ စာရင်းရှင်းတမ်းကို ဖတ်ကြားရှင်းလင်း အတည်ပြုကြသည်။

ထို့နောက် ၂၀၀၃-၂၀၀၄ ခု မိဘဆရာအသင်း အမှုဆောင်အသစ်များကို ရွေးချယ်၍ ကျောင်းအုပ်ဆရာကြီးက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်သူများဂုဏ်ပြုပွဲနှင့် ဂုဏ်ထူးရရှိသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၇ရက်တွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

✳ ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ချောင်းမကြီး(မြို့လှ) ရေလှောင်တမံကို တည်ဆောက်ခဲ့သည့် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၄)မှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ရေတာရှည်မြို့နယ်မှ တောင်သူလယ်သမားများနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၇၅၀၀ကျော်တို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်တွင် တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ကြွားကြွား ရင်ပေါင်တန်းရပ်တည်နိုင်စေရေးအတွက် အမျိုးသားစီးပွားရေးဘဝ တိုးတက်တောင့်တင်းခိုင်မာစေရအောင် တစ်မျိုးသားလုံးကျရာကဏ္ဍက တက်ညီလက်ညီ အားထုတ်ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်ကာလဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့်လည်း မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားစေရန်နှင့် မိမိပြည်သူများ စားဝတ်နေရေး ပြည့်စုံဖူလုံပြီး လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားစေရန် အခက်အခဲ၊ အကျပ်အတည်း၊ အနှောင့်အယှက်၊ အဟန့်အတား အဖုံဖုံကြားက နေ တိုင်းပြည်ကိုချစ်သည့်စိတ်၊ လူမျိုးကို ချစ်သည့်စိတ် သက်သက်ဖြင့် နေ့မအား၊ ညမနား အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိ၊ တင့်တင့်တယ်တယ် ရပ်တည်နိုင်ရေးသည် တိုင်းတစ်ပါးကို အားပြုမှီခိုရခြင်းမရှိသည့် ကိုယ်ပိုင်အမျိုးသားစီးပွားရေးဘဝတစ်ခု ခိုင်ခိုင်မာမာ ဖြစ်ထွန်းလာစေရန် လိုအပ်မည် ဖြစ်ကြောင်း။

အမျိုးသားစီးပွားရေးဘဝ

ယခုကဲ့သို့ အမှီအခိုကင်းသည့် အမျိုးသားစီးပွားရေးဘဝ ထူထောင်ရေးတွင် မိမိတို့၏ ကိုယ်ပိုင်သယံဇာတ အရင်းအမြစ်၊ မိမိတို့၏ ကိုယ်ပိုင် အမျိုးသားရေးစွမ်းအားတို့ကို အခြေခံပြီး စုစည်းညီညွတ်သည့် စွမ်းအားဖြင့် အားထုတ်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

ဘိုးစဉ်ဘောင်ဆက် လက်ထက်ကတည်းက စိုက်ပျိုးရေးနိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအဖို့ ကျေးလက်ကို အခြေပြုသည့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများသည် အမျိုးသားစီးပွားရေး ဘဝ၏ ပင်မအခြေခံများပင်ဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍကို အခြေခံကျကျ မြှင့်တင်ပေးနိုင်မှသာ အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းမှုကို ထိရောက်အကျိုးရှိစွာ မြှင့်တင်ပေးနိုင်မည် ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် စိုက်ပျိုးရေးကို အခြေခံသော အမျိုးသားစီးပွားရေးဘဝ ဖြစ်ထွန်းခိုင်မာလာစေရန်နှင့် မိရိုးဖလာသမားရိုးကျ စိုက်ပျိုးရေး လုပ်ငန်းများကို ခေတ်မီနည်းစနစ်များ အသုံးပြုပြီး အရည်အသွေးရော၊ တန်ဖိုးပါမြှင့်တင်ပေးနိုင်စေရန် နိုင်ငံတော် အစိုးရက စနစ်တကျအားပေး စီမံဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း။

ဟန်ချက်ညီညီ

ယခုဆိုလျှင် နိုင်ငံတော်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ရည်မှန်းချက်များနှင့်အညီ အောင်မြင်ဖြစ်ထွန်းနေသည့် အခြေအနေ အချိန်အခါကောင်းတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု မြှင့်တင်နိုင်စေရန် ဆည်ရေသွင်းရေ ရရှိရန်၊ သီးနှံအထွက်ကောင်း မျိုးသန့်များဖြင့် မျိုးပြောင်းလဲစိုက်ပျိုးရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက်မြေဩဇာများ ပေါင်းစပ်တိုးချဲ့ အသုံးပြုရေးနှင့် လယ်ယာသုံး စက်ကိရိယာများ တိုးချဲ့အသုံးပြုရေးစသည့် လုပ်ငန်းစဉ်လေးရပ်ကို ဟန်ချက်ညီညီပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ကြောင်း။

ထို့အပြင် စိုက်ပျိုးရေးကဏ္ဍတွင် စပါးသီးနှံတစ်မျိုးတည်းအားပြုထားမည့်အစား စပါး၊ ကြံ၊ ဝါ၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံနှင့် ပြောင်းစသည့် အဓိကသီးနှံ ၁၀မျိုးတွင် ဒေသအလိုက် အဖြစ်ထွန်းနိုင်ဆုံး သီးနှံများကို ရာသီအလိုက် စီစဉ်စိုက်ပျိုးကာ သီးနှံစိုက်စွမ်းအားတိုးမြှင့်နိုင်စေရန်နှင့် စပါးတစ်ဧကတင်း ၁၀၀၊ ချည်မျှင်ရှည်ဝါတစ်ဧကပိဿာ ၄၀၀၊ ကြံတစ်ဧက တန် ၃၀၊ အစေ့ထုတ်ပြောင်း တစ်ဧက တင်း၈၀၊ နေကြာတစ်ဧက တင်း ၅၀၊ မြေပဲတစ်ဧက တင်း ၅၀၊ မတ်ပဲ၊ ပဲတီစိမ်း တစ်ဧက တင်း ၂၀စသဖြင့် သီးနှံတစ်ခုချင်းအလိုက် အထူးအထွက်တိုးစေရအောင် ကြိုးပမ်းသွားကြစေရန် နိုင်ငံတော် အစိုးရက အဘက်ဘက်က အားပေးဆောင်ရွက်လျက်ရှိနေပြီလည်း ဖြစ်ကြောင်း။

တန်ဖိုးမြှင့်တင်

ယခုကဲ့သို့ ရာသီအချိန်အခါမရွေး တစ်နှစ်ပတ်လုံးသီးနှံများ စီစဉ်စိုက်ပျိုးနိုင်လာမှုများ၊ မြေရိုင်းများကို မြေယဉ်အဖြစ် တန်ဖိုးမြှင့်တင် ပြုပြင်စိုက်ပျိုးသွားနိုင်မှုများ ဖြစ်ထွန်းလာအောင် အဓိကအခန်းကဏ္ဍက အထောက်အကူပေးနေသည်မှာ စိုက်ပျိုးရေကို လိုအပ်သကဲ့သို့ ထိန်းချုပ်ပေးသွင်းနိုင်စေသည့် ဆည်မြောင်း တာတမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများပင် ဖြစ်သည်ဆိုသည်ကို လက်တွေ့အကျိုးခံစားနေကြရသည့် တောင်သူလယ်သမားကြီးများ အသိဆုံးပင်ဖြစ်ကြောင်း။

မြေသယံဇာတရှိပါလျက် စိုက်ပျိုးရေမရရှိ၍ စိုက်ပျိုးရေး မဖြစ်ထွန်းသည့်ဒေသများ၊ မိုးရာသီတွင် ရေကြီးရေမြုပ်၍ စိုက်ပျိုးရေး မဖြစ်ထွန်းသည့်ဒေသများ၊ မိုးရာသီတွင် ရေရသော်လည်း နွေရာသီတွင် ရေခန်းခြောက်၍ မိုးရာသီတွင်သာ စိုက်ပျိုးနိုင်သည့်ဒေသများ၊ ရာသီဥတုကြောင့် အောင်ရေ အပြည့်အဝ မရသည့် ဒေသများတွင် ရာသီအချိန်အခါမရွေး ရေလိုချိန်တွင် ရေရရှိအောင်၊ ရေမလိုချိန်တွင် ရေကို တားဆီးနိုင်အောင် စိုက်ပျိုးရေကို စနစ်တကျထိန်းချုပ်ပေးသွင်းစေနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတစ်ခုချင်း၏ လိုအပ်ချက်နှင့်အညီ ရေထိန်းတံခါးများ၊ ဆည်မြောင်း တာတမံများ၊ မြစ်ရေတင်စီမံကိန်းများနှင့် မြေအောက်ရေရရှိရေးစီမံကိန်းများကို စနစ်တကျစီမံတည်ဆောက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ယနေ့ ဖွင့်လှစ်သည့် ချောင်းမကြီး ရေလှောင်တမံပါဆိုလျှင် မိမိတို့အစိုးရလက်ထက်တွင် နိုင်ငံတစ်ဝန်းလုံး ဆည်မြောင်းတာတမံပေါင်း ၁၅၀ခု အသစ်ပေါ်ထွန်းလာခဲ့ပြီ ဖြစ်ကြောင်း။

အကျိုးဖြစ်ထွန်း

နိုင်ငံတော်ဘဏ္ဍာငွေက ငွေကျပ်သန်းပေါင်း ၆၃၄၀၀ကျော် ကျခံသုံးစွဲခဲ့ရသည့် ဆည်မြောင်းတာတမံ ၁၅၀၏ အကျိုးကျေးဇူးကို လယ်မြေဧကပေါင်းနှစ်သန်းကိုးသောင်းကျော် ရရှိခံစားနေကြရပြီဖြစ်ခြင်းကြောင့် ကျေးလက်နေ တောင်သူလယ်သမားပြည်သူများအတွက် များစွာ အကျိုးဖြစ်ထွန်းလျက်ရှိနေပြီလည်းဖြစ်ကြောင်း။

ပဲခူးတိုင်းအတွက် ဆိုလျှင်လည်း ယနေ့ဖွင့်လှစ်လိုက်သည့် ချောင်းမကြီး ရေလှောင်တမံအပါအဝင် မိမိတို့အစိုးရလက်ထက် တည်ဆောက်ပေးခဲ့သည့် ဆည်မြောင်းတာတမံပေါင်းသည် ၃၈ခုရှိခဲ့ပြီဖြစ်ကြောင်း။

၎င်းဆည်မြောင်း တာတမံ ၃၈ခု အတွက် နိုင်ငံတော် ဘဏ္ဍာငွေက ငွေကျပ်သန်းပေါင်း၂၃၀၀၀ကျော် ကျခံသုံးစွဲခဲ့ရပြီး တောင်သူလယ်သမားကြီးများအတွက် လယ်မြေဧက ငါးသိန်းကိုးသောင်းနီးပါးကို စိုက်ပျိုးရေမပြတ်ဖန်တီးပေးကာ အကျိုးပြုလျက်ရှိနေပြီဖြစ်ကြောင်း။

တည်ဆောက်ပေးနေ

လက်ရှိတွင်လည်း ဧက တစ်သိန်းကျော်စီ အကျိုးပြုမည့် ရဲနွယ်ရေလှောင်တမံ၊ ဖြူးချောင်း ရေလှောင်တမံနှင့် ခပေါင်း ရေလှောင်တမံတို့အပါအဝင် ရေလှောင်တမံနှင့် ရေထိန်းတံခါး ခြောက်ခုကို တည်ဆောက်ပေးနေဆဲဖြစ်ကြောင်း၊ ဆက်လက်ပြီးလည်း ရေလှောင်တမံပေါင်း ရှစ်ခုကို တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်နေပြီလည်း ဖြစ်ကြောင်း။

ယခုကဲ့သို့ မြောက်မြားလှသည့် ဆည်မြောင်းတာတမံများကို တစ်လလျှင် တစ်ခုနှုန်းခန့်ဖြင့် ဖွင့်လှစ်နိုင်စေရအောင် ငွေကုန်ကြေးကျ များစွာကျခံပြီး အလုံးအရင်းဖြင့် တည်ဆောက်ပေးနေခြင်းသည် တိုင်းပြည်ချမ်းသာကြွယ်ဝ၍၊ ပြည်ပက ကူညီပံ့ပိုးမှုများ အလျှံပယ်ရရှိနေ၍မဟုတ်ဘဲ မည်သူ၏ အကူအညီ၊ အထောက်အပံ့မှ မရရှိသည့်အပြင် ဖျက်လိုဖျက်ဆီး နှောင့်ယှက်ဟန့်တားနေကြသည့် ကြားက ကိုယ့်အားကိုယ်ကိုး မနေမနားကြိုးပမ်းအားထုတ်ရာကရရှိလာသည့် ချွေးနည်းစာဖြင့် မိမိနိုင်ငံသား ပြည်သူများ၏ အကျိုးစီးပွား သက်သက်ကိုသာ ကြည့်ပြီး တည်ဆောက်ပေးနေခြင်းပင် ဖြစ်ကြောင်း။

တိုင်းတပါးအကူအညီမပါ

ထို့အပြင် နိုင်ငံတော်တစ်ဝန်းလုံး ဖြန့်ကြက်တည်ဆောက်ပြီး အကောင်အထည်ဖော် ဖြစ်ထွန်းလာနေသည့် ဆည်မြောင်းတာတမံကြီးများ၊ မြစ်ကူး၊ ချောင်းကူးတံတားကြီးများ၊ လျှပ်စစ်စွမ်းအားစီမံကိန်းကြီးများစသည့် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံကြီးများအားလုံးသည် မည်သည့် တိုင်းတစ်ပါးအကူအညီမှ မပါဝင်ဘဲ မိမိတိုင်းရင်းသား အသိပညာရှင်၊ အတတ်ပညာရှင်၊ အင်ဂျင်နီယာပညာရှင်များ၏ စွမ်းအားသက်သက်ဖြင့်သာ တည်ဆောက်အောင်မြင် ဖြစ်ထွန်းလာခဲ့သည့် စီမံကိန်းကြီးများပင် ဖြစ်ကြောင်း။

ထို့အပြင် ဖွံ့ဖြိုးရေးအထူးဒေသ စီမံကိန်းကြီးအဖြစ် မြန်မာနိုင်ငံအနှံ့ ဒေသကြီး ၂၄ခု သတ်မှတ်ကာ တက္ကသိုလ်၊ ကောလိပ်များနှင့် အထူးကုဆေးရုံကြီးများ တည်ဆောက်ဖွင့်လှစ်ပေးမှုများ၊ ကျေးလက်ဒေသပြည်သူအများစုအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကောင်းအောင်၊ ကျေးလက်ရေရရှိအောင်၊ ပညာရေးကောင်းမွန်အောင်၊ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းသထက်ကောင်းအောင်နှင့် ကျေးလက်စီးပွားရေးဖြစ်ထွန်းလာအောင် ဆောင်ရွက်ပေးမှုများသည်လည်း နိုင်ငံတော်အစိုးရ၏ မိမိပြည်သူများအပေါ် ထားရှိသည့်

စာမျက်နှာ ၈ ကော်လံ ၁ သို့

ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ ချောင်းမကြီး(မြို့လှ)ရေလှောင်တမံကို ဝေဟင်မှတွေ့ရစဉ်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ ချောင်းမကြီး (မြို့လှ) ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားတွင် ချောင်းမကြီး(မြို့လှ) ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❑ **စာမျက်နှာ ၇ မှ**

စေတနာအရင်းခံ များကြောင့်သာ ဖြစ်ထွန်းနေခြင်းဖြစ်ကြောင်း၊ ထို့ပြင် နယ်စပ်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝမြင့်မားရေး၊ ဒေသဖွံ့ဖြိုးစည်ပင်လာရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကြီးကို ဆောင်ရွက်အကောင်အထည် ဖော်ခဲ့ခြင်းသည် မိမိတို့အစိုးရ တာဝန်စတင်ယူသည့် အချိန်ကစပြီးယနေ့အထိ ဆောင်ရွက်ပေးနေဆဲပင်ဖြစ်ကြောင်း၊ ဤစီမံကိန်းကြီးများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုကြီး ထာဝရ ရှင်သန်ခိုင်မြဲစေရေး ရည်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ပေးနေခြင်းပင် ဖြစ်ကြောင်း။

ထိရောက်စွာအသုံးပြု

ထို့ကြောင့် ပြည်သူများအပိုင်းကလည်း နိုင်ငံတော်အစိုးရက မိမိတို့အပေါ်ထားရှိသည့် မွန်မြတ်မြင့်မားသော စေတနာ၊ မဆုတ်မနစ် ကြိုးပမ်းအားထုတ်နေသည့် ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် တိုင်းရင်းသားပညာရှင်များ၏ စွမ်းပကားတို့ကို အခြေခံပြီးပေါ်ထွန်းလာခဲ့သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို အကျိုးရှိထိရောက်စွာ အသုံးပြုပြီး အမျိုးသားစီးပွားရေးဘဝ တိုးတက် တောင့်တင်းခိုင်မာစေရအောင်၊ မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ကြီးပွားစေရအောင် ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

လက်ရှိဖြစ်ထွန်းနေသည့် အစဉ်အလာကောင်းများနှင့်အညီ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်လျက် တိုးတက် ဖြစ်ထွန်းနေပြီဖြစ်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို အကျိုးရှိထိုက်တန်စွာ အသုံးပြုပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုလျှင် မည်သည့်တိုင်းတစ်ပါးက ကူညီ ထောက်ပံ့မှုကိုမှ မျှော်ကိုးစရာမလိုဘဲ၊ မည်သည့် နှောင့်ယှက်ဟန့်တားပိတ်ဆို့မှုများကိုမျှ မှုစရာမလိုဘဲ မိမိခြေထောက်ပေါ် မိမိ ခိုင်ခိုင်မာမာ၊ ထည်ထည်ဝါဝါ ရပ်တည်နိုင်မည်မှာ မလွဲဘူးဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

လက်တွဲကြိုးပမ်း

တိုင်းရင်းသားပြည်သူများကလည်း မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိရှိ၊ တင့်တင့်တယ်တယ်၊ ထည်ထည်ဝါဝါ ရပ်တည်နိုင်စေရေးအတွက် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးအားမာန်ကို တည်ဆောက်ရင်း မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေး စွမ်းအားကိုသာ အားကိုးအားထားပြုပြီး အမျိုးသားစီးပွားရေးဘဝ တိုးပွားခိုင်မာ တောင့်တင်းစေရအောင် နိုင်ငံတော်အစိုးရနှင့် ဆက်လက်ပြီး တက်ညီလက်ညီ လက်တွဲပူးပေါင်း ကြိုးပမ်းစွမ်းဆောင်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ ချောင်းမကြီး (မြို့လှ) ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားတွင် ရေလှောင် တမံ တည်ဆောက်ရေးတွင် ပါဝင်ခဲ့သောဆည်မြောင်းဦးစီးဌာနမှ စက်မှုဝန်ထမ်းများ ကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးယာကွတ်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ယခုအချိန်တွင် အနောက်နိုင်ငံကြီးအချို့ အထူးသဖြင့် အမေရိကန်အစိုးရက စီးပွားရေးပိတ်ဆို့မှုဖြင့် ငွေရေးကြေးရေး ခက်ခဲကျပ်တည်းအောင် မြန်မာပြည်သူများအပေါ် ရက်ရက်စက်စက် လုပ်ပြလိုက်ခြင်းကြောင့် သူတို့ဩဇာခံ ဖြစ်မည့်အစိုးရမျိုး အာဏာရရှိအောင် တမင်လုပ်ဇာတ်ခင်း တိုင်းပြည်အပေါ် အနိုင်ကျင့်လာသည်ကို လက်မြှောက်အရှုံးပေးခြင်းမျိုး မြန်မာတို့၏ သမိုင်းတွင် မရှိခဲ့သည်မှာ အမှန်ပင်ဖြစ်ကြောင်း။

ယခုကဲ့သို့ တစ်ဖက်သတ် အနိုင်ကျင့်မှုကို ဒူးထောက်အရှုံးပေးခြင်းမျိုး မဖြစ်ရအောင် သီးနှံအထူးအထွက်တိုးရေးကို နိုင်ငံတော်က သတ်မှတ်ပေးထားသည်နှင့်အညီ အမှန်တကယ် သီးနှံအထွက်နှုန်း ကောင်းရန်ကို ဝီရိယစွမ်းအား၊ ကိုယ်စွမ်းဉာဏ်စွမ်းအားစိုက်ထုတ်ကာ ကျေးလက်နေ တောင်သူလယ်သမားကြီးများ အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြပါဟု တိုက်တွန်းလိုကြောင်း။

လက်တွဲတွန်းလှန်

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ—

– **ယနေ့ဖွင့်လှစ်လိုက်သည့် ချောင်းမကြီးရေလှောင်တမံကို အကျိုးရှိထိုက်တန်စွာ အသုံးပြုပြီး မိမိတို့၏ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင်အောင်၊ မိမိတို့၏ စီးပွားရေးဘဝ၊ လူနေမှုဘဝ မြင့်မားသည်ထက်မြင့်မားအောင် ဒေသနေပြည်သူများအားလုံးက လုံ့လ၊ ဝီရိယအား တီထွင်ကြံဆမှုအားတို့ ပေါင်းစပ်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**

– **ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိ၊ တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ကြွားကြွား အစွန့်ရှည် တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ရေးအတွက် အမျိုးသားရေးအားမာန် ခိုင်မာတောင့်တင်းစေရအောင် မိမိတို့တတ်စွမ်းရာ အခန်းကဏ္ဍက တက်ညီလက်ညီ ပူးပေါင်းပါဝင် ကြိုးပမ်းတည်ဆောက်ပေးကြပါ၊**

– **နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးတို့ကို ထိပါးနှောင့်ယှက်နေသည့်အဖျက်အမှောင့်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားပြည်သူအားလုံးက ညီညီညွတ်ညွတ် လက်တွဲပြီး တွန်းလှန်တိုက်ဖျက်သွားကြပါ၊**

– **ယခု ဖွင့်လှစ်ပေးလိုက်သည့် ဆည်ရေကို အကျိုးရှိရှိ ထိထိရောက်ရောက်သုံးစွဲပြီး အထူးအထွက်တိုး စိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းအောင် ဝီရိယစွမ်းအားစိုက်ထုတ် ကြိုးပမ်းသွားကြပါဟု တိုက်တွန်းပြောကြားသည်။**

ရှင်းလင်းပြောကြား

ထိုနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်မှု ပဓာနစွမ်းအားစုများ စုဝေးတည်ရှိနေသည့် လယ်ယာစီးပွားရေးလုပ်ငန်းတွင် စွမ်းဆောင်ရည်မြင့်တင်ဆောင်ရွက် ပေးနိုင်သည်နှင့်အမျှ ကုန်ထုတ်လုပ်မှုများ တိုးတက်ပြီး နိုင်ငံ၏ စားရေရိက္ခာအပြင် ပို့ကုန်ဝင်ငွေမြင့်မားရေး အတွက်ပါ အားထားရကြောင်း၊ တစ်ဆက်တည်းမှာပင် တိုးမြင့်လာသည့် လယ်ယာထုတ်ကုန်များ၏ အကျိုးအမြတ် ဖြစ်ထွန်းမှုများက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပေါ် အဓိက မှီခိုအားထားနေကြသည့် ကျေးလက်ပြည်သူများ၏ ဝင်ငွေအဆင့်အတန်းသည်လည်း မြင့်မားပြီး လူမှုစီးပွားရေးဘဝပါ ခိုင်မာအင်အားရှိလာမည် ဖြစ်သည့်အတွက် နိုင်ငံတော်၏ စီးပွားရေးမဏ္ဍိုင် တိုးတက်ခိုင်မာရေးတွင် လယ်ယာလုပ်ငန်းက ကျေးထောက်နောက်ခံ ပြုပေးနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်သည် လယ်ယာစိုက်ပျိုးရေးကို အခြေပြုပြီး စက်မှုထွန်းကားသည့် နိုင်ငံတော်ကို နိုင်ငံတော်အကြီးအကဲ၏ တွေးဆမြော်မြင်မှုများဖြင့် လမ်းညွှန်ဦးဆောင် တည်ဆောက်နေသည့်အလျောက် ယခုကဲ့သို့ ပြည်သူ့အကျိုးစီးပွားကို ရှေးရှုပြီး ဖြစ်ထွန်းလာသည့် ဖွံ့ဖြိုးမှုအဆောက်အအုံများ ဆင့်ကဲဆင့်ကဲ ဖြစ်ထွန်းတည်ရှိလာမှုများသည် မြန်မာ့လယ်ယာစိုက်ပျိုးရေး ကဏ္ဍအတွက် ကမ္ဗည်းတင်ရစ်မည့် သမိုင်းမှတ်တိုင်များလည်းဖြစ်ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးမှု

ယခုဖွင့်လှစ်လိုက်သည့် ချောင်းမကြီး(မြို့လှ) ရေလှောင်တမံသည် ပဲခူးတိုင်း အရှေ့ခြမ်းဒေသ၏ လယ်ယာလုပ်ငန်းအတွက် ဆည်ရေသောက်စနစ် တိုးတက်ဖြစ်ထွန်းလာအောင် အားထုတ်လုပ်ကိုင်ပေးလိုက်သည့် ကျေးလက်ဒေသဖွံ့ဖြိုးမှု လုပ်ငန်းတစ်ခုအဖြစ်ဖြင့် အကောင်အထည် ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်း၌ မဏ္ဍိုင်တစ်ရပ်အဖြစ် အားပြုထားသည့် စက်မှုကုန်ကြမ်း ကြံသီးနှံ စိုက်ပျိုး ထုတ်လုပ်မှု တိုးတက်အောင် စွမ်းဆောင်ပေးခြင်းကနေ ဒေသအတွင်း လယ်ယာအခြေခံ စက်မှုကုန်ထုတ်လုပ်ငန်းကြီးများဖြစ်သည့် သကြားစက်များ၏ ကုန်ကြမ်းလိုအပ်ချက်ကို တိုးမြှင့်ဖြည့်ဆည်းနိုင်ရအောင် မျှော်မှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံ၏ ပထဝီသွင်ပြင်လက္ခဏာများနှင့် သဘာဝအခြေအနေပေးတည်ရှိနေမှုအပေါ်တွင် တိုင်းပြည်၏ လယ်ယာစီးပွားရေးမဏ္ဍိုင်ကို ခိုင်ခိုင်မြဲမြဲဖြင့် ရပ်တည်နိုင်ရအောင် ကျောထောက်နောက်ခံ ပြုပေးနေသည့် အောက်မြန်မာပြည်က ပြည်နယ်၊ တိုင်းဒေသများအနက်က ပဲခူးတိုင်းသည် ရိုးမကြီးကို အမှီပြုပြီး ဝိုင်းရံတည်ရှိလာသည့် ဖွံ့ဖြိုးမှုအခြေခံအဆောက်အအုံ စွမ်းအားစုများဖြင့် နိုင်ငံဖွံ့ဖြိုးမှုတွင် အားကိုးအားထားပြုရသော အခြေခံကောင်း ဒေသကြီး တစ်ခုလည်းဖြစ်ကြောင်း။

ယခုကဲ့သို့ အခြေခံကောင်းများအပေါ် တိုးတက်မှုလက္ခဏာများ ထပ်မံဖြစ်ထွန်းလာစေပြီး ဒေသဖွံ့ဖြိုးမှုကနေ နိုင်ငံတော်တိုးတက်စည်ပင်မှုကို ပိုမိုအထောက်အကူပြုနိုင်ရအောင် ပဲခူးရိုးမကို ယှက်သွယ်ပြီး ခက်ဖြာနေသည့် မြစ်ချောင်းများတွ[...] တမံလုပ်ငန်းများကို အ[...] အကောင်အထည်ဖော်[...] ကြောင်း။

ကျယ်ကျယ်ပြန့်ပြန့်[...]

ထို့ကြောင့် ဆန်စပါးပို[...]
ပြည်တွင်းစားသုံးဆီဖူလုံရေ[...]
အတွက် အားထားရသည့် ပဲ[...]
စက်မှုကုန်ကြမ်းသီးနှံများ [...]
ထုတ်လုပ်ရေး ရည်မှန်းချက်[...]
ကို အကောင်အထည်ဖော်[...]
စီးပွားတိုးတက်အောင် ဖန်[...]
သည့် ယနေ့ကာလတွင် [...]
ကုန်ထုတ်လုပ်ငန်းကနေ [...]
အတွင်း ဆန်စပါးထုတ်လုပ်[...]
အောင်၊ လယ်ယာပို့ကုန်[...]
ပဲမျိုးစုံ၊ ဝါ၊ ကြံ၊ ပြောင်[...]
စိုက်ပျိုးမှုတိုးတက်အောင် ပြ[...]
စားသုံးဆီအတွက် မြေပဲ၊ [...]
နေကြာသီးနှံများဖြင့် [...]
ဖြည့်ဆည်းနိုင်အောင်နှင့် [...]
အမယ်သစ် သစ်ဆိမ့်၊ ကော်[...]
ကောင်းသီးနှံများ ကျယ်က[...]
ပြန့် စိုက်ပျိုးမှုထွန်းကားလ[...]
ဖြည့်ဆည်း လုပ်ကိုင်ပေး[...]
ပဲခူးတိုင်းအနေဖြင့် ဒေသ[...]
လယ်ယာအခြေခံ အဆော[...]
များ၏ ထောက်ကူမှုအားဂ[...]
နိုင်ငံ၏ ရည်မှန်းချက်များ[...]
အောင်မြင်အောင် ပိုမို[...]
ဆောင်ရွက်ပေးနိုင်မည်ဟု [...]
ပါကြောင်း။

ယနေ့ ကမ္ဘာနှင့် အ[...]
စားနပ်ရိက္ခာ ဖူလုံရေး၊ [...]
လျော့နည်းပပျောက်ရေးနှင့်[...]
များ ရောဂါဘယကင်းဝေးပြီး[...]
စေ့ အသက်ရှင်နေထိုင်နိုင်ရေ[...]
အရေးလက္ခဏာများသည် [...]
နေရာ ရောက်လာပြီး အထူး[...]
လုပ်ကိုင်ကြရန် ဆော်ဩဖေ[...]
လာကြရပြီဖြစ်ကြောင်း၊ [...]
မြန်မာနိုင်ငံအဖို့ သဘာဝအ[...]
တရားများနှင့် အစိုးရနှင့် [...]
လက်တွဲကြိုးပမ်းမှုများက ပြ[...]
စားရေရိက္ခာ ဖူလုံမှုအပြင်[...]
တွင်း နိုင်ငံများ၏ ရိက္ခာလို[...]
ကို တစ်စိတ်တစ်ပိုင်းက ဖြ[...]
စီမံပေးနိုင်သည့် အနေအထာ[...]
များရှိကြောင်း၊ မိမိတို့၏ [...]
သဘာဝစွမ်းအားစုများအပေါ်[...]
မျှော်မှန်းပြီး စနစ်တကျ [...]

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အ[...] ရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ပဲခူးတိုင်း ရေတ[...] မြို့နယ်ရှိ ချောင်းမကြီး (မြို့လှ) ရေလှောင်တမံဖွင့်ပွဲ အခမ်းအန[...] မုခ်ဦးရှေ့၌ ဒေသခံပြည်သူများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်[...] (သတ[...]



စီးပွားကူးသန်း ရှေ့သို့လှမ်း

နေသည့် မြစ်ချောင်းများတွင် ဆည်တမံလုပ်ငန်းများကို အုံကျင်းဖွဲ့ အကောင်အထည်ဖော် ပေးနေကြောင်း။

ကျယ်ကျယ်ပြန့်ပြန့်

ထို့ကြောင့် ဆန်စပါးပိုလျှံရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပို့ကုန်အတွက် အားထားရသည့် ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများ တိုးတက်ထုတ်လုပ်ရေး ရည်မှန်းချက်ကြီးများကို အကောင်အထည်ဖော်ပြီး နိုင်ငံစီးပွားတိုးတက်အောင် ဖန်တီးစီမံနေသည့် ယနေ့ကာလတွင် လယ်ယာကုန်ထုတ်လုပ်ငန်းကနေ ဒေသအတွင်း ဆန်စပါးထုတ်လုပ်မှု ပိုလျှံအောင်၊ လယ်ယာပို့ကုန်အတွက် ပဲမျိုးစုံ၊ ဝါ၊ ကြံ၊ လျှော်သီးနှံများ စိုက်ပျိုးမှုတိုးတက်အောင် ပြည်တွင်းစားသုံးဆီအတွက် မြေပဲ၊ နှမ်း၊ နေကြာသီးနှံများဖြင့် တိုးတက်ဖြည့်ဆည်းနိုင်အောင်နှင့် သီးနှံအမယ်သစ် သစ်ဆိမ့်၊ ကော်ဖီ၊ ငရုတ်ကောင်းသီးနှံများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးမှုထွန်းကားလာအောင် ဖြည့်ဆည်း လုပ်ကိုင်ပေးနေသည့် ပဲခူးတိုင်းအနေဖြင့် ဒေသအတွင်း လယ်ယာအခြေခံ အဆောက်အအုံများ၏ ထောက်ကူမှုအားကို ယူပြီး နိုင်ငံ၏ ရည်မှန်းချက်များ ပြည့်ဝအောင်မြင်အောင် ပိုမိုကြိုးပမ်းဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့ ကမ္ဘာနှင့် အဝန်းတွင် စားနပ်ရိက္ခာ ဖူလုံရေး၊ ဆင်းရဲမှုလျော့နည်းပပျောက်ရေးနှင့် လူသားများ ရောဂါဘယကင်းဝေးပြီး လူတန်းစေ့ အသက်ရှင်နေထိုင်နိုင်ရေးဆိုသည့် အရေးလက္ခဏာများသည် ရှေ့တန်းနေရာ ရောက်လာပြီး အထူးအာရုံစိုက်လုပ်ကိုင်ကြရန် ဆော်ဩကြွေးကြော်လာကြရပြီဖြစ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအဖို့ သဘာဝအကျိုးပေးတရားများနှင့် အစိုးရနှင့် ပြည်သူလက်တွဲကြိုးပမ်းမှုများက ပြည်တွင်းစားရေရိက္ခာ ဖူလုံမှုအပြင် ဒေသတွင်း နိုင်ငံများ၏ ရိက္ခာလိုအင်များကို တစ်စိတ်တစ်ပိုင်းက ဖြည့်ဆည်းစီမံပေးနိုင်သည့် အနေအထားကောင်းများရှိကြောင်း၊ မိမိတို့၏ ရှိရင်းစွဲ သဘာဝစွမ်းအားစုများအပေါ် ရေရှည်မျှော်မှန်းပြီး စနစ်တကျ တွေးဆ

အသုံးချ၍ အခြေခံဖြစ်သည့် လယ်ယာကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်အောင် လိုအပ်သော အစီအမံများဖြင့် ဖြည့်ဆည်း အကောင်အထည်ဖော်နိုင်မှုများကြောင့် ဖြစ်ကြောင်း။

အခြေခံဒေသ

စားနပ်ရိက္ခာထုတ်လုပ်မှု အခြေခံရာဖြစ်သည့် လယ်ယာကဏ္ဍကိုကြည့်လျှင် အမျိုးသားရေးဂုဏ်အင်ကို ဖော်ညွှန်းသည့်အပြင် ယဉ်ကျေးမှုလက္ခဏာအသွင်ကို ဆောင်သည့် ဆန်စပါးသည် လူသားများ၏ ဘဝအတွက် အသက်သဖွယ်ဖြစ်တည်နေကြောင်း၊ ကမ္ဘာ့ဆန်စပါးထုတ်လုပ်မှုတွင် အာရှဒေသသည် ဆန်အိုးကြီးဖြစ်သကဲ့သို့ မိမိတို့ မြန်မာနိုင်ငံသည် ဆန်စပါးထုတ်လုပ်မှု အားကောင်းသည့် အခြေခံဒေသကြီး တစ်ခုအဖြစ် ပါဝင်နေကြောင်း။

များကို ဝိုင်းဝန်း စောင့်ရှောက်သွားကြရန် ပန်ကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ဤဒေသနေ တောင်သူလယ်သမား ပြည်သူများ ချောင်းမကြီး ရေလှောင်တမံ ဆည်ရေကြောင့် တိုးပွားလာမည့် လယ်ယာစီးပွားအကျိုးတရားများကို တိုးတက်ခံစားနိုင်ကြပြီး တိုင်းပြည်၏ လယ်ယာ ကုန်ထုတ်လုပ်မှုကို ပိုမိုဖြည့်ဆည်းပေးနိုင်ကြပါစေဟု ဆုမွန်ကောင်းများ တောင်းလိုက်ပါကြောင်းဖြင့် ပြောကြားသည်။

အခြေအနေကောင်း

ဆက်လက်၍ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုက ပြောကြားရာတွင် ယခုအချိန်တွင် နိုင်ငံတော်၏ အခြေခံအင်အားစုဖြစ်သည့် တောင်သူလယ်သမားများ၏ စီးပွားရေးဘဝ မြှင့်တင်ရန်

ထပ်မံအကျိုးပြုစေမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၃၀ တိုးမြှင့်ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည့်အပြင် ဓွဲဘက်၊ ရွှေလေ့အစရှိသည့် ရေထိန်းတံခါးတို့ကိုလည်း တည်ဆောက်ပြီးစီးပါက လယ်မြေဧက ၇၅၀၀၀ ကို တိုးမြှင့် အကျိုးပြုစေမည်ဖြစ်ကြောင်း။

တည်ဆောက်ပြီးစီး

ယခုဖွင့်လှစ်သည့် ရေလှောင်တမံသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တာဝန်ယူကာ တည်ဆောက်ပြီးစီးခဲ့သည့် ဆည်မြောင်းစီမံကိန်း၏(၁၅၀)မြောက် ရေလှောင်တမံဖြစ်ပြီး ပဲခူးတိုင်းအနေဖြင့် ၃၈ခုမြောက် ရေလှောင်တမံဖြစ်ကြောင်း၊ ယင်းကိန်းဂဏန်းများကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်က တည်ဆောက်ပြီးစီးခဲ့သည့် ရေလှောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ ဖွင့်ပွဲ အခမ်းအနားတွင် ချောင်းမကြီး(မြို့လှ)ရေလှောင်တမံကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ချောင်းမကြီး(မြို့လှ) ရေလှောင်တမံကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ သီးနှံစိုက်ပျိုးရေ ရရှိရေး၊ သောက်သုံးရေ ဖူလုံရေး၊ ပတ်ဝန်းကျင်ဒေသ စိမ်းလန်းစိုပြည်ရေးတို့အတွက် ပဲခူးတိုင်းအတွင်းရှိ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်တကွ ဒေသခံပြည်သူများက အသိစိတ်ရှိရှိ၊ တာဝန်သိသိဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြပါဟု ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများနှင့် တောင်သူလယ်သမားများကိုယ်စား မြို့လှမြို့ ငွေတောင်ကျေးရွာ အုပ်စုမှ ဒေသခံပြည်သူ ဦးတင်ဝင်းက ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရကို ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ တည်ဆောက်

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ၏ ပင်မတမံ၊ ရေပိုလွှဲနှင့် ရေထိန်းမျှော်စင်တို့ကို ကြည့်ရှုစစ်ဆေးကာ ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဒေသ၌ မိုးရွာသွန်းမှုအခြေအနေနှင့် ရေလှောင်တမံ ရေဝင်နိုင်မည့် အလားအလာ၊ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ၏ ရေသိုလှောင်နိုင်မှု ပမာဏ၊ အကျိုးပြုဒေသအတွင်း စိုက်ပျိုးရေ

ဖြန့်ဝေပေးမည့် အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်းဝင်းက ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြို့သို့ ရောက်ရှိကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ လေကြောင်း အတတ်သင်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

ဆည်မြောင်းကန်ချောင်းများသည် ထိန်းသိမ်းနိုင်မှုကောင်းလျှင် ကောင်းသည့်အလျောက် ရေရှည် အကျိုးခံစားကြရခြင်းကြောင့် ရေလှောင်တမံ၏ ရေစီးဝင်မှု ကောင်းစေရန် ရေဝေရေလဲများ ကောင်းမွန်စေရေး အတွက် ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန်နှင့် ဆည်ရေကိုအကျိုးရှိရှိ သုံးစွဲနိုင်ရန် အတွက်လည်း တမံနှင့် ဆည်မြောင်း အဆောက်အအုံများ၊ ရေပေးမြောင်း

အဓိကလိုအပ်ချက် တစ်ခုဖြစ်သည့် ရေရရှိရေးလုပ်ငန်းအဖြစ် ပဲခူးတိုင်း၊ ရေတာရှည်မြို့နယ်အတွင်းရှိ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းဖြင့် ဒေသအတွက်သာ နိုင်ငံတော်အတွက်ပါ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်မြင်ဖြစ်ထွန်းလာမည့် အခြေအနေကောင်း တစ်ရပ်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ စားနပ်ရိက္ခာ ဖူလုံရေးနှင့်အတူ ရေမြေတောတောင် သဘာဝလည်း စိမ်းလန်းစိုပြည်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပဲခူးတိုင်းအရှေ့ဘက်ခြမ်းတွင် ၁၉၈၈ခုနှစ်မှစပြီး ယနေ့အထိ ဆွာချောင်း၊ ပသိ၊ ရေသိုး၊ မင်းရဲ၊ ငမြွေ၊ ဘိုင်းဒါး၊ အလိုင်နီ၊ ဘောနီ၊ ဖောင်းတူ၊ ကောလိယနှင့် ယခု ချောင်းမကြီး(မြို့လှ) အစရှိသည့် ရေလှောင်တမံများ တည်ဆောက်ပြီးစီးခဲ့သည့်အတွက် လယ်မြေဧက ၁၇၂၈၅၀ကို အကျိုးပြုနိုင်ခဲ့သကဲ့သို့ ရှမ်းကိုင်၊ ပိုင်ကျုံ၊ တာဝရေတံခါးများ တည်ဆောက်နိုင်ခဲ့သည့်အတွက် မိုးရာသီတွင် ရေလွှမ်းမိုးမှုအန္တရာယ်မှ ကာကွယ်နိုင်ခြင်းနှင့် နွေရာသီတွင် ရေငန်ဒီရေ ရောက်ရှိသော လယ်မြေဧက ၈၇၀၀၀ကို ကာကွယ်အကျိုးပြုစေနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တည်ဆောက်ဆဲဖြစ်သည့် ခပေါင်း၊ ဖြူး၊ ရဲနွယ် စသည့် ရေလှောင်တမံများ ပြီးစီးပါကလည်း လယ်မြေဧက ၃၇၆၅၀၀ကို

တမံများ၊ ရေထိန်းတံခါးများ အားလုံးအနက် ပဲခူးတိုင်း၌ လေးပုံတစ်ပုံခန့် တည်ဆောက်ပေးခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ မိုးသီးနှံများ အောင်မြင်သေချာမှုရှိရေး၊ နွေရာသီ သီးနှံ စိုက်ပျိုးရေးတို့အတွက် ရေလှောင်တမံများ၊ ရေထိန်းတံခါးများ တည်ဆောက်ပေးခြင်းသည် ဒေသအတွက် များစွာအကျိုးရှိသဖြင့် ပဲခူးတိုင်းအတွင်းရှိ ဒေသခံပြည်သူလူထုနှင့် တောင်သူလယ်သမားများကိုယ်စား တည်ဆောက်အကောင်အထည်ဖော်ပေးသည့် နိုင်ငံတော်အကြီးအကဲကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံပြီး မိမိတို့ လက်ဝယ်ရောက်ရှိလာသည့် ရေလှောင်တမံများ၊ ရေထိန်းတံခါးများကို ရေရှည်သားစဉ်မြေးဆက် ဆက်လက် အကျိုးခံစားနိုင်အောင် မိမိတို့၏ ကိုယ်ပိုင်ဥစ္စာသဖွယ် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ ရေလှောင်တမံ ရေဆင်းဇရိယာအတွင်း သစ်တောသစ်ပင် ပြုစုပျိုးထောင်စိုက်ပျိုးကြရန်၊ ရေလှောင်တမံ ရေထိန်းမျှော်စင်၊ ရေထိန်းတံခါး၊ ရေပေးမြောင်း အဆောက်အအုံများကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန်၊သတ်မှတ်ထားသည့် ဆည်မြောင်းတာတမံဆိုင်ရာ ဥပဒေကို လေးစားလိုက်နာကြရန် အထူးလိုအပ်ကြောင်းကို အသိပေး ပြောကြားလိုကြောင်း။

ရေးတွင် ပါဝင်ခဲ့သော ဆည်မြောင်းဦးစီးဌာန မြို့ပြ ဝန်ထမ်းများကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်အားလည်းကောင်း၊ စက်မှုဝန်ထမ်းများကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးယာကွတ်အားလည်းကောင်း ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ ဖွင့်ပွဲအစီအစဉ်ကို ရေလှောင်တမံထိပ် မင်္ဂလာမုခ်ဦး၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်တို့က ချောင်းမကြီး(မြို့လှ) ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ် ဖွင့်လှစ် အပြီးတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ဖွင့်ပွဲ မုခ်ဦးရှေ့၌ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉-၈-၂၀၀၃ (အင်္ဂါနေ့)

၁၃၆၅ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ရက်(အဖိတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ ဖောင်းကတောရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၂၅ ၃။ ရန်ကုန်တိုင်း၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ပဋ္ဌမအကြိမ်ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ (တတိယဆု) (အထက-၁၊ မှော်ဘီ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၄:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရူပဗေဒ၊သတ္တဗေဒ အထူးပြုများ) (ရက္ခဗေဒ)
- ၅:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅:၂၅ ၇။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
- ၅:၄၀ ၈။ ၂၀၀၃ခုနှစ်ဇကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် မဟာဂီတ (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား၊အမျိုးသမီး)
- ၅:၅၀ ၉။ ဆိုကြမယ်ပျော်ကြမယ်
- ၆:၃၀ ၁၀။ ညနေခင်းသတင်း
- ၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၂။ Milo Success In Soccer.
- ၇:၁၀ ၁၃။ **မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း စတုတ္ထဆယ်စုနှစ် (အပိုင်း-၁)**
- ၇:၄၀ ၁၄။ မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲ(အပိုင်း-၅)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ ဟိုတယ်ချစ်သူ (အပိုင်း-၃)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

...သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း... ...ညွန့်နှင့် အဖွဲ့ဝင်များ ပဲခူးတိုင်း ရေတာရှည် ...(...လှ) ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားတွင် ...များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

လှည့်လည်ကြည့်ရှု

ဩဂုတ် ၁၆ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် မန္တလေးတိုင်း ကျောက်ဆည်မြို့ အင်းကုန်းရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံတွင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

သားငါးဖွံ့ဖြိုး၊ ဖြည့်အကျိုး

ကြခတ်ဝိုင်းဆရာတော် ကိုးပါးသီလတရားချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၁၈

နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးမြို့ သီရိမင်္ဂလာကြခတ်ဝိုင်းကျောင်းတိုက် ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇောတိပါလက နဝင်္ဂဥပေါသထကိုးပါးသီလတရားတော်မြတ်ကို ၁၃၆၅ခုနှစ် ဝါခေါင်လပြည့်ကျော်၈ရက် ဩဂုတ်၂၀ရက် (ဗုဒ္ဓဟူးနေ့)မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်များအပြီးတွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။(သတင်းစဉ်)

ဖြူးမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဩဂုတ် ၁၈

ဖြူးမဟာစည် ဓမ္မရက္ခိတကျောင်းတိုက်၌ ကျင်းပရန်ရှိသော ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ်၂၄ရက်(တနင်္ဂနွေနေ့)အစား ဩဂုတ်၂၃ရက်(စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပရန် ပြောင်းရွှေ့စီစဉ်ထားသည်။ ယင်းကျောင်းတိုက်သို့ ဘတ်စ်ကား ၁၈၄(ပါရမီ)၊ ၂၀၄(မိနီဘတ်စ်)အုတ်ကျင်း-ရွှေဂုံတိုင်-သန်လျက်စွန်းစီး၍ ကမာရွတ်ဘူတာရုံမှတ်တိုင်တွင်ဆင်းရန်နှင့် မြို့ပတ်ရထားစီးလာပါက ကမာရွတ်ဘူတာရုံတွင်ဆင်းရန်၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ အသင်းဝင်သူများဖြစ်စေ၊ အသင်းမဝင်သူများပင်ဖြစ်စေ လာရောက်နိုင်ကြောင်း အလုပ်အမှုဆောင်ကော်မတီက ဖိတ်ကြားထားကြောင်းသိရသည်။ (က-ပ)

ဩဂုတ်၁၈ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီး ဗိုလ်မှူးချုပ်အေးဘယ်လ်နှင့်ဇနီးတို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ညှော်ခံပွဲသို့တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Yamasita Lahay နှင့် ဇနီးတို့ကကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

● **စာမျက်နှာ ၉ မှ**

လေတပ်စခန်း စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင့်နှင့် စစ်ဘက်နယ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ကြိုဆို

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ စီးပွားရေးတက္ကသိုလ်သို့ ရောက်ရှိကြရာ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိမ်းမြင့်၊ ဒုတိယပါမောက္ခချုပ် ဦးသန်းဆွေနှင့် ပါမောက္ခဌာနမှူးများနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိမ်းမြင့်က မိတ္ထီလာ စီးပွားရေးတက္ကသိုလ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ ဖွင့်လှစ်ထားသော ဘွဲ့ကြိုဘွဲ့လွန် သင်တန်းများ၊ သင်ကြားစီမံဝန်ထမ်းအင်အား၊ ကျောင်းသား၊ ကျောင်းသူဦးရေ၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ တပ်ဆင်သင်ကြားနေမှု အပါအဝင် သင်ကြားစီမံကိန်းစရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်ကဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ရွှေနန်းသစ်ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးမြင့်ဟန်က မိတ္ထီလာ စီးပွားရေးတက္ကသိုလ် ပင်မလေးထပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို ပုံစံငယ်ကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပင်မလေးထပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

မိတ္ထီလာဂျစ်

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ စက်မှုဇုန်ရှိ ရွှေနဂါး မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြပြီး မိတ္ထီလာဂျစ် တံခါးလေးပေါက်၊ တံခါးနှစ်ပေါက် ထုတ်လုပ်နေမှု၊ နှစ်တန်နှင့် နှစ်တန်ခွဲ မော်တော်ယာဉ်များ ထုတ်လုပ်နေမှုကိုကြည့်ရှုကြသည်။

ဈေးကွက်ရရှိ

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မိတ္ထီလာ စက်မှုဇုန်ခန်းမ၌ စက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံရာ တင်ပြသည့် လုပ်ငန်းလိုအပ်ချက်များကို စီစဉ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အတွင်း စက်မှုဇုန်များ ခိုင်ခိုင်မာမာဖြစ်ထွန်းနေပြီး မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများလည်းတိုးတက်အောင်ဖြစ်နေပြီ ဖြစ်သည်နှင့်အညီ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းရှင်များသည်လည်းအတွေ့အကြုံတိုးပွားရရှိနေသကဲ့သို့ ဈေးကွက်ပါ ရရှိနေကြပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရကလည်း စက်မှုဇုန်များတိုးတက်အောင်မြင်ရေး၊ မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းရေးတို့အတွက် လိုအပ်သည်များကို အဘက်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

အမျိုးသားအဆင့် စက်မှုလက်မှုပြပွဲကြီးများ စီစဉ်ကျင်းပပေးခဲ့သကဲ့သို့ စက်မှုဇုန်အသီးသီးက ပြည်တွင်း၌ထုတ်လုပ်သည့် မော်တော်ယာဉ်ပြပွဲကြီးကိုလည်း ရန်ကုန်မြို့တော်ကြီး၌ ကျင်းပပေးခဲ့ပြီးဖြစ်ကြောင်း။

သို့ဖြစ်၍ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းရှင်များကလည်း မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ဖြစ်ထွန်းအောင်၊ ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားအောင်၊ ထုတ်လုပ်သည့် မော်တော်ယာဉ်များအပေါ် ပြည်သူများကြိုက်နှစ်သက်ပြီး စိတ်ကျေနပ်မှု ရရှိစေအောင်နှင့် အရည်အသွေးနှင့် အဆင့်အတန်း တိုးတက်မြင့်မားသည်ထက် မြင့်မားစေရအောင် အားထုတ်ကြိုးပမ်းကြရန် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

မန္တလေး ICT Park
International ICT Exhibition 2003

* **Hardware** ပြခန်းများ
* **Software** ပြခန်းများ
* ပညာရေးပြခန်းများ
* ပညာရေးဆိုင်ရာ ဟောပြောပွဲများ

ကျင်းပမည့်နေ့ - ၁၆-၈-၂၀၀၃ မှ ၂၀-၈-၂၀၀၃ ထိ။
ကျင်းပမည့်အချိန် - နံနက်(၉:၀၀)နာရီမှ ညနေ(၅:၀၀)နာရီထိ။
ကျင်းပမည့်နေရာ - ရတနာပုံဈေး စတုတ္ထထပ်၊ မန္တလေး။

လွှဲပြောင်းပေးအပ်

ဩဂုတ် ၁၄ ရက်က တာမွေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ကျားကွက်သစ်(စံပြ)ရပ်ကွက်တွင် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဦးက ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ချစ်သို့ စိစစ်ရေးကတ်ပြားများ လွှဲပြောင်းပေးအပ်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၈-၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ပထမနှစ် (မြန်မာမှုပညာ) (ခ) ပထမနှစ် (ဒဿနိကဗေဒ)
၅:၃၀	၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ မြန်မာ့ရှုခင်း
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အသည်းချင်းတူရင် ကြည်ဖြူပါ့မယ်ရှင် (အပိုင်း-၅)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။ **အရှင်ဇနကာဘိဝံသ-ထေရုပ္ပတ္တိမှတ်တမ်း (အပိုင်း-၁၄) မဟာဂန္ဓာရုံမှာတစ်နေ့တာ**
	၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း မုန်တိုင်းကြားကမြစ်တစ်စင်း (အပိုင်း-၁၇)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ငယ်တံတား (မန္တလေး) တည်ဆောက်ရေး စီမံကိန်းတွင် ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကျောက်ဆည်ခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှု မြစ်ငယ်တံတား(မန္တလေး) တည်ဆောက်မှုအခြေအနေများ စစ်ဆေး

ရန်ကုန် ဩဂုတ် ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မန္တလေးတိုင်း စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်တို့လိုက်ပါလျက် ဩဂုတ် ၁၅ရက် မွန်းလွဲပိုင်းတွင် ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်များအတွင်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ချောင်းငယ်နှင့် ရိုးများကို ရေစီးရေလာကောင်းမွန်ရန် တူးဖော်ဆောင်ရွက်ခြင်း၊ ရေမြုပ်နေသော စပါးစိုက်လယ်မြေများ ပြန်လည်ပေါ်ထွက် စိုက်ပျိုးနိုင်မှုအခြေအနေများနှင့် ရန်ကုန်-မန္တလေး ခြောက်လမ်းသွား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မြစ်ငယ်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်များသို့ လှည့်လည်သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဖြစ်ထွန်းအောင်မြင်

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကျောက်ဆည်မြို့နယ် အရှေ့ငယ်တိုးရွာအနီးသို့ ရောက်ရှိကြပြီး ဘိုးဘေးရိုးကို ရေစီးရေလာကောင်းအောင် တူးဖော်ထားရှိမှုနှင့် ယခင်က ရေနစ်မြုပ်နေခဲ့သော စပါးစိုက်လယ်မြေများတွင် နှွေစပါး၊ မိုးစပါး စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး မွန်းလွဲ ၂နာရီ မိနစ် ၅၀တွင် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ရှိ နတ်သူရဲချောင်းသို့ ရောက်ရှိကြရာ နတ်သူရဲချောင်း ရေစီးရေလာ အခြေအနေ၊ ချောင်းကို ပြန်လည်တူးဖော်ထားမှု အခြေအနေနှင့် ချောင်းအနီး၌ စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး နတ်သူရဲချောင်း တစ်လျှောက် ရေဝင်မှု၊ သီးနှံများ ဖြစ်ထွန်းအောင်မြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြကာ ညနေ ၃နာရီ ၂၅မိနစ်တွင် ရန်ကုန်-မန္တလေးခြောက်လမ်းသွား ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ မြစ်ငယ်တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား မြစ်ငယ်တံတား တည်ဆောက်ရေး စီမံကိန်းမှ အင်ဂျင်နီယာမှူး (မြို့ပြ) ဦးစိုးမင်းက မြစ်ငယ်တံတား တည်ဆောက်နေမှုတွင် ပလိပ်ဘက်ခြမ်း၌ ချဉ်းကပ်တံတားတိုင်အမှတ် (A.1) နှင့် (P.3) တို့တွင် ဘိုးပိုင်အုတ်မြစ် ၂၆လုံး၊ မန္တလေးဘက်ကမ်းတွင် ချဉ်းကပ်တံတားတိုင် အမှတ် (P-9) ၌ ဘိုးပိုင်အုတ်မြစ် ၁၂လုံး တည်ဆောက်ပြီးစီးနေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ဆောက်လုပ်ရေးပစ္စည်းနှင့် စက်ယန္တရားများ ရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အထက်မြန်မာပြည် ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုင်းသိန်းမောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပလိပ်ဘက်ကမ်းရှိ ကုန်းပေါ်၌ ဆောင်ရွက်နိုင်သမျှလုပ်ငန်းများ အမြန်ပြီးစီးရေး၊ ရေလယ်တိုင်လုပ်ငန်းများကိုလည်း ရေအတက်အကျပေါ်မူတည်၍ ဆောင်ရွက်ရေး၊ တံတားကြီး အမြန်ပြီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် မြစ်ငယ်မြစ်၏ ရေစီးရေလာအခြေအနေ၊ တံတားတည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့သို့ ဆက်လက်ထွက်ခွာကြကာ မန္တလေးမြို့၌ ညအိပ်ရပ်နားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီသို့ စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း အမှတ်(၆၄)ရှိ လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဝင်နှင့် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာ ကော်မတီဝင်နှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသည့် ဒေါ်ခင်သန်းနွဲ့၊ ဒေါ်သန်းသန်းနွဲ့နှင့် လုပ်ငန်းကော်မတီဝင် ဒေါ်ခင်အေး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဝင်နှင့် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက အလှူငွေများ လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီမှ လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာန(တွံတေး)သို့ လှူဒါန်းသော Tri Star အပ်ချုပ်စက် ငါးလုံးကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဝင်နှင့် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက ပေးအပ်ရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ဇနီးများက ကျောင်းသုံး ဗလာစာအုပ်များဝယ်ယူရန် အလှူငွေကျပ် ၆၀၀၀၀ ကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ အကြံပေးပုဂ္ဂိုလ် ဒေါ်သန်းသန်းနွဲ့က ပေးအပ်ရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဝင်နှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်မှူးမောင်လတ် (ငြိမ်း)-ဒေါ်နန်းယဉ် မိသားစု(စိုးစံလေ့ကျင့်ရေး သင်တန်းကျောင်း ပြင်ဦးလွင်မြို့)က မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီသို့ အလှူငွေကျပ် ၃၅၀၀၀၀၀၊ မန္တလေးတိုင်း အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီသို့ အလှူငွေကျပ် ၂၀၀၀၀၀၀၊ ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီသို့ အလှူငွေကျပ် ၅၀၀၀၀၀၊ ပြင်ဦးလွင်မြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီသို့ အလှူငွေကျပ် ၃၀၀၀၀၀ စုစုပေါင်း အလှူငွေကျပ် ၆၃၀၀၀၀၀ ကိုလည်းကောင်း၊ ဦးမင်းဒင်-ဒေါ်ဝင်းဝင်းအေး(ခ)မကြီး(ရတနာဝင်းပွဲရုံ)၊ ဦးဇော်မင်းဦး - ဒေါ်ဝင်းဝင်းဌေး(ခ)မငယ် (အောင်ရတနာဝင်းပွဲရုံ၊ ဘုရင့်နောင်ပွဲရုံ)တို့က အလှူငွေကျပ် ၅၀၀၀၀၀ ကိုလည်းကောင်း၊ ဦးမြတ်သင်းအောင်-ဒေါ်ခင်မြင့်မြင့် (Aung Aung Group)က ငွေကျပ် ၃၃၁၁၀၀ တန်ဖိုးရှိ လေအေးပေးစက်တစ်လုံးကို လည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဝင်နှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ထို့နောက် ကျေးလက်ဒေသ ရေရရှိရေးအတွက် စက်ရေတွင်း အလှူငွေများကို လသာလမ်း အမှတ် ၁၂၄ မှ ဒေါ်ခင်လှဝင်းမိသားစုက အလှူငွေကျပ် ၅၀၀၀၀၀ ကိုလည်းကောင်း၊ ဦးအောင်ဝင်း-ဒေါ်ကြည်ကြည်အောင် မိသားစုက အလှူငွေကျပ် ၂၀၀၀၀၀ ကိုလည်းကောင်း၊ ဒေါ်ဝေဝေမြိုင်က Wai-Theingi ၏ “Myanmar” အမည်ရှိ အင်္ဂလိပ်စာအုပ် ၂၅အုပ်ကို လည်းကောင်း၊ ဦးကျော်လင်း-ဒေါ်ဒေစီကျော်လင်း (ဒေစီကျော်လင်း ပွဲထိုင်ဇာဆိုင်)က အလှူငွေကျပ် ၅၀၀၀၀ ကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ ပညာရေးဆပ်ကော်မတီအကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ လှူဒါန်းပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီသို့ စေတနာရှင်အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဝင်နှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ အလှူရှင်များက လှူဒါန်းသော အလှူငွေနှင့် ပစ္စည်းများကို လက်ခံစဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီသို့ စေတနာရှင် အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ ပညာရေးဆပ်ကော်မတီ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့ အလှူရှင်များက လှူဒါန်းသော အလှူငွေနှင့် ပစ္စည်းများကို လက်ခံစဉ်။ (သတင်းစဉ်)

တည်ငြိမ်အေးချမ်းမှု၊ စုစည်းတည်ဆောက်မှု ဖွံ့ဖြိုးတိုးတက်စည်ပင်မှု ကောင်းကျိုးရလဒ်များ

မိုက္ကရိုဝေ့ဗ်တိုင်

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ အရှေ့ဘက် နွားလားဥဿဖတောင်ထိပ် ရွှေဘုန်းပွင့်ဘုရားအနီးရှိ ဆက်သွယ်ရေးမီဒီယာတစ်ခုဖြစ်သည့် မိုက္ကရိုဝေ့ဗ်တိုင်ကြီးကို တွေ့ရစဉ်။ (ဝဲပုံ)

ဓာတ်ပုံမှတ်တမ်း–သွင်အေး(ကြေးမုံ)

ဓာတ်ပုံမှတ်တမ်း

သွင်အေး(ကြေးမုံ)

အောင်မိုး(ကြေးမုံ)

ရေအားလျှပ်စစ်ဓာတ်အား

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းမြို့နယ်ခွဲရှိ နောင်လုံကန်အတွင်းမှ ဟိုမိန်းမြို့နယ်ခွဲအတွက် ရေအားလျှပ်စစ်ဓာတ်အားထုတ်ယူရန် သွယ်တန်းထားသော ပိုက်လိုင်းကို ဤသို့တွေ့ရသည်။ (ယာပုံ)

ဓာတ်ပုံမှတ်တမ်း–သွင်အေး(ကြေးမုံ)

ချောင်းမကြီး (ပျဉ်းမနား) တမံတည်ဆောက်

မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်ရှိ ချောင်းမကြီး(ပျဉ်းမနား) ရေလှောင်တမံတွင် ဆည်ရေသောက် ဧက ၂၀၀၀ သို့ ရေထုတ်ပေးရန်အတွက် တည်ဆောက်လျက်ရှိသော ရေထုတ်ပြွန်ကို ဩဂုတ် ၈ ရက်က တွေ့ရစဉ်။ (အောက်ပုံ)

ဓာတ်ပုံမှတ်တမ်း–အောင်မိုး(ကြေးမုံ)



ဂရင်းနိုက်ကျောက်ပြားစက်ရုံမှ ဖိတ်ခေါ်သံ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ–ကျိုက်ထို ရန်နောင်စိုး

ရန်ကုန် ဩဂုတ် ၁၈

မွန်ပြည်နယ်၏ တံခါးဝမြို့ဖြစ်သော ကျိုက်ထိုမြို့တွင် ဂရင်းနိုက်အလှဆင်ကျောက် ထုတ်လုပ်ရေးစက်ရုံ တည်ရှိပါသည်။ ကျိုက်ထိုမှ ကျိုက်ထီးရိုးဘုရားသွား ကားလမ်းပေါ်တွင် တည်ရှိပြီး ကျိုက်ထီးရိုးတောင်ကို နောက်ခံပြုလျက် ခံ့ညားထည်ဝါစွာ တည်ဆောက်ထားသည်။

နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်လေးရပ်ပါ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသော ဦးတည်ချက်နှင့်အညီ နိုင်ငံတော်အစိုးရက ဂရင်းနိုက်ကျောက်ပြားစက်ရုံသုံးရုံကို တည်ဆောက်ပေးခဲ့ပါသည်။ အမှတ်(၁)စက်ရုံ(ကျောက်ဆည်)၊ အမှတ်(၂)စက်ရုံ(ပျဉ်းမနား)၊ အမှတ်(၃)စက်ရုံ(ကျိုက်ထို)တို့ဖြစ်ပါသည်။

၁၉၉၈ခုနှစ်တွင် သန္ဓေတည် မွေးဖွားခဲ့သော ဂရင်းနိုက်စက်ရုံများကို တပ်မတော်ရေးရာဝန်ကြီးဌာန မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းလက်အောက်မှ ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက် လက်အောက်သို့ စက်ရုံအမှတ်(၃) ကျိုက်ထိုကိုလွှဲပြောင်းခဲ့ပြီး စက်ရုံ (၁၊၂) တို့အား စက်မှု(၁)ဝန်ကြီးဌာန လက်အောက်သို့ လွှဲပြောင်း ပေးအပ်ခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၏ ညွှန်ကြားမှုကိုခံယူပြီး စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်နှင့် ဒု–စက်ရုံမှူး ဗိုလ်မှူးလှသွင်တို့၏အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် ကျိုက်ထိုမြို့ ဂရင်းနိုက်အလှဆင် ကျောက်ထုတ်လုပ်ရေးစက်ရုံမှာ ၁၉၉၈ခုနှစ်မှစ၍ ယနေ့တိုင်အောင် ထုတ်လုပ်မှုမပျက် အရောင်းအဝယ်သွက်လျက် နိုင်ငံတော်၏စီးပွားရေး ဈေးကွက်ကိုတစ်ဖက်တစ်လမ်းမှ ဖြည့်စွက်ပေးလျက်ရှိပေသည်။

ကျောက်လွှာစက်ဖြင့်လွှာပြီး ကျောက်ပြားကြမ်းများ။ (ဓာတ်ပုံ–ကျိုက်ထိုရန်နောင်စိုး)





ကျောက်လွှာစက်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–ကျိုက်ထိုရန်နောင်စိုး)

ရှေးယခင်က လမ်းခင်းကျောက်အဖြစ်နှင့်သာ အသုံးဝင်ခဲ့သော ဂရင်းနိုက်ကျောက်များမှာ ကျွမ်းကျင်သော ဘူမိဗေဒပညာရှင်များ၏ စူးစမ်းလေ့လာ တွေ့ရှိချက်ဖြင့် ယနေ့ဆိုလျှင် နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ လူနေတိုက်တာများတွင် အလှဆင်ကျောက်ပြားများအဖြစ် နေရာယူခဲ့ကြသည်ကို တွေ့မြင်နေရပါသည်။

မိမိအနေဖြင့် ထုတ်လုပ်မှုအဆင့်ဆင့်ကို အကျဉ်းမျှ ဖော်ပြလိုပါသည်။ ကျောက်မိုင်းမှ ၂.၅ x ၁.၅ x ၁.၅= ၅.၆၂၅ မီတာရှိ အလေးချိန် ၁၈ တန်ခန့်ရှိသော စံချိန်မီ ကျောက်တုံးများကို ထုတ်လုပ်ရပါသည်။ ကျောက်မိုင်းအတွင်းမှ ထုတ်လုပ်ပြီး ကျောက်တုံးများကို စက်ရုံသို့ သယ်ယူရပါသည်။ စက်ရုံတွင်စံချိန်မီ ကျောက်တုံးနှစ်တုံးကို ဝန်ချီစက်ဖြင့် ထရော်လီပေါ်တင်ပြီး မလှုပ်ရှားနိုင်အောင် ပန်းရန်ကိုင်ရပါသည်။ ၎င်းနောက် Gang Saw ခေါ် ကျောက်လွှာ စက်အတွင်းသို့ ပို့ဆောင်ပြီး ကျောက်ပြားကြမ်း Slab များကို လွှာရပါသည်။

ဒုတိယအဆင့်

ဒုတိယအဆင့်မှာ Polishihg Machine ခေါ်ကျောက်ပြားချောစက်ဖြစ်ပြီး ကျောက်ပြားကြမ်းများကို မူလသဘာဝအရောင်အသွေးပေါ်လာအောင် Avrasive ခေါ် အရောင်တင်တုံးများ အသုံးပြု၍ အချောကိုင်ရပါသည်။ မည်သည့်ဓာတ်ဆေး၊ ဆိုးဆေး အရောင်အသွေးမပါဘဲ အရောင်တင်တုံးဖြင့် ပွတ်တိုက်လိုက်သောအခါ ကြေးမုံပြင်ကဲ့သို့ မျက်နှာချောမွေ့ပြီး နှစ်လိုဖွယ် အလှဆင်ကျောက်ပြားများ ထွက်ရှိလာသည်။

တတိယအဆင့်မှာ ယင်းအချောကိုင်ပြီး ကျောက်ပြားများကို Order Size သို့မဟုတ် လိုအပ်သော ဆိုက်အစားစား ဖြတ်တောက်ပေးရန်အတွက် Cutting Machine ခေါ် ကျောက်ပြားဖြတ်စက်သို့ ပို့ဆောင်ပေးခြင်းဖြင့် ဆိုက်အရွယ်အစားစား အလှဆင်ကျောက်ပြားများသည် သုံးစွဲသူပြည်သူများ၏ လက်ဝယ်သို့ ရောက်ရှိလာပါတော့သည်။

ကျောက်ပြားချောများ၏ ရောင်းဈေးနှုန်းမှာ တစ်စတုရန်းပေ ပတ်လည်လျှင် ကျပ် ၁၀၀၀ဖြစ်ပြီး လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။ အရည်အသွေးကောင်းမွန်ပြီး ယခုလက်ရှိ ထုတ်လုပ်လျက်ရှိသော Code No.306 ကျောက်အမျိုးအစား Adamellite - Porphyry မှာ ကျိုက်ထီးရိုးတောင်ခြေရှိ ဆောင်နိုင်ကြီး ကျောက်မိုင်းမှ ထုတ်လုပ်ရရှိသော ဂရင်းနိုက်ကျောက်များပင်ဖြစ်ပါသည်။

တောင်ခြေက ရစ်သိုင်းလွှမ်းခြုံနေတဲ့ မြူခိုးတွေ၊ ဝိုးတဝါးမြင်နေရတဲ့ တောင်တန်းပြာပြာတွေ ကင်မွန်းစခန်းမှစမ်းရေအလျဉ်မှာ မျောနေတဲ့ပန်းလှလှလေးတွေကို ကြည်နူးခံစားရင်း ဆံတော်ရှင်ကျိုက်ထီးရိုး ဘုရားဖူးမှ အပြန် ကျိုက်ထိုမြို့ ဂရင်းနိုက်ကျောက်ပြား စက်ရုံသို့ တစ်ခါတစ်ခေါက်အလည်လာရောက်လှည့်ပါဟု နွေးထွေးစွာ ဖိတ်ခေါ်လိုက်ရပေသည်။ ။

အကျိုးအကြောင်း အဆိုးအကောင်း စာအုပ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၈

ပိဋကတ်စာပေ၊ ဓာတ်ဝတ္ထုများထဲမှ လူငယ်များအတွက် စိတ်ဝင်တစားဖတ်ရှုနိုင်အောင် ဆရာအောင်သိန်းဟန်က လွယ်လွယ်ရှင်းရှင်း ရေးသားထားသည့် အကျိုးအကြောင်း၊ အဆိုးအကောင်းစာအုပ်ကို လူငယ်အကျိုးပြုစာအုပ်တစ်အုပ်အဖြစ် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခဒေါက်တာခင်အေးက ကြိုဆိုထားပြီး စာပေမွေ့သူ စာအုပ်တိုက် အမှတ်၁၇၃ (၃၆)လမ်း(အလယ်) ရန်ကုန်မြို့၊ ဖုန်း–၂၄၉၇၇၆၈ က တန်ဖိုးကျပ် ၇၅၀ ဖြင့် ဖြန့်ချိသည်။ **(အပေါ်ပုံ)**

(က–ပ)

အင်္ဂလိပ်စာနှင့် စကားပြောသင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၈

ဆရာအာသာဘီအေ(အင်္ဂလိပ်စာ) ဒီပလိုမာ(အင်္ဂလိပ်စာသင်ကြားရေးဘွဲ့)နှင့် အင်္ဂလိပ်စာဘွဲ့ရ ဆရာများပို့ချမည့် အလုပ်ခွင်ဝင်လိုသူများ၊ အင်္ဂလိပ်စကားပြောနှင့် အရေး၊အဖတ်တတ်ကျွမ်းရန် လိုအပ်သူအားလုံးအတွက် (Communicative Spoken English Intermediate Level General English Proficiency) သင်တန်းသစ်များကို နေ့စဉ်နှင့် ရုံးချိန်လွတ်သင်တန်းများအဖြစ် ဖွင့်လှစ်မည်ဖြစ်သည်။

တက်ရောက်လိုသူများသည် Success Language Academy အမှတ် ၄၅၇ (တတိယထပ်) ကုန်သည်လမ်း(ဘိုကလေးဈေးလမ်းထောင့်) ဂမုန်းပွင့်ကုန်တိုက်ရှေ့၊ ဖုန်း–၂၉၅၇၂၄သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က–ပ)

ကွန်ပျူတာဒီပလိုမာ သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၈

Singapore နိုင်ငံရှိ Informatics Computer School၏ ကျောင်းခွဲများဖြစ်သော ရန်ကုန်မြို့ရှိ Informatics Computer Centreများတွင် လုပ်ငန်းခွင်သုံး ကွန်ပျူတာအသုံးချ သင်တန်းများနှင့် နိုင်ငံတကာအဆင့်မီ ဒီပလိုမာသင်တန်းများကို Singapore Informatics Computer School ၏ Syllabus အတိုင်းဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ နိုင်ငံတကာအဆင့် ဒီပလိုမာသင်တန်းများကိုInformatics (Shwe Gon Dine)တွင် ဩဂုတ် ၂၆ရက်တွင်လည်းကောင်း၊ Informatics(Botahtaung)တွင် စက်တင်ဘာ ၇ ရက်တွင်လည်းကောင်း ဖွင့်လှစ်မည်ဖြစ်သည်။

ထို့ပြင်လုပ်ငန်းခွင်သုံး ကွန်ပျူတာသင်တန်းများလည်းဖြစ်သည့် Basic, Office XP,DTP, ACCPAC Plus, Auto CAD,Graphic Design, PC Upgrade& Maintenance သင်တန်းများကိုလည်း လစဉ် ပုံမှန်တန်းခွဲသစ်များဖွင့်လှစ်ပေးလျက်ရှိသည်။

အသေးစိတ်သိလိုပါက Informatics (Shwe Gon Dine) အမှတ် ၇၀(ဘီ) ရွှေဂုံတိုင်၊ ဗဟန်း၊ ဖုန်း–၅၅၈၃၆၀၊ ၇၀၆၇၄၀သို့လည်းကောင်း၊ Informatics (Botahtaung)၊ အမှတ်(၂၂၀/၂၂၂) ဗိုလ်တထောင်ဘုရားလမ်း ဖုန်း–၂၀၀၃၄၃၊ ၂၀၃၁၈၈ နှင့် ၂၉၆၈၂၉ တို့သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က–ပ)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေးဖြေစာမေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံး စွမ်းရည်လေးရပ် မြင့်မားလာစေရန်နှင့် စိတ်ဓာတ်မြင့်မားမှု၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာရှိမှု၊ စည်းလုံးညီညွတ်မှု၊ စွမ်းရည်ပြည့်ဝမှုတို့တွင် စံပြုနိုင်စေရန်အတွက် စံပြရဲစိစစ်ရွေးချယ်ခြင်းနှင့် ဆုချီးမြှင့်ခြင်း အစီအစဉ်များကို နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၀၃ခုနှစ်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဆင့်စံပြရဲရေးဖြေစာမေးပွဲကို ဩဂုတ် ၁၇ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ရန်ကင်းပညာရေးကောလိပ်၌ ကျင်းပသည်။

အဆိုပါစာမေးပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ရဲတပ်ရင်းများကွပ်ကဲမှု အဖွဲ့မှူးရုံးနှင့်ရဲတပ်ရင်းများ၊ မှုခင်းတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ရထားရဲတပ်ဖွဲ့၊ ပြည်နယ်နှင့်တိုင်းရဲတပ်ဖွဲ့များ၊ လေ့ကျင့်ရေးကျောင်းများမှ ရဲအုပ်အဆင့်၊ ဒုတိယရဲအုပ်အဆင့်၊ ရဲအရာခံအဆင့်၊ ရဲတပ်ကြပ်ကြီး အဆင့်၊ ရဲတပ်ကြပ်အဆင့်၊ ရဲဒုတိယတပ်ကြပ်အဆင့်နှင့် ရဲတပ်သားအဆင့်တို့မှ တပ်ဖွဲ့ဝင် စုစုပေါင်း ၁၁၄ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။

စံပြရဲရေးဖြေ စာမေးပွဲကျင်းပရာသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ရဲအရာရှိကြီးများက ကြည့်ရှုစစ်ဆေးကြပ်မတ်ကြသည်။(သတင်းစဉ်)

မြန်မာ့ကုန်စည်ပြပွဲ ၂၀၀၃ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် Quartz International Co, Ltd သည် လာမည့်စက်တင်ဘာ ၅ ရက်မှ ၈ ရက်ထိ ရန်ကုန်မြို့ ပုဇွန်တောင်လမ်းမရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနတွင် မြန်မာ့ကုန်စည်ပြပွဲ၂၀၀၃ ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အိမ်တွင်းအလှဆင်ပစ္စည်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်းအမျိုးမျိုးတို့ကို ခင်းကျင်း ပြသမည်ဖြစ်ပြီး ဂျွန်လွင်ဦးစီးသော Star Entertainment Co, Ltd. ၏ ကုန်ပစ္စည်း ကြော်ငြာသရုပ်ပြပွဲနှင့် Dancing MTF 2003 ကြော်ငြာသရုပ်ဆောင်ပြိုင်ပွဲ တွဲဖက်ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများ ဖုန်း–၅၇၃၁၄၈ သို့ဆက်သွယ် နိုင်ကြောင်း သိရသည်။ (က–ပ)

ပညာသင်စရိတ်ပေးအပ်မည်

ရန်ကုန် ဩဂုတ် ၁၈

အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲမှကြီးမှူး၍ အမက(၄၉)မှ ကျောင်းမနေနိုင်သည့် ကျောင်းသားငါးဦးအား ကျောင်းနေစရိတ် ထောက်ပံ့ပွဲနှင့် ပဥ္စမအကြိမ်မြောက် အလက(၁)၊ အလက(၃၂)၊ အမက(၄၉)မှ ချို့တဲ့ကျောင်းသား၊ကျောင်းသူ၃၆ဦးတို့အား ပညာသင်စရိတ်ထောက်ပံ့ပွဲကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီတွင် အမက (၄၉) စာသင်ဆောင်၌ ကျင်းပမည်ဖြစ်ရာကျောင်းသား၊ကျောင်းသူဟောင်းများနှင့် အလှူရှင်များ တက်ရောက်ကြရန်နိုးဆော်ထားကြောင်းသိရသည်။

(၆၁)

မြန်မာ–ဘင်္ဂလားဒေ့ရှ် ချစ်ကြည်ရေးပွဲ မြန်မာလက်ဝှေ့သမားများ အနိုင်ရ

ရန်ကုန် ဩဂုတ် ၁၈

မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ချစ်ကြည်ရေး အစီအစဉ်အရ မြန်မာ–ဘင်္ဂလားဒေ့ရှ် ချစ်ကြည်ရေးလက်ဝှေ့ပွဲစဉ်ကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်ကြည့်ရှု အားပေးပြီး ဆုများချီးမြှင့်သည်။

ဖွင့်ပွဲ အခမ်းအနားမစမီ တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ဖွင့်ပွဲအခမ်းအနားကို မွန်းလွဲ ၂ နာရီခွဲတွင် ကျင်းပရာ ရှေးဦးစွာ ပြိုင်ပွဲဝင် အသင်းနှစ်သင်း ကွင်းအတွင်း နေရာယူကြသည်။ ထို့နောက် နှစ်ဖက်အသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်က ဆုများချီးမြှင့်သည်။

ဖလိုင်းဝိတ်တန်း ပထမပွဲစဉ်အဖြစ် ဘင်္ဂလားဒေ့ရှ်မှ Md. Badsha Hossain နှင့် မြန်မာမှ စိုင်းဇာနီအောင်တို့ ယှဉ်ပြိုင်ကြသည်။နှစ်ဦးစလုံး လက်ရည်ညီကြသည်။ ဘင်္ဂလားဒေ့ရှ်က ဝိုက်လက်သီး၊ ဖြောင့်လက်သီးများနှင့် ထိုးသည်။ စိုင်းဇာနီအောင်ကလည်း ပြင်းထန်ပြီး အားပါလှသော လက်သီးချက်များဖြင့် မနားတမ်းထိုးသည်။ ဘင်္ဂလားဒေ့ရှ်ကလည်း တစ်ချက်တစ်ချက် ထောက်လက်သီး ပြန်သုံးသည်။ ဒိုင်လူကြီးငါးဦးအနက် လေးဦးက မြန်မာမှ စိုင်းဇာနီအောင်ကို အနိုင်ပေးသည်။

၎င်းပွဲတွင် ဆုရရှိကြသော ပထမ–စိုင်းဇာနီအောင်(မြန်မာ)၊ ဒုတိယ–Md. Badsha Hossain တို့အား အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်သံမှူး Brig General Helal Uddin Ahmed တို့က လိုက်လံနှုတ်ဆက်ကြသည်။ ယင်းနောက် ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။



မြန်မာ–ဘင်္ဂလားဒေ့ရှ် ချစ်ကြည်ရေးလက်ဝှေ့ပြိုင်ပွဲ လိုက်ဝိတ်တန်းတွင် မြန်မာမှ အောင်သူရက ဘင်္ဂလားဒေ့ရှ်မှ Sujan Chandra Roy မျက်နှာဆီသို့ ဘယ်ထောက်လက်သီး မိမိရရ ပစ်သွင်းလိုက်စဉ်။ (ကြေးမုံ)

ပင်းဝိတ်တန်းတွင် ငြိမ်းအောင်(မြို့တော်စည်ပင်)နှင့် ထွန်းဝင်း(ကာကွယ်ရေး)တို့ ယှဉ်ပြိုင်ကြသည်။ ငြိမ်းအောင်မှာ တွဲလုံးနှင့် ဖြောင့်လက်သီးကို အဓိကထား ထိုးသည်။ ထွန်းဝင်းမှာလည်း ဘယ်၊ ညာလက်သီးနှင့် တရစပ်ထိုးသည်။ နောက်ဆုံးအချီတွင် ငြိမ်းအောင် ထိုးကွက်များ ရသော်လည်း အမိအရအသုံးမချနိုင်ခဲ့။ ဒိုင်လူကြီးများက ထွန်းဝင်း(ကာကွယ်ရေး)ကို အနိုင်ပေးသည်။

ယင်းပွဲအတွက်ဆုများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အောင်နိုင်ဆုများ ချီးမြှင့်သည်။

ကျော်စွာအောင် အနိုင်ရ

လိုက်ဖလိုင်းဝိတ်တန်းတွင် မြန်မာမှ ကျော်စွာအောင်နှင့် ဘင်္ဂလားဒေ့ရှ်မှ Md. Lotus Chowdhury တို့ ယှဉ်ပြိုင်ကြသည်။ ပထမအချီတွင် ကျော်စွာအောင် အသာစီးမှ ထိုးနိုင်သည်။ ကျော်စွာအောင်၏ အားပါလှသော လက်သီးချက်များက ဘင်္ဂလားဒေ့ရှ် ကစားသမားမျက်နှာပေါ် တစ်ချက်ပြီး တစ်ချက် ထိမှန်ခဲ့သည်။ ဒုတိယအချီတွင် ဘင်္ဂလာဒေ့ရှ်ကလည်း ဖြောင့်လက်သီးများနှင့်အဂိုက်ဖမ်းကာ ပြန်ထိုးလာသည်။ သို့သော် ကျော်စွာအောင်၏ လက်သီးချက်များကို မရှောင်နိုင်ခဲ့ပေ။ နောက်နှစ်ချီတွင်လည်း ကျော်စွာအောင်က ဆက်လက် အစွမ်းပြသွားသည်။ ထို့ကြောင့် ဒိုင်လူကြီး ငါးဦးစလုံးက ကျော်စွာအောင်ကို အနိုင်ပေးလိုက်သည်။

ထိုပွဲတွင် ဆုရရှိကြသော ပထမ–ကျော်စွာအောင်(မြန်မာ)၊ ဒုတိယ Md. Lotus Chowdhury တို့အား အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းလင်းက အောင်နိုင်ဆုများ ချီးမြှင့်သည်။

နေနိုင်ထွန်းအနိုင်ရ

ဒုတိယပွဲအဖြစ် သန်းထိုက်(ကာကွယ်ရေး)နှင့် နေနိုင်ထွန်း(အား/ကာသိပ္ပံ)တို့ ယှဉ်ပြိုင်ကြသည်။ ပထမအချီတွင် သန်းထိုက်က အသာစီးမှ ထိုးနိုင်သော်လည်း ထိုးနည်းစနစ် မမှန်သည့်အတွက် ဒိုင်လူကြီး၏ သတိပေးမှုကို ခံရသည်။ နောက်အချီများတွင် နေနိုင်ထွန်းကလည်း တွဲလုံးများဖြင့် တရစပ်ထိုးလာသည်။ သန်းထိုက်ကလည်း အနိုင်ရရှိရေးအတွက် အားပါသော လက်သီးချက်များနှင့် ပြန်ထိုးရာ ဘတစ်ပြန် ကျားတစ်ပြန်ဖြစ်ခဲ့သည်။ ဒိုင်လူကြီးငါးဦးအနက် သုံးဦးက နေနိုင်ထွန်း(အား/ကာသိပ္ပံ)ကို အနိုင်ပေးလိုက်သည်။

၎င်းပွဲတွင် ဆုရရှိကြသော ပထမ–နေနိုင်ထွန်း(အား/ကာသိပ္ပံ)၊ ဒုတိယ–သန်းထိုက်(ကာကွယ်ရေး) တို့အား ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဒိုင်းက ဆုများချီးမြှင့်သည်။

ဘင်တန်ဝိတ်တန်းတွင် မြန်မာမှ ကျော်ကျော်လတ်နှင့် ဘင်္ဂလားဒေ့ရှ်မှ Md. Nadim Hossain တို့ ယှဉ်ပြိုင်ကြသည်။ ကစားသမား နှစ်ဦးစလုံး ကိုယ်လုံးကိုယ်ထည်ချင်း ညီသလို လက်ရည်ချင်းလည်း ညီမျှကြသည်။ ဘင်္ဂလားဒေ့ရှ်က တွဲလုံးများ အားပြုထိုးသည်။ ကျော်ကျော်လတ်က ထောက်လက်သီးတွေ ပြန်သုံးသည်။ ဝိုက်လက်သီးတွေကလည်း ထိချက်မှန်သည်။ နောက်ဆုံးအချီတွင် ကျော်ကျော်လတ်၏ လက်သီးချက်တွေဟာ ဘင်္ဂလားဒေ့ရှ်အပေါ် ပလူပျံခဲ့သောကြောင့် ဘင်္ဂလားဒေ့ရှ် အမှတ်စဉ် ရေတွက်ခံရသည်။ ဒိုင်လူကြီးငါးဦးအနက် လေးဦးက ကျော်ကျော်လတ်ကို အနိုင်ပေးသည်။

ထိုပွဲတွင် ဆုရရှိကြသော ပထမ ကျော်ကျော်လတ် (မြန်မာ)၊ ဒုတိယ–Md. Nadim Hossain တို့အား မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် စစ်သံမှူး Brig General Helal Uddin Ahmed က ဆုများ ချီးမြှင့်သည်။

ဖယ်သာဝိတ်တန်း

ဖယ်သာဝိတ်တန်းတွင် ဘင်္ဂလားဒေ့ရှ်မှ Mahmud Ali နှင့် မြန်မာမှ ရန်နောင်စိုးတို့ ယှဉ်ပြိုင်ကြသည်။ ပထမအချီ စသည်ဆိုသည်နှင့် ရန်နောင်စိုးက ဝိုက်လက်သီး တွဲလုံးများဖြင့် ဘင်္ဂလားဒေ့ရှ်အပေါ် ဆက်တိုက်ဆိုသလို ပစ်သွင်းသည်။ ဘင်္ဂလားဒေ့ရှ်မှာ ရန်နောင်စိုး၏ ထိုးချက်များကို ပြန်လည်ခုခံရှောင်တိမ်းနေ၍ ထိုးစစ်မဆင်နိုင်ခဲ့ပေ။ ပထမအချီကတည်းက ထိမှန်ခဲ့သော လက်သီးချက်များကြောင့် ဒုတိယအချီတွင် ဘင်္ဂလားဒေ့ရှ်မှာ ထိုးအားသိပ်မရှိတော့ဘဲ ရှောင်တိမ်းနေရသည်။ ရန်နောင်စိုးက ဘင်္ဂလားဒေ့ရှ်၏ ရှောင်တိမ်းမှုကို အလွတ်မခံဘဲ လက်သီးများ တရစပ် အဆက်မပြတ်ပစ်သွင်းရာ ၁မိနစ် ၄၈စက္ကန့်တွင် ဘင်္ဂလားဒေ့ရှ်အား အလဲထိုး အနိုင်ယူလိုက်သည်။ ရန်နောင်စိုး၏ အားပါသော လက်သီးချက်များကြောင့် Mahmud Ali မှာ အတော်ကလေး ပင် ခံစားသွားရပါသည်။

ယင်းပွဲတွင် ဆုရရှိကြသော ပထမ ရန်နောင်စိုး(မြန်မာ)၊ ဒုတိယ Mahmud Ali(ဘင်္ဂလားဒေ့ရှ်) တို့အား မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆုများချီးမြှင့်သည်။

လိုက်ဝိတ်တန်း ပထမပွဲစဉ်အဖြစ် စိုးရာဇာ(မြို့တော်စည်ပင်)နှင့် ဆန်းလျှံ(အား/ကာသိပ္ပံ)တို့ ယှဉ်ပြိုင်ကြသည်။ စိုးရာဇာက အချီအတော်များများ အသာစီးမှ ထိုးနိုင်ခဲ့သည်။ ဝိုက်လက်သီး၊ ဖြောင့်လက်သီးများ အားပြုထိုးခဲ့သည်။ ဆန်းလျှံမှာ ထိုးသော်ငြားလည်း ထိချက်မမှန်ခဲ့ပေ။ ဒိုင်လူကြီးငါးဦးစလုံးက စိုးရာဇာအား အနိုင်ပေးလိုက်သည်။

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကျုံစုကျေးရွာ၏ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြား ပေးအပ်ပွဲကို ဇူလိုင် ၂၂ရက်က ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးပေါချိန်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က–ပ)



ထိုပွဲအတွက်ဆုများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အောင်နိုင်ဆုများ ချီးမြှင့်သည်။

အောင်သူရ အနိုင်ရ

ဒုတိယပွဲစဉ်အဖြစ် မြန်မာမှ အောင်သူရနှင့် ဘင်္ဂလားဒေ့ရှ်မှ Sujan Chandra Roy တို့ ယှဉ်ပြိုင်ကြသည်။ အောင်သူရ၏ ဝိုက်လက်သီးချက်တွေကလည်း ထိမှန်သလို ဘင်္ဂလားဒေ့ရှ်၏ လက်သီးချက်တွေကလည်း ပြန်လည်ထိမှန်ခဲ့သည်။ သို့သော် နောက်အချီများတွင် ဘင်္ဂလားဒေ့ရှ် ထိုးအားကျသွားပြီး အောင်သူရ ပိုမိုထိုးလာနိုင်သည်။ ဖြောင့်လက်သီး၊ ထောက်လက်သီးများက တန်းစီပြီး ထိမှန်ခဲ့သည်။ ဒိုင်လူကြီးများက အောင်သူရ(မြန်မာ)ကို အနိုင်ပေးသည်။

ယင်းပွဲတွင် ဆုရရှိကြသူများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ဆုများချီးမြှင့်ပေးအပ်သည်။ **(ကြေးမုံ)**

ချယ်လ်ဆီးက လီဗာပူးကို နှစ်ဂိုး–တစ်ဂိုးဖြင့်ကပ်နိုင် နယူးကာဆယ်နှင့် လိဒ်စ်ယူနိုက်တက် နှစ်ဂိုးစီသရေပွဲဖြစ်

လီဗာပူး ဩဂုတ် ၁၈

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲများကို တနင်္ဂနွေနေ့က ဆက်လက်ယှဉ်ပြိုင်ကြရာ ချယ်လ်ဆီးအသင်းက ပွဲဦးထွက် ပွဲစဉ်တွင် လီဗာပူးအသင်းကို အင်ဖီးလ်ကွင်း၌ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ချယ်လ်ဆီးအသင်း၏ ပိုင်ရှင်သစ် ရုရှားဘီလျံနာသူဌေးကြီး အေဘရာမိုဗစ်ချ် ကြည့်ရှုနေစဉ်မှာပင် ချယ်လ်ဆီးအသင်းအတွက် လူစားဝင်ကစားသည့် ဒတ်ချ်ဘောလုံးသမား ဂျင်မီဖလွိုက်ဟက်ဆာဘင့်က ပွဲပြီးခါနီး ၈၇မိနစ်တွင် အနိုင်ဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနားကွင်းလယ်ကစားသမား ဗီရွန်က ပထမပိုင်း ၂၅မိနစ်တွင် ချယ်လ်ဆီးအသင်းအတွက် အဖွင့်ဂိုးကိုသွင်းကာ ချယ်လ်ဆီးက ပထမပိုင်းတွင် တစ်ဂိုး–ဂိုးမရှိဖြင့်ဦးဆောင်ခဲ့သည်။ ဗီရွန်သည် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကျင်းပခါနီးတွင် ချယ်လ်ဆီးအသင်းက မန်ယူအသင်းမှ စတာလင်ပေါင်သန်း ၇၀ (အမေရိကန်ဒေါ်လာ ၁၁၂သန်း)အကုန်ခံကာ ဝယ်ယူခဲ့သည့် ဘောလုံးသမားများအနက် တစ်ဦးဖြစ်သည်။

လီဗာပူးအသင်းမှ အင်္ဂလန်တိုက်စစ်မှူး မိုက်ကယ်အိုဝင်က ၇၉မိနစ်တွင် နှစ်ကြိမ်ကန်သွင်းရသည့် ပင်နယ်တီဂိုးကို သွင်းယူခဲ့ရာ လီဗာပူးအသင်းမှာ ချယ်လ်ဆီးနှင့် သရေပွဲဖြစ်မည့်ပုံမျိုး ဖြစ်ပေါ်ခဲ့သည်။

ပရီမီယာလိဂ်၏ အခြားပွဲစဉ်တစ်ခုအဖြစ် နယူးကာဆယ်ယူနိုက်တက်နှင့် လိဒ်စ်ယူနိုက်တက်တို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့သည်။ ထိုပွဲတွင် အသက် ၃၃နှစ်အရွယ် အင်္ဂလန်အသင်းခေါင်းဆောင် အလန်ရှီးယားက ဖွေဆော်ဦးဂိုးနှင့် ချေပဂိုးများကို သွင်းယူခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အရောင်အသွေးစုံ၊ အပွင့်အလှစုံသည့် (၃၂)နှစ်မြောက် လောကနတ် ပန်းချီပြပွဲ

ခံစားရေးဖွဲ့သူ-ဒွေးကြည်
ဓာတ်ပုံမှတ်တမ်း-ခင်မောင်ဝင်း(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၁၈

မိမိတို့သတင်းအဖွဲ့သည် ရောင်စုံပန်းခင်းကြီးထဲတွင် လူးလာခေါက်တုံ့ လှည့်ပတ်ကြည့်ရှုနေမိသည်။ ပန်းများက အရောင်စုံသည်။ အသွေးကစုံသည်။ အပွင့်ကလည်း စုံသည်။ ထို့ကြောင့် အလှက စုံနေသည်။

ရောင်စုံပန်းခင်းကြီးကား ပန်းဆိုးတန်းလမ်းရှိ လောကနတ်ပန်းချီပြခန်းတွင် ပြသထားသည့် လောကနတ်ပန်းချီပြခန်း၏ (၃၂)နှစ်မြောက် ပန်းချီပြပွဲပင်ဖြစ်သည်။ လောကနတ်ပန်းချီပြခန်းကို ၁၉၇၁ ခုနှစ်က ပန်းချီဆရာများနှင့် ပန်းချီဝါသနာရှင်များ စုပေါင်းကာ စတင်တည်ထောင် ဖွင့်လှစ်ခဲ့သည်ဟုဆိုသည်။ ယခုပြပွဲကို ဆရာဦးဉာဏ်ရှိန်၊ ဆရာဦးမင်းနိုင်၊ ဆရာဦးလွန်းကြွယ်၊ ဆရာဦးဘဝင်းနှင့် ဆရာဦးစောလှိုင် အစရှိသည့် ပန်းချီဆရာကြီးများက ဦးဆောင်ပြီး ကျန်အဖွဲ့ဝင် ပန်းချီဆရာများနှင့် ဧည့်ပန်းချီပညာရှင်များ စုပေါင်းကာ ပါဝင်ပြသလျက်ရှိသော ပြပွဲကြီးဖြစ်သည်။

ယခု လောကနတ်ပန်းချီပြခန်း၏ (၃၂)နှစ်မြောက် ပန်းချီပြပွဲတွင် အဖွဲ့ဝင် ပန်းချီဆရာ ၁၈ ဦးနှင့် ဧည့်ပန်းချီဆရာ ၄၃ ဦးတို့၏ ပန်းချီကားပေါင်း ၁၆၆ ကားကို တင်သွင်းပြသထားသည်။ ပန်းချီကားများမှာ ဆီဆေးကားများ၊ ရေဆေးကားများ၊ အခိုင်းလစ်ကားများ၊ ပက်စတယ်ကားများနှင့် ရွှေချည်ထိုးကားများ ပါဝင်ကြသည်။

ဆရာဦးဘဝင်း၏ ရွှေကျောင်းတော်ကြီး (ရေဆေး)သည် မြန်မာတို့၏ ပန်းပုလက်ရာများကို ပြန်လည် တသလွမ်းမောစေသည်။
ဓာတ်ပုံမှတ်တမ်း-ခင်မောင်ဝင်း(ကြေးမုံ)

ပန်းချီကား ရေးဆွဲနည်းများကလည်း သရုပ်မှန်ရေးဆွဲနည်း၊ အင်ပရက်ရှင်နည်း၊ ခေတ်သစ်နည်း စသည်တို့ ပါဝင်နေကြသည်ကို တွေ့ရသည်။

မိမိတို့ သတင်းအဖွဲ့သည် ပန်းချီခန်းကြီးထဲတွင် လှည့်လည်ကြည့်ရှုနေရာမှ ဆရာဦးဉာဏ်ရှိန်၏ ရေဆေးကားများကို ထူးထူးခြားခြား သတိထားမိသည်။ ဆရာသည် ရေဆေးကား တော်တော်များများ တင်သွင်းပြသထားသည်။ ထိုကားများထဲမှ **ရွှေတိဂုံရင်ပြင်**နှင့် **ရန်ပယ်ချောင်း** ကားများကို စွဲမက်မိသည်။ **ရွှေတိဂုံရင်ပြင်**သည် မြင်နေကျ၊ တွေ့နေကျ ရွှေတိဂုံစေတီကြီး၏ ရွှေရောင်ဝင်းဝင်းနှင့် ကြီးမြတ်မှု၊ ခံ့ထည်မှုကို မမြင်ရပေ။ ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တစ်နေရာမှ ဘုရားဖူးများ၊ ရေသပ္ပာယ်နေသူများ၊ ရေသည်များနှင့် တန်ဆောင်းပြာသာဒ်များကို အဓိကပြသထားသည်။ ဘုရားရင်ပြင်တော်၏ အေးငြိမ်းမှုကို အမိအရယူထားသည်။ ဆရာ၏ ရေဆေးရေးချက်ကလည်း လှပလှပေသည်။

ဆရာ၏ **ရန်ပယ်ချောင်း**ကမူ ရွှေတိဂုံဘုရားရင်ပြင်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ အသုံးပြုထားသည့် အရောင်ကပင် အပူရောင်ဖြစ်သည်။ ညနေဆည်းဆာထဲမှ ကျေးလက်တောရွာကလေး။ ချောင်း၏ အနောက်ဘက်ကမ်းမှ တိတ်ဆိတ်ငြိမ်သက်နေသည့် ရွာကလေးနှင့် အရှေ့ဘက်ကမ်းမှ ရေခပ်သူ၊ ရေသယ်သူ ရွာသူ၊ ရွာသားများ၏ လှုပ်ရှားနေသည့် ဘဝနှစ်ခုကို နှိုင်းယှဉ်ပြထားသည်။ ရွှေတိဂုံရင်ပြင်ကားလို အေးငြိမ်းမှုတော့ မရှိ။ ပူပြင်းနေသည်။ နှစ်ကားစလုံးမှာ အလှကိုယ်စီ ရှိနေကြသည်။

ဆရာဦးမင်းနိုင်ကမူ တောင်ပေါ်ရှုခင်းနှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများကို အိပ်မက်မက်သူဖြစ်သည်။ ပြပွဲတိုင်း ဆရာတင်သွင်းသမျှ ပန်းချီကားများသည် တောင်ပေါ်တိုင်းရင်းသားတို့နှင့် တောင်ပေါ်ရှုခင်းများသာ အများဆုံးတင်သွင်းသည်။ ယခုပြပွဲတွင်လည်း ပန်းချီကား ၁၁ ကားတင်သွင်းရာ တိုင်းရင်းသားများနှင့်ဆိုင်သည့် ပန်းချီကားက ကိုးကားပါဝင်သည်။

အင်းလေးသည် စိမ်းမြလွန်းသဖြင့် ကြည့်သူကို အစိမ်းရောင်ထဲ နှစ်မြုပ်သွားလေမလားထင်ရသည်။ သို့သော် **မင်းတပ်၏ ညနေရှုခင်း**ကမူ အင်းလေးအစိမ်းရောင်နှင့် ဆန့်ကျင်စွာ ညို့ညို့မှိုင်းမှိုင်း တောင်တံတိုင်းကိုသာ မြင်ရသည်။ ဆည်းဆာမှိုင်းမှိုင်းတွင် မင်းတပ်၏ တောင်များက တောင်ကတုံးများ ဖြစ်နေသဖြင့် ပို၍ မှိုင်းညို့သွားသလားမသိ။ ထိုသို့ ရှုမျှော်ခင်းနှစ်ခု အားပြိုင်မှုကို ကြည့်ရှုနေစဉ်မှာပင် **ပွဲနေပွဲထိုင် အဝတ်အစားနှင့် ‘ဝ’တိုင်းရင်းသူကလေး** တစ်ဦး၏ လတ်ဆတ်ပြည့်ဖြိုးသော အလှကို လန်းဆန်းကြည်လွှင်သော အရောင်အသွေးဖြင့် မြင်လိုက်ရသောအခါ ရှုမျှော်ခင်းကားနှစ်ကား၏ အားပြိုင်မှုကိုပင် မေ့သွားရသည်။

ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တစ်နေရာမှ ဘုရားဖူးများ၊ ရေသပ္ပာယ်နေသူများ၊ ရေသည်များနှင့် တန်ဆောင်းပြာသာဒ်များဖြင့် ရွှေတိဂုံရင်ပြင်တော်၏ အေးငြိမ်းမှုကို လှပစွာတင်ပြထားသည့် ဆရာဦးဉာဏ်ရှိန်၏ ရွှေတိဂုံရင်ပြင် (ရေဆေး) ပန်းချီကား။
ဓာတ်ပုံမှတ်တမ်း-ခင်မောင်ဝင်း(ကြေးမုံ)

ထိုသို့ တိုင်းရင်းသားတို့၏ ဘဝနှင့် အလှကိုသာ ပန်းချီကားများ ရေးဆွဲတင်ပြလေ့ရှိသော ဆရာဦးမင်းနိုင်အား ပန်းချီပြခန်း အတွင်းမှာပင် တွေ့ကြုံခွင့်ရခဲ့သဖြင့် ဆရာအား ယခုကဲ့သို့ တောင်ပေါ်ရှုခင်းများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူတို့၏ ပန်းချီကားများ ရေးရခြင်းနှင့် ပတ်သက်ပြီး မေးမြန်းကြည့်ရာ ဆရာက “ကျွန်တော့်အနေနှင့် ငယ်စဉ်ကတည်းက သတင်းစာ၊ ဂျာနယ်တွေမှာ မြင်ရ၊ တွေ့ရတဲ့ တိုင်းရင်းသားပုံတွေ စိတ်ဝင်စားခဲ့ပါတယ်။ တက္ကသိုလ်ကျောင်းသားဘဝ ရောက်တော့လည်း ရှမ်းပြည်နယ်ကို လေ့လာရေးခရီး သွားခဲ့ပြီး တိုင်းရင်းသားတွေရဲ့ ဘဝကို လေ့လာခဲ့ပါတယ်။ အလုပ်ထဲ ရောက်တဲ့အခါကျတော့ အခါအခွင့်သင့်တိုင်း ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်တွေကို အကြိမ်(၆၀)ကျော် သွားရောက်ခဲ့ပြီး တိုင်းရင်းသားတွေရဲ့ ဘဝကို စာပေနှင့်ရော၊ ပန်းချီနှင့်ပါ မှတ်တမ်းတင်ခဲ့ပါတယ်။ ကျွန်တော့်မှာ တိုင်းရင်းသားတွေနှင့် ပတ်သက်ပြီး ကုန်ကြမ်းတွေက ရေးမကုန်အောင် စုဆောင်းထားရှိပြီး ဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော်ရေးတဲ့ စာအုပ်တွေ၊ ဆောင်းပါးတွေ ပန်းချီကားတွေဟာ တိုင်းရင်းသားတွေနှင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်ယှက်နွယ်နေခြင်းဖြစ်ပါတယ်”ဟု ကြေးမုံသို့ ရှင်းပြသည်။

ဆရာဦးလွန်းကြွယ်၏ ရေဆေးကားများကိုမူ ရွှေပေါက်ကံမြို့သစ်၊ တောင်ငူလမ်းရှိ ဆရာ၏ကိုယ်ပိုင် ပန်းချီပြခန်းတွင် မြင်ဖူး၊ တွေ့ဖူးခဲ့သည်။ ဆရာ၏ ရေဆေးအကြည်ကားကလေးများသည် ကြည့်သူကို တစ်မျိုးတစ်ဘာသာ ဆွဲဆောင်စေပါသည်။ ဆရာ့ပန်းချီကားများထဲမှ **ပန်းဈေး**နှင့် **လှေများ** ကားကလေးနှစ်ကားကို ပိုမိုစွဲလမ်းမိသည်။ **ပန်းဈေး**သည် ကြည့်သူကို အေးအေးမြမြ မွေးမွေးလှလှဖြစ်စေရန် အစိမ်းရောင် ကဲထားသည်။ ဆရာ၏ ရေဆေးရေးချက်အတိုင်း ပန်းများရောင်းချနေသည့် ပန်းသည်များနှင့် ပန်းများကို ခပ်ဝါးဝါး၊ ခပ်ပါးပါးကလေး ရေမြော ရေးချက်ဖြင့် ပြလိုက်သောအခါ ပန်းဈေးထဲမှ ပန်းသည်များနှင့် ပန်းများသည် ကြည့်ရှုသူ၏ ရင်ကို အေးမြသွားစေသည်။

လှေများတွင်မူ တစ်ကားလုံး အညိုရောင်က လွှမ်းနေသည်။ ညနေဆည်းဆာထဲတွင် ရွက်လှေနှစ်စင်း ရပ်နားထားသည့် မြင်ကွင်းသည် ကြည့်သူကိုပင် ပို၍ ငြိမ်သက်တိတ်ဆိတ်သွားစေသည်။

ဆရာဦးဘဝင်း၏ **ရွှေကျောင်းတော်ကြီး**သည် ရှေးမြန်မာတို့၏ ပန်းပုလက်ရာများကို ပြန်လည်တသလွမ်းမောစေပေသည်။ မြန်မာတို့သည် လူတို့နေထိုင်ရာ အိမ်ကို ခံ့ခံ့ထည်ထည် ဆောက်လုပ်လေ့ မရှိသော်လည်း ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ဇရပ် စသည်တို့ကိုမူ အခံ့ထည်ဆုံးဖြစ်အောင် ဆောက်လုပ်တတ်ကြပေသည်။ ဆရာဦးဘဝင်းသည် အိုမင်းဟောင်းနွမ်းနေသော ရွှေကျောင်းတော်ကြီး၏ မြန်မာ့အနုပညာ လက်ရာနှင့် ခံ့ညားထည်ဝါမှုကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးပြနိုင်ပေသည်။ **ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ဇရပ်၊ မဏ္ဍပ်ကြီးတွေ ပြည့်ဖြိုးဝေ** ဆိုသည့် သီချင်းသံကို ပြန်လည်ကြားယောင်မိသည်။

ယခုပြပွဲတွင် ဆရာဦးစောလှိုင် တင်သွင်းထားသည့် ပန်းချီကား တော်တော်များများသည်လည်း အစိမ်းရောင် လွှမ်းနေသည်။ ထိုသို့ အစိမ်းရောင်လွှမ်းနေသည့် ပန်းချီကား တော်တော်များများထဲမှ **တပင်ရွှေထီးထန်းတော** ကဲ့သို့ အမှောင်သန်းနေသည့် ဆည်းဆာထဲမှ ညို့ညို့မှိုင်းနေသည့် ထန်းတောနှင့် ထန်းတက်သမားကို မြင်လိုက်ရသောအခါ ကြည့်သူကို တစ်မျိုးတစ်ဘာသာ စွဲမက်သွားစေသည်။ ငှက်များ အိပ်တန်းပျံနေကြသည့်တိုင် လုပ်ငန်းမပြီးဆုံးသေးသည့် ထန်းတက်သမား၏ ဘဝကို စာနာမိသည်။ ထန်းတောထဲသို့ စီးမြောဝင်ရောက်နေသည့် ဆည်းဆာရောင်သည် လှပလွန်းလှသည်။

ပုဂံဆိပ်ကမ်းမှ အိုးဈေးကို ရေးဆွဲတင်သွင်းသူ ဆရာမောင်ဖေသဏ်းကိုလည်း တွေ့ဆုံမေးမြန်းခွင့် ရခဲ့ပါသည်။ ပန်းချီဆရာအများစုသည် ပုဂံဟု ပြောလိုက်လျှင် ပုဂံဘုရားများကိုသာ အဓိက ရေးလေ့ရေးထ ရှိကြသော်လည်း ဆရာမောင်ဖေသဏ်းကမူ **ပုဂံဆိပ်ကမ်းမှအိုးဈေး**ကို ရေးသားတင်သွင်း ပြသထားသည်။ ပုဂံဆိပ်ကမ်းမှ အိုးဈေးဆိုသည့်အတိုင်း ကမ်းခြေတွင် ဟိုတစ်စု၊ ဒီတစ်စု စုပုံထားသည့် အိုးများကိုလည်းကောင်း၊ ပုဂံဆိပ်ကမ်းမှ တစ်ဖက်ကမ်းသို့ ကူးကြမည့် ခရီးသည်များကိုလည်းကောင်း၊ ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် စက်တပ်ရေယာဉ်၊ သမ္ဗန်နှင့် ဘောက်တူကလေးများကိုလည်းကောင်း၊ အသေးစိတ် ရေးသားထားသည်။ လူများ၊ လှေများနှင့် ရှုပ်ယှက်ခတ်နေသည့် ပုဂံဆိပ်ကမ်းကို ဖွဲ့စည်းမှုမှန်မှန်၊ စုတ်ချက်ပိုင်ပိုင်၊ အရောင်အသွေးတိကျမှုဖြင့် တင်ပြလိုက်သောအခါ ကြည့်သူကို အမြင်ရှင်း၍ လင်းသွားစေသည်။

ဆရာမောင်ဖေသဏ်းကလည်း “ကျွန်တော့်အနေနဲ့ ဒီ **ပုဂံဆိပ်ကမ်းမှ အိုးဈေး**ကို ရေးဖြစ်တာကတော့ ကျွန်တော်ဟာ ပုဂံကို မကြာခဏရောက်တတ်ပါတယ်။ ပုဂံဘုရားပုထိုးတွေကိုလည်း ကျွန်တော့်အနေနှင့် မှတ်တမ်းတင် ရေးဆွဲပါတယ်။ ဒါပေမယ့် ကျွန်တော်ဟာ ပုဂံဆိပ်ကမ်းကို ပိုပြီးစွဲလမ်းနေပါတယ်။ ဘာကြောင့်လဲဆိုတော့ ပုဂံဆိပ်ကမ်းမှာက တစ်နှစ်တစ်ကြိမ်ပြုလုပ်တဲ့ ပုဂံဘုရားပွဲကို လာရောက်ရောင်းချလေ့ရှိတဲ့ အိုးတွေ၊ စဉ့်အိုးတွေကို ကျယ်ပြန့်လှတဲ့ ပုဂံဆိပ်ကမ်းရဲ့သဲသောင်ခုံမှာ စုပုံထားတဲ့ မြင်ကွင်းဟာ ကျွန်တော်တို့ ဘယ်မှာမှ မတွေ့မြင်နိုင်တဲ့ မြင်ကွင်းကလေးပါပဲ။ ဒီကားကလေးထဲမှာ ပါတဲ့ မြင်ကွင်းကလေးကို ကြည့်မယ်ဆိုရင် လူတွေရဲ့ တစ်နေ့တာ လှုပ်ရှားရုန်းကန်နေရတဲ့ဘဝကို မြင်နေရပါတယ်။ အဲဒီမြင်ကွင်းလေးကိုက စွဲမက်စဖွယ် ဖြစ်နေပါတယ်။ ဒီပန်းချီကားမှာ ပန်းချီသဘောအရ လူတွေရဲ့ လှုပ်ရှားမှုတချို့ကို ဖြည့်စွက်ထားပြီး တချို့ကိုတော့ နုတ်ပယ်ထားပါတယ်”ဟု ကြေးမုံသို့ ရှင်းပြခဲ့သည်။

“တစ်နှစ်တစ်ကြိမ် ပြုလုပ်တဲ့ ပုဂံဘုရားပွဲကို လာရောက် ရောင်းချလေ့ရှိတဲ့ အိုးတွေ၊ စဉ့်အိုးတွေကို ကျယ်ပြန့်လှတဲ့ ပုဂံဆိပ်ကမ်းရဲ့သဲသောင်ခုံမှာ စုပုံထားတဲ့ မြင်ကွင်းဟာ ကျွန်တော်တို့ ဘယ်မှာမှ မတွေ့နိုင်တဲ့ မြင်ကွင်းကလေးပါပဲ”ဟု ပန်းချီဆရာ မောင်ဖေသဏ်းက ဆိုသည့် ပုဂံဆိပ်ကမ်းမှ အိုးဈေး (ဆီဆေး)။
ဓာတ်ပုံမှတ်တမ်း-ခင်မောင်ဝင်း(ကြေးမုံ)

(ဆက်လက်ဖော်ပြပါမည်)

သစ်ခွဥယျာဉ်မြေကွက်များနှင့် တန်ဖိုးရှိသောမြေကွက်များရောင်းချပွဲ

"FMI CITY"

(၂၀-၈-၂၀၀၃) မှ (၃-၉-၂၀၀၃) ရက်နေ့အရောင်းပွဲတော်အတွင်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်။

ပေ (၈၀×၈၀) မြေကွက်များ၊
နေချင့်စဖွယ် ကုမ္ပဏီမှ
သတ်မှတ်ပေးထားသော
တစ်ထပ်တိုက်အိမ်ပုံစံ
ဆောက်လုပ်နိုင်သည်၊
(၅၀%) ကိုအရစ်ကျ
လစဉ်ခွဲသွင်းနိုင်သည်၊

ပေ (၈၀× ၈၀) ရှိ သစ်ခွဥယျာဉ်မြေကွက်များ
ကုမ္ပဏီမှ သတ်မှတ်ပေးထားသော
သစ်ခွဥယျာဉ်ပုံစံများဆောက်လုပ်နိုင်သည်၊
(၅၀%) ကို အရစ်ကျလစဉ်ခွဲသွင်းနိုင်သည်၊

ကုမ္ပဏီမှတိုက်ရိုက်ဝယ်ယူခြင်းဖြင့် -
(၁) အမည်ပေါက် နှစ် (၆၀) ဂရံ၊ ရေ/မီးအပြည့်အစုံ။
(၂) ဝယ်ယူသူမှအခွန်ပေးဆောင်ရန်မလိုပါ။
(၃) အရစ်ကျငွေချေစနစ်ဖြင့်ဝယ်ယူနိုင်သည်။

စိတ်ချမ်းသာစွာနေချင်လျှင်
စိတ်ချမ်းသာဖို့ကောင်းတဲ့ဝန်ဆောင်မှုတွေအများကြီးရှိတဲ့နေရာမှာနေမှဖြစ်မယ်။

ပေ (၈၀×၈၀) မြေပေါ်ရှိ ပြင်ဆင်ပြီး
လုံးချင်းနှစ်ထပ်တိုက်အိမ်များ၊
နှစ် (၆၀) ဂရံအမည်ပေါက်၊
အရစ်ပေါင်း (၆၀) အထိ
လစဉ်အရစ်ကျ
ငွေပေးချေ
နိုင်သည့်စနစ်၊

ပေ (၈၀×၁၀၀) ရှိ မြေကွက်များ၊
စိတ်ကြိုက်အိမ်ပုံစံဆောက်လုပ်နိုင်ပြီးရေကန်နှင့်ကပ်လျှက်ရှိသော
တန်ဖိုးရှိသောမြေကွက်များနှင့် မျက်နှာချင်းဆိုင်တွင်တည်ရှိသည်၊
စိတ်အေးချမ်းသာစွာအနားယူနိုင်မည့်နေရာ၊
(၅၀%) ကို အရစ်ကျ လစဉ်ခွဲသွင်းနိုင်သည်၊

FMI City အရှုံ့နောင်တံတားအနီး ရန်ကုန်-ဥသိမ်လမ်းမကြီးဘေး၊ လှိုင်သာယာမြို့နယ် ရန်ကုန်မြို့၊
ဖုန်း-၆၈၂၄၄၅ လိုင်းခွဲအမှတ် (၁၀၀၃၊၁၀၀၅၊၁၀၀၆) Fax:681955, Email: fmi-city@spa.com.mm

အဝ နောင်ရေးစိတ်အေးဖို့ သင့်ရဲ့ငွေကိုအသုံးချရန်

Pun Hlaing Golf Estate

Lifestyle. Investment.

သင်၏ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးရန် ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာသို့ လူကိုယ်တိုင်လာရောက်၍ သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

(၂၀-၈-၂၀၀၃) မှ (၃-၉-၂၀၀၃) အတွင်း တန်ဖိုးရှိသောမြေကွက်များကို အထူးဈေးနှုန်းဖြင့်ရောင်းချပေးနေပါသည်။



ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကျွမ်းကျင်သူများက သင့်အားလက်ခံဆွေးနွေးရန် အမြဲအသင့်ရှိနေပါသည်။

ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

☎ - ၆၈၄၀၂၀ ~ ၄

YOUR KEY TO BETTER LIVING FMI GARDEN DEVELOPMENT LIMITED

Orchid Gardens

သစ်ခွဥယျာဉ်မြေကွက်များနှင့်
ကန်ရိပ်သာမြေကွက်များရောင်းချမည့်
"FMI CITY"

(၂၀–၈–၂၀၀၃)မှ (၃–၉–၂၀၀၃)ရက်နေ့အရောင်းပွဲတော်အတွင်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်။

ပေ (၈၀×၈၀) မြေကွက်များ၊
နေချင်စဖွယ် ကုမ္ပဏီမှ
သတ်မှတ်ပေးထားသော
တစ်ထပ်တိုက်အိမ်ပုံစံ
ဆောက်လုပ်နိုင်သည်၊
(၅၀%)ကိုအရစ်ကျ
လစဉ်ခွဲသွင်းနိုင်သည်၊

ပေ (၈၀× ၈၀) ရှိ သစ်ခွဥယျာဉ်မြေကွက်များ
ကုမ္ပဏီမှ သတ်မှတ်ပေးထားသော
သစ်ခွဥယျာဉ်ပုံစံများဆောက်လုပ်နိုင်သည်၊
(၅၀%)ကို အရစ်ကျလစဉ်ခွဲသွင်းနိုင်သည်၊

ကုမ္ပဏီမှတိုက်ရိုက်ဝယ်ယူခြင်းဖြင့် –
(၁) အမည်ပေါက် နှစ် (၆၀) ဂရံ၊ ရေ/မီးအပြည့်အစုံ။
(၂) ဝယ်ယူသူမှအခွန်ပေးဆောင်ရန်မလိုပါ။
(၃) အရစ်ကျငွေချေစနစ်ဖြင့်ဝယ်ယူနိုင်သည်။

စိတ်ချမ်းသာစွာနေချင်လျှင်
စိတ်ချမ်းသာဖို့ကောင်းတဲ့ဝန်းကျင်မှုတွေအများကြီးရှိတဲ့နေရာမှာနေမှဖြစ်မယ်။

ပေ (၈၀×၈၀) မြေပေါ်ရှိ ပြင်ဆင်ပြီး
လုံးချင်းနှစ်ထပ်တိုက်အိမ်များ၊
နှစ် (၆၀) ဂရံအမည်ပေါက်၊
အရစ်ပေါင်း (၆၀) အထိ
လစဉ်အရစ်ကျ
ငွေပေးချေ
နိုင်သည့်စနစ်၊

ပေ (၈၀×၁၀၀) ရှိ မြေကွက်များ၊
စိတ်ကြိုက်အိမ်ပုံစံဆောက်လုပ်နိုင်ပြီးရေကန်နှင့်ကပ်လျှက်ရှိသော
ကန်ရိပ်သာမြေကွက်များနှင့် မျက်နှာချင်းဆိုင်တွင်တည်ရှိသည်၊
စိတ်အေးချမ်းသာစွာအနားယူနိုင်မည့်နေရာ၊
(၅၀%)ကို အရစ်ကျ လစဉ်ခွဲသွင်းနိုင်သည်၊

FMI City အရှင်နောင်တံတားအနီး ရန်ကုန်-ဒုသိမ်လမ်းမကြီးဘေး၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၆၈၂၄၄၅ လိုင်းခွဲအမှတ် (၁၀၀၃၊၁၀၀၅၊၁၀၀၆) Fax:681955, Email: fmi-city@spa.com.mm

ဘဝနောင်ရေးစိတ်အေးဖို့
သင့်ရွှေငွေကိုအသုံးချရန်

Pun Hlaing Golf Estate
Lifestyle. Investment.

သင်၏ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးရန် ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာသို့ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

(၂၀–၈–၂၀၀၃) မှ (၃–၉–၂၀၀၃) အတွင်း တန်ဖိုးရှိသောမြေကွက်များကို အထူးဈေးနှုန်းဖြင့်ရောင်းချပေးနေပါသည်။

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကျွမ်းကျင်သူများက သင့်အားလက်ခံဆွေးနွေးရန်
အမြဲအသင့်ရှိနေပါသည်။

ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

☎- ၆၈၄၀၂၀ ~ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် ၃၃/၂၀၀၃
(၂၀၀၃ခုနှစ် ဩဂုတ်လ ၁၂ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်–

စဉ်	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	ဦးစီးအရာရှိ (မြို့ပြ)	ဗိသုကာဘွဲ့(သို့မဟုတ်) မြို့ပြအင်ဂျင်နီယာဘွဲ့	(၂) နေရာ
(ခ)	ဦးစီးအရာရှိ (အင်ဂျင်နီယာ ရေ/သန့်)	မြို့ပြအင်ဂျင်နီယာဘွဲ့	(၁) နေရာ

၂။ **လျှောက်ထားသူသည်–**
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၉-၉-၂၀၀၃နေ့တွင် အသက်၃၅နှစ် (ဝန်ထမ်းဖြစ်ပါက အသက်၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၉-၉-၂၀၀၃နေ့အရောက် ပေးပို့ရမည်။

၄။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀/–ကို သီးခြားပေးသွင်းပြီး ရာထူးအလိုက် လျှောက်လွှာသီးခြားတစ်စောင်စီ တင်သွင်းရမည်။

၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/–ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက် အမှတ် ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

၆။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၇။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှ တစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး** ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၉-၉-၂၀၀၃နေ့အရောက် ပေးပို့ရမည်။ လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၈။ ၂၇-၉-၂၀၀၃နေ့နှင့် ၂၈-၉-၂၀၀၃နေ့များတွင် အရည်အချင်းစစ် ရေးဖြေ စာမေးပွဲကျင်းပမည်။ ၂၅-၉-၂၀၀၃နေ့မှစ၍ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးများနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကိုထုတ်ပေးမည်။

၉။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း၊ မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် (၃၇၈၁၆၃) သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ဝန်ထမ်းအလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)

မကြာမီဖွင့်လှစ်တော့မည့် နိုင်ငံတကာအဆင့်မီကုန်တိုက်ကြီးတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်

1. **Manager** — **ကျား၊ မ (၁) ယောက်**
ဘွဲ့ရ၊ အသက်(၄၅)နှစ်အောက်၊ အရောင်းနှင့်ပတ်သက်သော စီမံခန့်ခွဲမှု အတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။ Marketing & Sales နှင့်ပတ်သက်သော Certificate, Diploma တစ်ခုခုရရှိသူကို ဦးစားပေးမည်။
2. **Chief Accountant** — **ကျား၊ မ (၂) ယောက်**
B.Com(C.P.A) အသက်(၃၀)မှ(၄၅)နှစ်အတွင်း Computerize Accounting အတွေ့အကြုံရှိသူ လုပ်သက်အနည်းဆုံး (၅)နှစ်ရှိရမည်။
3. **Sales Manager** — **ကျား၊ မ (၂) ယောက်**
ဘွဲ့ရ၊ အသက်(၃၀)နှစ်အောက်၊ အရောင်းနှင့်ပတ်သက်သော စီမံခန့်ခွဲမှုအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။ အင်္ဂလိပ်စကားပြောဆိုနိုင်သူဖြစ်ရမည်။
4. **Store Manager** — **ကျား၊ မ (၂) ယောက်**
ဘွဲ့ရ၊ အသက်(၃၅)နှစ်အောက်၊ ပစ္စည်းထိန်းသိမ်းထားသိုမှုနှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။
5. **Office Staff** — **ကျား၊ မ (၄) ယောက်**
ဘွဲ့ရ၊ အသက်(၃၀)နှစ်အောက်၊ ရုံးလုပ်ငန်းအတွေ့အကြုံရှိပြီး Computer (word, excel) ကို ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။ အင်္ဂလိပ်စကားပြောဆိုနိုင်သူဖြစ်ရမည်။
6. **Cashier** — **ကျား၊ မ (၆) ယောက်**
၁၀တန်းအောင်(သို့)ဘွဲ့ရ၊ အသက်(၂၀)မှ (၂၅)နှစ်အတွင်း လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။
7. **Store Keeper** — **ကျား၊ မ (၄) ယောက်**
ဘွဲ့ရ၊ အသက်(၃၀)နှစ်အောက်၊ လုပ်ငန်းအားကျွမ်းကျင်စွာလုပ်ကိုင်နိုင်ပြီး လုပ်သက်အနည်းဆုံး(၂)နှစ်ရှိရမည်။
8. **Sales Girl** — **မ (၂၀)ယောက်**
၁၀တန်းအောင်(သို့)ဘွဲ့ရ၊ အသက်(၂၅)နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။ သွက်လက်ချက်ချာပြီး ဆက်ဆံရေးပြေပြစ်သူ၊ အင်္ဂလိပ်စကားပြောဆိုနိုင်သူကို ဦးစားပေးမည်။
9. **Sales Man** — **ကျား (၅) ယောက်**
၁၀တန်းအောင်(သို့)ဘွဲ့ရ၊ အသက်(၂၅)နှစ်အောက် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။ သွက်လက်ချက်ချာပြီး ဆက်ဆံရေးပြေပြစ်သူ၊ အင်္ဂလိပ်စကားပြောဆိုနိုင်သူကို ဦးစားပေးမည်။
10. **လုံခြုံရေး** — **ကျား (၈) ယောက်**
အလယ်တန်းအောင်၊ အသက်(၃၅)နှစ်မှ (၄၅)နှစ်အတွင်း၊ အတွေ့အကြုံလုပ်သက်အနည်းဆုံး(၃)နှစ်ရှိရမည်။

အထက်ပါအရည်အချင်းနှင့်ပြည့်စုံသူများသည် ကိုယ်ရေးမှတ်တမ်း၊ ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာနှင့် လိုအပ်သောစာရွက်စာတမ်းများ ပူးတွဲလျက် ဤကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

လိပ်စာ – အမှတ်၁၂(အေ)၊ ခပေါင်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၉၅–၀၁–၅၃၇၅၉၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက်(၄/၂၀၀၃)
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၁)ရက်
(၂၀၀၃ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၃ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များနှင့် လစ်လပ်ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ–၁၂၊ ပုဒ်မ–၁၃၊ ပုဒ်မ–၁၅တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများတင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (DEPOSIT)ကျပ်တစ်သိန်းပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့်လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း/ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်းစသည်တို့အား ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာအထောက်အထား၊ စာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ/အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင် လွှဲပြောင်းခြင်းမပြုရန်နှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ခုနှစ် အောက်တိုဘာလ (၁)ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉)အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များ၊ တူးဖော်ထုတ်လုပ်ဆဲ သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များအနေဖြင့် တူးဖော်မှုနှင့် ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေအကျယ်အဝန်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် ခွင့်ပြုသက်တမ်းကာလမှာ (၃)နှစ်ဖြစ်ပြီး အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာ ကျပ်(၁၀)သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့်အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ စာသားဖြင့်ပါ တိတိကျကျဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့် သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များကို လုပ်ကိုင်မည့်ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများတင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများတင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းမရှိသည့် အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံ ဖော်ပြခြင်းမပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။
(က)**လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၃ခုနှစ် ဩဂုတ်လ၁၈ရက်မှစ၍ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။
(ခ)**အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ–၂)နှင့် ပုံစံ(သမ–၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ–၅)နှင့် ပူးတွဲပုံစံ(ဖထ–၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်း၊အပြင် ချိပ်ထိုးပြီး ၂၀၀၃ခုနှစ် ဩဂုတ်လ၁၈ရက်မှ၂၀၀၃ခုနှစ်စက်တင်ဘာလ၁၂ရက်အတွင်းမြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

စိန်မြား
ခန်းဆီးနှင့် လိုက်ကာ
၁၃၉၊ ဗားကရာလမ်း၊
စမ်းချောင်း၊
ဖုန်း –၅၃၉၉၉၈။



နိုင်ငံခြားဥစားမျိုး Layer Black

နောင်တစ်ချိန် လူတွေအားလုံး Layer Black မှ Layer Black ဖြစ်သွားစေရမည်။ ယခုပင် Brown Layer မွေးသူများ Layer Black ကို လက်ခံလာကြပြီ၊ မြန်မာပြည်တွင် အကောင်းဆုံး Layer မျိုးဖြစ်ကြောင်း အာမခံသည်။ ဥအရောင် ပန်းရောင်ရင့်ဖြစ်ရမည်။

မောင်သိန်းမောင်
ဖုန်း–၆၄၁၇၅၉၊ ၆၄၀၂၂၈၊ ၆၄၁၈၃၄။

တောင်သာမြို့နယ်မဂ္ဂဇင်း စာမူပေးပို့နိုင်ပြီ

တောင်သာမြို့နယ်အသင်း(ရန်ကုန်)၏ မြို့နယ်မဂ္ဂဇင်းအမှတ်(၇)ကို ဆက်လက်ထုတ်ဝေမည်ဖြစ်ရာ မြို့နယ်သူ၊ မြို့နယ်သားများနှင့် စိတ်ပါဝင်စားသူများသည် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးစာမူများနှင့် ဖွံ့ဖြိုးမှုမှတ်တမ်းဓာတ်ပုံများကို ပေးပို့နိုင်ကြပါပြီ။

ပေးပို့ရန်လိပ်စာ

(၁) ဒေါက်တာခင်မောင်ဆွေ၊ အမှတ်(၁၀)၊ လမ်းဆက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။

(၂) ဦးအောင်သောင်း၊ အမှတ်(၁၀)၊ ပုဂံလမ်း၊ တက္ကသိုလ်စာတိုက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

စာမူပိတ်ရက်-၁၅-၉-၂၀၀၃(တနင်္လာနေ့)။

အမြန်ရောင်းမည်

(၁) - ၆၅၀၀ စ/ပ သာကေတ၊ ရတနာ အိမ်ရာ။

(၂) - 40' x 60' ဒဂုံဆိပ်ကမ်း၊ ယုဇနအိမ်ရာအနီး။

(၃) - 40' x 60' ဒဂုံမြောက်၊ တက္ကသိုလ်အနီး။

ဖုန်း-၅၄၉၁၃၈။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်အေးကို၏ မြန်မာနိုင်ငံကူးလက်မှတ် အမှတ်-၄၂၈၉၁၄သည် ၁၁-၈-၂၀၀၃နေ့တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

အမှတ်(၂၄)၊ တာဝတိံသာလမ်း၊ ပုဇွန်တောင်မြို့နယ်။

ဦးမောင်ညိမ်း(၇၈)နှစ်

အရာခံဗိုလ်(ငြိမ်း)

ရေ-၂၉၉၈

ရုပ်ရှင်လုပ်ငန်း(ငြိမ်း)

သံတွဲမြို့နေ (ဦးဘညွန့်-ဒေါ်မယ်သန့်)တို့၏ သား၊ (ဦးရုပ်နန်-ဒေါ်သိန်းရှင်)တို့၏ သားသမက်၊ ဒေါ်မမကြီး၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ မီးဒုံးလမ်းသွယ်(၆)၊ တိုက်(၁၂၀)၊ အခန်း(၃)နေ ဒေါ်စန်းစန်းငြိမ်း(အထက-၄၊ ဗိုလ်တထောင်)၊ ဒေါ်အေးအေးငြိမ်း(စာရင်းစစ်မှူး၊သံတွဲ)၊ ဒေါ်ဌေးဌေးငြိမ်း(အမက၁၀-တောင်ဒဂုံ)၊ ဦးစိုးညွန့်ညိမ်း-ဒေါ်နီလာခင်၊ ဦးအောင်စိုးညိမ်း(ရှမ်းကန်-၃)၊ ဒေါ်သီသီငြိမ်း (Fame Electronics)တို့၏ ဖခင်၊ မောင်ထက်ဝေယံ၏ အဘိုးသည် ၁၇-၈-၂၀၀၃ရက်တွင်ကွယ်လွန်ပါ၍ ၁၉-၈-၂၀၀၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၉:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြင့်သန်း (၅၂)နှစ်

(ခေတ္တ-မလေးရှား)

ဦးတင်အောင် (အရာခံ-ငြိမ်း)-ဒေါ်ခင်စန်းတို့၏ သားကြီး၊ ဦးသိန်းဝင်း(ရဲအုပ်-ငြိမ်း) - ဒေါ်သောင်းကြည်(တကက-ငြိမ်း)တို့၏ တူ၊ ဦးမြသန်း-ဒေါ်အုံးကြည်တို့၏ သားသမက်၊ အရာခံကျော်စိုး (တကက-လျှပ်စစ်)၊ မပြုံး၊ ကိုမြင့်သိန်း(ခေတ္တ-မလေးရှား)၊ မလေး၊ကိုကြည်တင်၊ မလှလှဌေး၊ ကိုမျိုးနိုင်(ခေတ္တ-မလေးရှား)၊ မောင်ယဉ်မိုး၊ မစန်းစန်းမော်တို့၏ အစ်ကို၊ ဒုရဲမှူးသိန်းဇော်-ဒေါ်ခင်နှင်းရီ၊ တပ်ကြပ်တင့်လွင်(ယာဉ်ထိန်း) - ခင်မမကြီး၊ မောင်မောင်အောင်ဝင်း-မဆွေ၊ သန့်ဇင်အောင်ဝင်း(ခေတ္တ-မလေးရှား)တို့၏ အစ်ကို၊ ဟန်ထူးဇော်(ခေတ္တ-မလေးရှား)၊ ဆက်ထူးအောင်၊ ခန့်ကျော်သူတို့၏ ချစ်လှစွာသောမွေးသဖခင်၊ ဒဂုံမြောက်(၃၉)ရပ်ကွက်၊ သမာဓိ(၃)လမ်း၊ အမှတ်(၂၃)နေဒုရဲအုပ် မြင့်မြင့်ကြည်(ယာဉ်ထိန်း)၏ ခင်ပွန်း ဦးမြင့်သန်းသည် ၁၆-၈-၂၀၀၃ရက် မလေးရှားစံတော်ချိန် ၁:၁၅နာရီတွင် ဂျိုဟို(မလေးရှား)နိုင်ငံ၌ ကွယ်လွန်သွားပါ၍ ၁၉-၈-၂၀၀၃ရက်တွင် မလေးရှားနိုင်ငံ၌ သဂြိုဟ်ပါမည်။

(ကွယ်လွန်သူအားရည်စူး၍အထက်ပါနေအိမ်၌ ၂၂-၈-၂၀၀၃ရက် နံနက်၇နာရီမှ ၁၀နာရီထိ ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု။

ကိုဆန်းဝင်း(၃၅)နှစ်

သာကေတမြို့နယ်(၂)တောင်ရပ်ကွက်၊ မာန်ပြေ(၅)လမ်းအနောက်နေ (ဦးဝင်းရှိန်) ပြည်တွင်းရေကြောင်း(ကွမ်းသဲ)-ဒေါ်တင်ဝင်းတို့၏ သားကြီး၊ ကိုဆန်းတင့်(ပြည်တွင်းရေကြောင်း)၊ ကိုဆန်းမင်းခိုင်၊ မဖြူဖြူဝင်း(ဘဏ်-၃)၊ မောင်အောင်ဆန်းဌေးတို့၏ အစ်ကိုကြီး ကိုဆန်းဝင်းသည် ၁၈-၈-၂၀၀၃ရက်တွင်နေအိမ်၌ ကွယ်လွန်ပါ၍ ၂၀-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ကျော်ဇေယျဝင်း(ခ) ဖိုးသဲ(၉)နှစ်

စတုတ္ထတန်း(စ)၊ အမက-၄၈

ရွှေပေါက်ကံမြို့သစ်

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ်(၂၁၉)နေ ဦးဝင်းဖေ-ဒေါ်အေးမြင့်၊ ရန်ကုန်မြို့၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ်(၃၉၂)နေ (ဦးကျော်ရှိန်)-ဒေါ်ခင်စောရီတို့၏ မြေး၊ (ဦးမောင်မောင်သွင်) - ဒေါ်သီတာဝင်း(ထ-ပြ၊ အထက-၆၊ ရွှေပေါက်ကံ)တို့၏ သားငယ်၊ မောင်မင်းကိုသွင်(အထက-၆၊ရွှေပေါက်ကံ)တို့၏ ညီသည် ၁၇-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၉-၈-၂၀၀၃(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်လေးရီ (၈၈)နှစ်

(အုန်းနဲ)

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ အုန်းနဲရွာနေ (ဦးဖိုးထူး-ဒေါ်မယ်)တို့၏ သမီး၊ (ဦးဘဖေ-ဒေါ်စောရင်)တို့၏ ချွေးမ၊ (ဦးကြည်လှ)၏ ဇနီး၊ ဦးချစ်လွင်-(ဒေါ်အုန်းညွန့်)၊ (ဦးမျိုးမြင့်)-ဒေါ်အေးသန်း(စက်မှု-၁)၊ ဦးဇော်မြင့်-ဒေါ်သန်းရီ၊ ဦးချစ်ဆွေတင်-ဒေါ်ရီရီမြင့် (မြို့တော်စည်ပင်)၊ ဦးမြလှိုင် (လ/ထ မြို့နယ်ပညာရေးမှူး၊ လမ်းမတော်) - ဒေါ်တိုးကြည်(ဒေါ်ခင်သီ)၊ ဦးချစ်ကိုကိုတို့၏ မွေးသမိခင်၊ မြေး ၁၅ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား ဒေါ်လေးရီသည် ၈-၈-၂၀၀၃ ရက်တွင်ကွယ်လွန်၍ ၁၀-၈-၂၀၀၃ ရက်တွင် သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်နုနု(၇၆)နှစ်

တပ်မတော်မှတ်တမ်းရုံး(ငြိမ်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း (မြောက်)ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၇၂)နေ (ဦးအုံးသာ-ဒေါ်လှရင်)တို့၏ သမီး၊ (ဦးထွန်းခင်)-ဒေါ်ခင်မြင့်၊ (ဒေါ်စုစု)တို့၏ ညီမ၊ ဦးအုန်းလွင်-(ဒေါ်စိန်စိန်)တို့၏အစ်မ၊ ဦးစိုးမင်း-ဒေါ်ခင်ဦးမြင့်၊ ဗိုလ်မှူးလှစိန်-ဒေါ်ခင်နီလာ၊ ဦးအောင်စောဦး(မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာန)၊ ဦးတင်ထွဋ်-ဒေါ်မီမီလွင်၊ ဦးအောင်ဝင်း(ကညန)-ဒေါ်အေးအေးတို့၏အဒေါ်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၈-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၀-၈-၂၀၀၃ရက် နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်း ဒါယကာ

ဦးသိန်းထွန်း(ခ) ဦးတန်အိန်ကြိုင်း (၇၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၅၇)၊ ငုဝါလမ်း၊ (ရှစ်လွှာ/ယာ)နေ (ဦးရွှေမင်း - ဒေါ်ကျင်မြိုင်)တို့၏ သားကြီး၊ (ဦးဂင်ကျုတ်-ဒေါ်ချိုက်ဟို)တို့၏ သားသမက်၊ ဦးချစ်ဆွေ-ဒေါ်စွီဟုန် (ခေတ္တ-USA)တို့၏ အစ်ကိုကြီး၊ ဒေါ်သန်းသန်းအေး၏ ချစ်လှစွာသောခင်ပွန်း၊ မကြည်ကြည်ဝင်း၊ မောင်တင်မောင်သန်း၊ မောင်တင်မောင်ထွေး-မနန်းသဇင်တို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၁၈-၈-၂၀၀၃ရက်တွင် အကယ်ဒမီအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၀-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်လွင် (ခ) ဒေါ်တင်တင် (၅၄)နှစ်

(အလုံ)

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊အမှတ်(၁၂) ကျောက်ရေတွင်းလမ်းနေ (ဦးခင်စိန်-ဒေါ်ခင်ဖုန်)တို့၏ သမီးကြီး၊ ဦးသိန်းအောင် (ပြည်တွင်းရေကြောင်း၊ ငြိမ်း)၏ ဇနီး၊ ဦးမြလွင်-ဒေါ်ကျင်သန်း၊ (ဦးကြည်လွင်-ဒေါ်ခင်မြင့်)၊ (ဦးစံလွင်)-ဒေါ်လှကြည်၊ ဦးကျော်လွင်-ဒေါ်နုနုယဉ်၊ (ဦးဘကြည်)-ဒေါ်သန်းသန်းတို့၏ညီမ၊ ဦးသန်းထွန်း-ဒေါ်အေးအေးလွင်၊ ဦးတင်အောင်-ဒေါ်စန်းတင့်တို့၏ အစ်မ၊ မောင်လှထွန်း (ခေတ္တ-အင်္ဂလန်)၊ မောင်ကျော်ဌေး (ခေတ္တ-စင်ကာပူ)၊ (မောင်နိုင်ဝင်း)တို့၏ ချစ်လှစွာသောမိခင်သည် ၁၇-၈-၂၀၀၃ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၉-၈-၂၀၀၃ ရက်တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ ညနေ ၃:၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ ရဟန်း၊သိမ်ဒါယိကာမကြီး

ဒေါ်တင်လှ(၈၃)နှစ်

(ကျုံပျော်မြို့နယ်)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်လမ်းမကြီး၊ ဇောတိကအိမ်ရာ၊ တိုက်အမှတ်(စီ-၁)၊ အခန်း(၀၀၁)နေ (ဦးအန့်-ဒေါ်သိန်း)တို့၏ ဒုတိယသမီး၊ (ဦးဘိုးထင်-ဒေါ်ရွှေအုံ)တို့၏ချွေးမ၊ (ဦးသန်းညွန့်)၏ဇနီး၊ ဦးလှသွင်-ဒေါ်ခင်အေးကြွယ်၊ (ဦးမင်းထိုက်)-ဒေါ်ရင်ရင်မြင့်၊ ဦးစိန်ဖေ၊ ဒေါ်ခင်ခင်ဌေး၊ ဦးလှမင်း-ဒေါ်လှလှဝင်း၊ ဦးဌေးအောင်-ဒေါ်အေးအေးချို၊ ဦးရဲမြင့်(ဘိုဘို)-ဒေါ်ခင်သန်းနွဲ့၊ ဦးသက်ဦး-ဒေါ်အေးအေးခိုင်(ဘေဘီ)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး၂၀ယောက်၊ မြစ်၁၅ယောက်တို့၏အဘွားသည် ၁၇-၈-၂၀၀၃ရက် ညနေ၆:၅၈ နာရီတွင် အာရှတော်ဝင် နှလုံးအထူးကုကြပ်မတ်ကုသဆောင်၌ ကွယ်လွန်ပါသဖြင့် ၁၉-၈-၂၀၀၃(အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁:၄၅နာရီ တွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစွန်ခွန်လန်း(ခ) ဦးသိန်းအောင် အသက်(၇၆)နှစ်

စွန်ညီနောင်စွန်မင်းခေါက်ဆွဲ၊ မြူစွမ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၇) လမ်း၊ အမှတ်(၅၆)နေ ဒေါ်လင်ရှုတင်(ခ) ဒေါ်အေးကြည်၏ ခင်ပွန်း၊ (ဦးသိန်း မောင်-ဒေါ်ကျင်စိန်)၊ ဦးကြည်မောင်-ဒေါ်တင်ကြည်တို့၏ ညီ၊ ဦးကောက်-ဒေါ်ညို၊ (ဦးမြင့်ဆွေ)-ဒေါ်ခင်ခင်အုန်း၊ ဦးကျော်ထွန်း-ဒေါ်သန်းသန်းမြင့်၊ ဦးမျိုး ဝင်း-ဒေါ်သန်းသန်းအေးတို့၏ အစ်ကို၊ တူ၊တူမ၂၈ယောက်တို့၏ ဘကြီး ဦးစွန်ခွန်လန်း (ခ) ဦးသိန်းအောင်သည် ၁၈-၈-၂၀၀၃ရက်တွင် နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၀-၈-၂၀၀၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှ ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးဘိုနီအသက်(၈၀)

Cheung Hing Timber Co.,Ltd.

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဗိုလ်စိန်မှန်လမ်း၊ အမှတ်(၂၀)နေ (ဦးဘိုးကောင်း-ဒေါ်ကျင်မြိုင်)တို့၏ သား၊ ဒေါ်အမာ(ဒေါ်စိန်အိ)-ဦးထွန်းမြင့်တို့၏ ညီ/မောင်သည် ၁၈-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၀-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်း ဒါယကာကြီး

ဦးကျော်လှိုင်(၇၈)နှစ်

တောင်လုံးပြန်(ပုဇွန်တောင်)

(ခရမ်း)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ အမှတ်(၂)သီရိမင်္ဂလာလမ်းနေ (ဦးဘခင်-ဒေါ်ငွေနု)တို့၏ သား၊ (ဦးစံထွန်း-ဒေါ်အေး)တို့၏သမက်၊ ဒေါ်တင်ကြူ(ခ) ဒေါ်အုံးကြည်၏ ခင်ပွန်း၊ ဦးသက်ညွန့်-ဒေါ်ဖြူဖြူဝင်း၊ ဦးသန်းအောင်-ဒေါ်သန်းသန်းဌေး၊ ဦးတင်ဦး-ဒေါ်ခင်အုန်းမြင့်၊ ဦးသန်းနိုင်(ခ)ဦးသူရဦး-ဒေါ်ခင်စန်းမြင့်၊ ဦးဝင်းမြင့်-ဒေါ်အေးအေးတင်၊ ဦးမြင့်သူ-ဒေါ်နီနီအောင်၊ ဦးသူရ-ဒေါ်စန်းစန်းတင်တို့၏ ဖခင်၊ မြေး ၁၇ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၁၈-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂၀-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အမှတ်-၂၊ သီရိမင်္ဂလာလမ်း တောင်လုံးပြန်ရပ်ကွက်နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ လမ်း၊ရေကန် ဒါယိကာမကြီး

ဒေါ်လှရှင်(၇၂)နှစ်

(ကျိုက်ထော်)

ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ ကျိုက်ထော်သရက်တောပိုင်းနေ (ဦးပါ-ဒေါ်မြမေ)တို့၏သမီး၊ ဦးထွန်းရွှေ၏ဇနီး၊ ဒေါ်တင်တင်ဝင်း၊ ဦးသန်းလွင်-ဒေါ်မြင့်မြင့်(ကွမ်းခြံ၊ သီရိမင်္ဂလာဈေး)၊ ဦးထွန်းဆန်း-ဒေါ်အေးသန်း၊ (ဦးညွန့်သောင်း-ဒေါ်ခင်စီဝင်း)၊ ကိုဝင်းဇော်-မသင်းသင်းအေး (နိုင်လင်းအေးသံဆိုင်)၊ ကိုမျိုးဝင်းမြင့်-မမော်မော်ထွန်း၊ ကိုကျော်ဟိန်း-မမိမိချို၊ ကိုနေလင်းထွန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၈ ယောက်တို့၏ အဘွားသည် ၁၇-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၉-၈-၂၀၀၃(အင်္ဂါနေ့) နံနက် ၁၁:၃၀ နာရီတွင် ကျိုက်ထော်သုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

ဦးတင်သိန်း(၆၇)နှစ်

(တပ်ထိန်း)

တပ်မတော်-လေ(ငြိမ်း)

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၉၈၈)နေ (ဦးစိန်-ဒေါ်ပု)တို့၏ သား၊ (ဦးဘိုးပြောင်-ဒေါ်ဖန်)တို့၏ သားသမက်၊ (ဦးကြည်)-ဒေါ်ရီ၊ (ဦးသောင်းရွှေ-ဒေါ်မြသိန်း)၊ ဦးစံသိန်း-ဒေါ်တင်စိန်တို့၏ မောင်၊ ဦးဌေးမြင့်-ဒေါ်စုတင်၊ ဦးကြည်-ဒေါ်တင်ဥတို့၏ အစ်ကို၊ ဒေါ်တင်တင်ရှိန် (မင်္ဂလာဈေး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်မင်းသိန်း၊ ဒေါ်မိုးသန္တာ၊ မသီတာသိန်း၊ ကိုတင်မင်းသိန်း၊ မချယ်ရီထွေး၊ မမေမြင့်မြင့်အေး၊ မအေးသန္တာတို့၏ ဖခင်၊ မအိသန္တာကျော်၊ မထက်ထက်လင်းလက်ကျော်တို့၏ အဘိုးသည် ၁၇-၈-၂၀၀၃ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၉-၈-၂၀၀၃(အင်္ဂါနေ့)ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ကိုအီကြူ(ခ)ဒေါ်အင်ကြူ အသက် (၈၅)နှစ်

(မြိတ်)

မြိတ်မြို့၊ အမှတ်(၂၁)၊ စီလမ်း၊ ထားဝယ်စုရပ်နှင့် ရန်ကုန်မြို့ အမှတ်(၉) စကားဝါလမ်း၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်နေ [ဦးစိန်ဟုတ်(ခ)ဦးစင်ဟို]၏ ဇနီး၊ ဦးအောင်စိုး-ဒေါ်ထားထားမေ၊ ဦးစိုးဝင်း-ဒေါ်သင်းသင်းခိုင် (ဂုဏ်ရုံဘေးလက်ဘက်ရည်ဆိုင်-မြိတ်)၊ ဒေါ်ရှုအိ-ဦးရီခင်(ခေတ္တ-USA)၊ ဒေါ်ရှုတင်-ဦးအောင်သိန်း (မိုးကောင်းမုန့်တိုက်-၁၈လမ်း)၊ ဒေါ်ခင်မွှေးမွှေး-ဦးအေးထွန်း(မန္တလေး)၊ ဦးအင်စိုး-ဒေါ်နိုင်နိုင်မွန် (Min Tun Trading Co.,Ltd)၊ ဦးမြတ်စိုး-ဒေါ်နန်းဖောင်းကျော့ (၄လမ်း၊ လမ်းမတော်)၊ ဦးစိုးမိုးတို့၏ မွေးသမိခင် မြေး ၁၄ယောက်တို့၏အဘွားသည် ၁၇-၈-၂၀၀၃ရက်တွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၁-၈-၂၀၀၃ (ကြာသပတေးနေ့)နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ်-၉ စကားဝါလမ်း၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်နေအိမ်နှင့် မြိတ်အသင်း၊ လှည်းတန်းလမ်းမှ ကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွန်းအောင် အသက်(၇၃)နှစ်

အငြိမ်းစားထောင်မှူးကြီး

ခရိုင်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌဟောင်း

ကျောက်ဖြူမြို့၊ ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ တဲနန်းပြင်ကျေးရွာနေ (ဦးယောင်း-ဒေါ်ကြည်)တို့၏ သား၊ မင်းပြားမြို့နယ်၊ ဆင်အိုးကျေးရွာနေ (ဦးပိန်-ဒေါ်ခွေးမ)တို့၏ သမက်၊ ကျောက်ဖြူမြို့၊ တောင်ရင်းကွက်သစ်ရပ်၊ အမှတ်(၆၅)နေ ဒေါ်ကြာ၏ခင်ပွန်း၊ ရန်ကုန်မြို့၊ အမှတ်(၁၆၉)၊ စီမံကိန်း(၂)၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပနေဦးကင်း၊ ကျောက်ဖြူမြို့၊ အရာရှိရပ်ကွက်နေ (ဦးကျေးဒေါင်း)တို့၏ ညီ၊ မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နေ ဒုအရာခံဗိုလ်မောင်မောင်-မခင်မြ၊ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်နေ ထောင်မှူးဦးထွန်းအေး(B.Sc, Bot)၊ ရန်ကုန်တိုင်း၊ မှော်ဘီမြို့၊ ရုံးပေါင်းစုလမ်း(ဥပဒေရုံးရှေ့)နေ မလှလှအောင်(နှင်းဆီခြံလုပ်ငန်း)၊ မောင်ထွန်းဇော်(A.G.T.I, Mech. B.A, Geo)တို့၏ ချစ်လှစွာသောမွေးသဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၄-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၆-၈-၂၀၀၃ရက်တွင် မှော်ဘီမြို့ တပ်ကြီးကုန်းသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာ

ဦးဇော်ဝင်း(ခ)ဦးပန်ချာ အသက်(၅၃)နှစ်

Lacoonte Eyes Food Antique Shop

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ်(၂၄၈)၊ သစ္စာလမ်းနေ(ဦးစိန်ဝင်း-ဒေါ်အေး)တို့၏ သား၊ ဒေါ်မာလာ၏ ခင်ပွန်း၊ ကိုဇော်ဦး၊ ကိုဝင်းဇော်၊ မစန္ဒာဇော်၊ ကိုဇော်ဝင်းသန်း၊ ကိုဇော်ဇော်၊ မသန္တာဇော်တို့၏ ဖခင်သည် ၁၈-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၉-၈-၂၀၀၃(အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ ညနေ ၃:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြင်မေ (၉၇)နှစ်

မင်းလှမြို့၊ ပဲခူးတိုင်း

ပဲခူးတိုင်း၊ မင်းလှမြို့၊ မြို့သစ်ရပ်ကွက်နေ (ဦးစိုးမင်း-ဒေါ်ငွေရင်)တို့၏ ဇနီး၊ (ဦးတော်ဘွန်ခေါ်)-ဒေါ်ကြင်ထွေး၊ ဦးချွေး-(ဒေါ်ကြင်ပေါင်)၊ (ဦးရွှေ-ဒေါ်သန်း)၊ ဦးချစ်စံ-ဒေါ်ကြင်ရှု၊ ဦးအောင်ဆန်း-ဒေါ်ရင်ရင်၊ ဦးမြင့်ဇော်-ဒေါ်တင်တင်ဦး၊ ဦးငေါ်ကြင့်ကျွမ်၊ ဦးငေါ်ရှင်ကျွမ်း၊ ဦးသိန်းဇော်-ဒေါ်ဇင်မာသွယ်၊ ဦးညိုတိုး-ဒေါ်ခင်ခင်အေး၊ ဦးအေးမြင့်-ဒေါ်ချိုချိုတို့၏ မိခင်၊ မြေး ၃၈ယောက်၊ မြစ် ၅၃ယောက်၊ တီ ၂၅ယောက်တို့၏ အဘွားသည် ၁၇-၈-၂၀၀၃ရက် ညနေ ၅:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၀၃(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် မင်းလှမြို့ တရုတ်သင်္ချိုင်းသို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေး၊ရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစွန်ခွန်လန်း(ခ) ဦးသိန်းအောင် အသက်(၇၆)နှစ်

စွန်ညီနောင်-စွန်မင်းခေါက်ဆွဲ မြူစွမ်

ရန်ကုန်မြို့၊လသာမြို့နယ်၊ (၁၇)လမ်း၊ အမှတ်(၅၆)နေ ဒေါ်လင်ရှုတင်(ခ) ဒေါ်အေးကြည်၏ခင်ပွန်း၊ ဦးခင်အောင်-ဒေါ်ခင်စန်းဝင်း၊ ဦးခင်မောင်-ဒေါ်ခင်သန်းမြင့်၊ ဒေါက်တာလှလှရီ-ဦးထွန်းဝင်းအောင်၊ ဒေါ်လှလှဝင်း-ဦးမြဝင်း၊ ဦးခင်ဇော်-ဒေါ်စန်းစန်းအေး၊ ဦးဝင်းအောင်-ဒေါ်စန္ဒာဝင်း၊ ဦးဝင်းမောင်-ဒေါ်သင်းသင်းရီတို့၏ ဖခင်၊ မြေး ၁၄ယောက်တို့၏အဘိုး ဦးစွန်ခွန်လန်း(ခ) ဦးသိန်းအောင်သည် ၁၈-၈-၂၀၀၃ရက်တွင် နေအိမ်၌ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၀-၈-၂၀၀၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မခင်စန်းရီ (၄၄) နှစ်

ပလတ်စတစ်စက်ရုံ၊ အမှတ် (၂)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ တကောင်ဘွားလမ်း၊ အမှတ်(၄၆)နေ(ဦးညွန့်လွင်)-ဒေါ်ညွန့်မေတို့၏ သမီး၊ ဦးခင်မောင်အုန်း(MEPE)-ဒေါ်ခင်အေးချို(အလက-၂၊ မရမ်းကုန်း)တို့၏ ညီမ၊ ဒေါ်ချိုချိုလွင်(ဆေးဝါးပတ်တီးစက်ရုံ၊ မရမ်းကုန်းမြို့နယ်)၊ ဦးတင့်လွင်-ဒေါ်စန်းစန်းရီတို့၏ အစ်မသည် ၁၇-၈-၂၀၀၃(တနင်္ဂနွေနေ့)တွင် အလုပ်သမားဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၉-၈-၂၀၀၃(အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမျိုးမြင့်(ခ)ဦးဂျော်နီ အသက်(၄၀)

(တောင်ဒဂုံ)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ဦးလွန်းမောင်လမ်း၊ (၉-၁၂/၃)နေဦးဘမြင့်-ဒေါ်အေးကြည်တို့၏ သားကြီး၊ တောင်ဒဂုံမြို့နယ်၊ (၁၉)ရပ်ကွက်၊ မြရည်နန္ဒာလမ်း၊ အမှတ်(၉၅၄/ခ)နေ ဒေါ်သန်းသန်းဦး၏ခင်ပွန်း၊ကိုတင်ယု-မလှမြင့်အေး၊ကိုမျိုးတင့်၊ ကိုအောင်သက်ဝင်း-မလှမြင့်ဌေး၊ ကိုမျိုးအောင်-မသီသီဝင်းတို့၏ အစ်ကိုကြီး၊ မကလျာ(ခ) ပါဘုစ်၊ မောင်ဟန်သာဟိန်း၊ မအိသက်စံတို့၏ ဖခင်သည် ၁၄-၈-၂၀၀၃ (ကြာသပတေးနေ့) ည ၁၁:၁၅ နာရီတွင် ကွယ်လွန်ပါ၍ ၁၆-၈-၂၀၀၃ (စနေနေ့) ညနေ ၄နာရီတွင် ရေဝေး သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

မောင်သိန်းစိုး(ခ)လွန်လွန်း အသက် (၃၉)နှစ်

ဟဒယကဖီး (ပဲခူး)

ပဲခူးမြို့၊ အမှတ်(၁၄)၊ မင်းလမ်း၊ ဇိုင်းဂနိုင်းတောင်ပိုင်းနေ ဦးမောင်ခိုင်-ဒေါ်တင်အေး (ဟဒယကဖီး)၊ ဦးတင်ထွန်း-ဒေါ်စန်းရီတို့၏ သား၊ ကိုခင်စိုး-မသန်းသန်းလွင်တို့၏ ညီ၊ ကိုစိန်ကြီး-မအေးအေးခိုင်၊ ကိုချန်ထွန်း-မသင်းသင်းခိုင်၊ ကိုစိုးနိုင်- မနီနီခိုင်၊ ကိုအောင်သက်ခိုင်တို့၏ အစ်ကို၊ မအိကေခိုင်၊ မောင်မျိုးမင်းခန့်၊ မရတနာမိုး၊ မောင်စန်းလွင်တို့၏ဖခင်၊ မဝါဝါမိုး၏ခင်ပွန်းသည် ၁၇-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၉-၈-၂၀၀၃ (အင်္ဂါနေ့) မွန်းတည့်၁၂ နာရီတွင် ဦးမောင်ခိုင်-ဒေါ်တင်အေးတို့၏ နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဒေါ်ခင်ခင်အေး (Mrs. Thar Hlaing) အသက်(၇၄)နှစ်

၁၄-၈-၂၀၀၃(ကြာသပတေးနေ့)တွင် ခရစ်တော်၌အိပ်ပျော်ခဲ့ပြီး ၁၆-၈-၂၀၀၃(စနေနေ့)တွင်သဂြိုဟ်ပြီးစီးခဲ့ပြီဖြစ်သော ဒေါ်ခင်ခင်အေး(Mrs. Thar Hlaing)အား နာမကျန်းဖြစ်နေစဉ်တွင် မေတ္တာထားပြီး ဆေးကုသစောင့်ရှောက်ပေးခဲ့ကြသော ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဈာပနကိစ္စတွင် အစမှအဆုံးတိုင် လိုလေသေးမရှိအောင် မေတ္တာထား၊ ကူညီပေးခဲ့ကြသော နှစ်ခြင်းအသင်းတော်များ၊ သင်းအုပ်ဆရာကြီးများ၊ အသင်းသူအသင်းသားများ၊ ဝမ်းနည်းကြောင်းအားပေးနှစ်သိမ့်ခဲ့ကြသော ပြည်တွင်းပြည်ပမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများ ပေးပို့ကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာကျော်မြင့်နိုင် (ဌာနမှူး၊ အရိုးရောဂါကုပညာဌာန၊ ဆေး-၁)နှင့် ဒေါက်တာ ဒေါ်ခင်မြတ် (ဒါရိုက်တာ၊ ဗဟိုရ်စည်ဆေးရုံ) တို့၏ ဖခင် ဦးဖေတင်(၉၃)နှစ် (ဗဟိုတရားရုံးရှေ့နေကြီး)သည် ၈-၈-၂၀၀၃ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆေးရုံအုပ်ကြီးနှင့် ဆေးရုံမိသားစု အရိုးရောဂါအထူးကုဆေးရုံကြီး။

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဆရာဝန်အသင်း အရိုးရောဂါကုအဖွဲ့ဥက္ကဋ္ဌပါမောက္ခ ဦးကျော်မြင့်နိုင်-ဒေါက်တာဒေါ်ခင်မြတ်တို့၏ဖခင် ဦးဖေတင် ကွယ်လွန်ကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းပါကြောင်း။

အရိုးရောဂါကုအဖွဲ့

မြန်မာနိုင်ငံဆရာဝန်အသင်း။

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဆရာဝန်အသင်း အရိုးရောဂါကုအဖွဲ့ အလုပ်အမှုဆောင်၊ တပ်မတော်အရိုးရောဂါကုဆေးရုံ(ခုတင်-၅၀၀)တပ်မှူးကြီး ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်း-ဒေါ်ရီရီဝင်းတို့၏ဖခင် ဒုတိယဗိုလ်မှူးကြီး ကျော်မင်း(အငြိမ်းစား) ကွယ်လွန်ကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းပါကြောင်း။

အရိုးရောဂါကုအဖွဲ့

မြန်မာနိုင်ငံဆရာဝန်အသင်း။

ဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းအေး(ရွှေယမုံကုမ္ပဏီလီမိတက်)၏ဖခင် ဦးအောင်ညို ပုသိမ်(၆၈)နှစ်သည် ၁၂-၈-၂၀၀၃ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

Packers' Group။

ဝမ်းနည်းကြေကွဲခြင်း
သီဟသုဓမ္မသိင်္ဂီ ဒေါ်မော်လီတင်(ခ) ဒေါ်ဆွေဆွေလတ် (၅၇)နှစ်

(အမှုဆောင်)

၁၄-၈-၂၀၀၃(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်ကြီးဥက္ကဋ္ဌ

သီရိသုဓမ္မ မဏိဇောတဓရ ရွှေပင်ငွေပင် ဦးသန်းထွန်းနှင့် အမှုဆောင်အဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သီတာစိန်(၄၈)နှစ်

အထက်တန်းပြဆရာမ

အထက(၅)၊ ရှမ်းတဲ

(မိတ္ထီလာ)

မိတ္ထီလာမြို့၊ ရတနာမာန်အောင်ရပ်၊ နယ်မြေ(၁)၊ အမှတ်(၈-၉၁)၊ နွေးထွေးရပ်ငြိမ်ရပ်နေ ဦးလှစိန်(အငြိမ်းစားအခွန်ဝန်)-ဒေါ်ကြည်ကြည်လှတို့၏ သမီး၊ဦးကျော်လှိုင်၏တူမ၊ပါမောက္ခဒေါက်တာခင်မောင်ဝင်း-တွဲဖက်ပါမောက္ခ ဒေါက်တာခင်လေးရီတို့၏ ညီမ ဒေါ်သီတာစိန်သည် ၅-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ နှမြောတသဝမ်းနည်းကြေကွဲရပါသည်။ ဆရာမလေး ဒေါ်သီတာစိန် ကောင်းမွန်ရာဘုံဘဝသို့ ရောက်ရှိနိုင်ပါစေ။

ဖိုးဖိုးလေး(ရန်ကုန်)။

သုံးဆယ်မြို့နယ်အသင်း(ရန်ကုန်)

ဒေါ်ရင်ရင် (၇၃)နှစ်

(ဦးစိန်-ဒေါ်နု)တို့၏ သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်လမ်း၊ ခြံအမှတ်(၂၃၀/စီ-၁)နေ (ဦးဘချစ်)၏ ဇနီး ရာသက်ပန်အသင်းဝင်သည် ၁၅-၈-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၁၉-၈-၂၀၀၃(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)အမှုဆောင်အဖွဲ့။

ပန်းချီအောင်ကျော်စိန် အသက်(၅၉)နှစ်

(မြို့လှ)

ပဲခူးတိုင်း၊ မြို့လှမြို့နေ ဦးလှရွှေ-ဒေါ်လှရင်တို့၏ သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ အမှတ်(၁၄၄)နေ ဒေါ်ညွန့်ညွန့်ဝင်း၏ခင်ပွန်း၊ ဦးရန်ကြီးအောင် - ဒေါ်ခင်သန်းတို့၏ အစ်ကို၊ ကိုထင်လင်းကျော်-မဝင်းရီ၊ မခိုင်ခိုင်ဝင်း (ဗိုလ်တထောင်စည်ပင်)၊ မောင်ဝင်းအောင်၊ မောင်သက်အောင်တို့၏ ဖခင်သည် ၁၇-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၁-၈-၂၀၀၃ (ကြာသပတေးနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၁:၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး

ဒေါ်စောမြင့်(၆၃)နှစ်

(သံတွဲ၊စစ်တွေ)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ၁ရပ်ကွက်၊ သုမိတ္တာ(၃)လမ်း၊ အမှတ်(၇)နေ ဦးလှမောင်(အထူးတန်းစခအ၊ငြိမ်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)၏ ဇနီး၊ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်နေ ဦးဇော်ဝင်း(ရဲ-တက)-ဒေါ်စပယ်ထွန်း(အလပြ)၊ဦးစိုးစိုး-ဒေါ်ခင်ညွန့်ရီ၊ ဦးအေးထွန်း(ဒိုင်းမွန်းအဲရိုး)-ဒေါ်တင်တင်မြင့်၊ ကိုမြင့်ထွန်း(စာရင်းကိုင်-၃၊ဘဏ္ဍာရေး၊မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်) မမေနီမြင့်(အေဝမ်းအထည်ချုပ်)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မသဇင်ဝင်းထွန်း၊ မသဇင်စိုး၊ မောင်ဖြိုးဟိန်းစိုး၊မောင်ဇေယျာဝင်း၊ မစိုးစိုးဟိန်း၊ မသဇင်ဟိန်းအောင်၊ အေးသဇင်ဖြိုးအောင်၊ မောင်ခိုင်ဖြိုးလင်း၊ မောင်အေးရာဇာဖြိုးတို့၏ အဘောင်ရှင်သည် ၁၇-၈-၂၀၀၃ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၉-၈-၂၀၀၃(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၈၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

မြန်မာ့ လယ်ယာသုံး စက်ကိရိယာ စက်ရုံ

မန္တလေးတိုင်း ကျောက်ဆည်မြို့ အင်းကုန်းရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံကို တွေ့ရစဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ကျောက်ဆည်မြို့ အင်းကုန်းရွာ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား

ရန်ကုန် ဩဂုတ် ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်လိုက်ပါလျက် ဩဂုတ် ၁၆ရက် ညနေပိုင်းတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့ အင်းကုန်းရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံသို့ ရောက်ရှိကြရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်၊ စက်ရုံမှူး ဦးအောင်မြင့်နှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စက်ရုံအစည်းအဝေးခန်းမ၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ၏ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စက်ရုံ၌ တပ်ဆင်ထားသော စက်အစိတ်အပိုင်းများ၊ စက်ရုံမှ လယ်ယာသုံး စက်ပစ္စည်းများ ထုတ်လုပ်မည့်အစီအစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံရှိ အလုပ်ရုံများ တည်ရှိမှု အကွက်ချပုံစံ၊ တစ်နှစ်လျှင် လက်တွန်းထွန်စက် အစီး ၁၀၀၀၀ နှင့် စပါးရိတ်စက် အစီး ၅၀၀၀ ထုတ်လုပ်ရန် လျာထားဆောင်ရွက်နေမှု၊ အလုပ်ရုံအလိုက် ဆောင်ရွက်နေသည့် လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

လက်ဆောင်ပေးအပ်

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံမှ တရုတ်ပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံရှိ ဓာတ်ခွဲခန်းနှင့် အရည်အသွေးစစ်ဆေးရေးဌာနတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံမှ ထုတ်လုပ်ထားသော ရိတ်သိမ်းခြွေလှေ့စက်များကို ကြည့်ရှုကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံရှိ အင်ဂျင်အစိတ်အပိုင်းများ၊ ဂီယာအိမ်အစိတ်အပိုင်းများ ထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်းဆောင်ရွက်နေသည့် အမှတ်(၁)အလုပ်ရုံ၊ လက်တွန်းထွန်စက် ကိုယ်ထည်အစိတ်အပိုင်းများ ထုတ်လုပ်ခြင်း၊ အင်ဂျင်များတပ်ဆင်ခြင်း၊ အင်ဂျင်များ စမ်းသပ်လည်ပတ်ခြင်း၊ ဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် အမှတ်(၂) အလုပ်ရုံ၊ ဂီယာနှင့် ရှတ်အမျိုးမျိုးထုတ်လုပ်ခြင်း၊ စက်ကိရိယာများ ပြုပြင်ထိန်းသိမ်းခြင်း၊ သံထည်ပစ္စည်းများ၏ အမာသတ္တိ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် အမှတ်(၃)အလုပ်ရုံနှင့် သံရည်ကျိုပုံသွင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေသည့် သံရည်ကျိုအလုပ်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် တာဝန်ရှိသူများက လိုက်လံပြသ ရှင်းလင်းကြသည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဘဝသံသရာကွေ့ လမ်းပိုင်း တိုးချဲ့ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုး–တောင်လေးလုံးလမ်း ဘဝသံသရာကွေ့လမ်းပိုင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်ဦးဆောင်၍ ကာယ၊ ဉာဏ ဝန်ထမ်းများက လမ်းနံဘေးကျောက်တောင်များကိုဖြိုခွင်း၍လမ်းသားတိုးချဲ့ခြင်း၊ တောခုတ်ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ ဖောက်လုပ်ထားသည့် လမ်းအကွေ့ကြောင်းနှင့် ဘဝသံသရာတံတားကို ဩဂုတ် ၁၃ ရက်က ဤသို့ တွေ့ခဲ့ရသည်။

(သတင်းမှတ်စု–သိန်းဝင်းလတ်) (ဓာတ်ပုံ–သွင်အေး၊ ကြေးမုံ)